www.burmeseclassic.com

လုံးချင်းဝတ္ထုသစ်

# လဝန်းသာသာ

ပန်းအကြွေမခြောက်ခင် စမ်းရေမနောက်ခင်
အလွမ်းတွေပျောက်ပါစေ




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# လဝန်းသာသာ

ပန်းအကြွေမခြောက်ခင်
စမ်းရေမနောက်ခင်
အလွမ်းတွေမပျောက်ပါစေ

www.burmeseclassic.com

www.burmeseclassic.com



"ဒိန်း . . . ဒလိန်း"

တဖေါ်ဖေါ်ရွာနေတဲ့ မိုးစက်တွေကြားမှာ ပတ်ဝန်းကျင် တစ်ခု လုံး မည်းမှောင်နေသည်။ ဖလပြင်းတွေက မိုးရေတွေကြား ဗိုးခနဲ တိုက်ခတ်လိုက်တော့ တရှဲရှဲမြည်သံက ချောက်ချားစရာ ကောင်းအောင် ထွက်ပေါ်လာသည်။

သူမ ဘယ်ရောက်နေတာလဲ။

အနောက်ဘက်ကောင်းကင်က ဝင်းခနဲ လက်သွားခြင်းနှင့် အတူ လွန်ကဲသော အလင်းက ဝန်းကျင်ကို ရိုက်ခတ်လိုက်သည်။

၉ လဝန်းကုဋ္ဌေစာပေ ၉

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တရားရုံးတစ်ခုထဲ သူမ ရောက်နေတာပါလား။

ဟင် . . . မောင် သူမရှေ့တည့်တည့်တွင် သူမကို စူးစူးရဲရဲ စိုက်ကြည့်နေသည်။

ပတ်ဝန်းကျင်က လုံးဝမှောင်အတိကျသွားပြန်သည်။

ရှေ့မှာ မောင်ရှိနေတာလား၊ သူမ ခြေတစ်လှမ်းတိုးဖို့ ပြင်လိုက်သည်။ ခြေတွေက ခဲဆွဲထားသလို လေးနေသည်။ လှုပ်၍ မရ။

အားနည်းသော အလင်းရောင်တစ်ခု ကျရောက်လာသည်။ မှိန်ဖျော့ဖျော့ အလင်းရောင်နှအောက်တွင် ပတ်ဝန်းကျင်က သဲကွဲသွားသည်။

စူးရဲသော မောင့်မျက်လုံးများ၊ နာကြည်းခြင်းတွေ၊ ဒေါသ မီးတွေ . . . ။ လက်ထိပ်တန်းလန်းနှင့် မောင့်ဘေးမှာ ရဲသားနှစ် ယောက် ရပ်နေသည်။





"မောင်"

သူမ ခေါ်လိုက်သော်လည်း အသံက ထွက်မလာ။ သူမ ရှေ့တိုးဖို့ ပြင်လိုက်သည်။ အန်တီလေး။ ဦးနှောက်ထဲတိုးဝင်လာ သော နာမတစ်ခုက သူမခြေလှမ်းများကို တွဲခနဲ ဆွဲလိုက်သည်။ သူမပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် ကြည့်လိုက်သည်။

တရားသူကြီးထိုင်ခုံတွင် တရားသူကြီး မရှိ။ ခုံတန်းတွင် ထိုင်နေကြသော လူတွေ တစ်ယောက်မှမရှိ၊ အန်တီလေးလည်း မရှိ။

သူမ ဝမ်းသာသွားသည်။ ထိုစဉ် ရဲနှစ်ယောက်က မောင့်ကို ဆွဲခေါ်သွားသည်။

မောင် . . .

သူမ အားကုန်အော်ကာ အတင်းပြေးလိုက်သည်။

"မဟုတ်ဘူး . . . မှားနေတာ။ ကျွန်မတို့နှစ်ဦး သဘောတူ



www.burmeseclassic.com

www.burmeseclassic.com



နိုးပြေးခဲ့တာပါ"

သူမ ဘယ်လိုအော်အော် အသံက ထွက်မလာ။ အတင်းပြေးလိုက်နေသော်လည်း မောင်တို့ကို မမီ။ သူမ မောပန်းလာသည်။ ဟင့်အင်း . . . ရပ်လို့မဖြစ်။

"ဒိန်း"

မိုးခြိမ်းသံနှင့်အတူ သူမ ဝေါက်ခနဲ ထထိုင်ပြီးသား ဖြစ်သည်။ အပြင်မှာ မိုးသံလေသံနှင့် ဖအေးစိမ့်နေတာတောင် သူမ ကိုယ်လုံး ချွေးတွေ ပြန်နေသည်။

အိပ်မက်ထဲမှာ အားသွန်ပြေးခဲ့ရလို့လား မသိ။ လူက မောပိုက်နေသည်။ မိုးသည်းညတွေတိုင်း ခြောက်လှန့်သည့် ဒီအိပ်မက်ဆောင်းရိပ်အောက်က သူမ ဘယ်တော့ လွတ်မြောက်နိုင်မှာလဲ။

ဘေးနားက ရွေ့လျားသံကြောင့် သူမ လှည့်ကြည့်လိုက်





တော့ စောင်လွတ်လျက် ကွေးကွေးလေးအိပ်နေသော သားကိုတွေ့ရသည်။

စောင်ကို ဆွဲယူကာ မေးဖျားထိရောက်အောင် ခြုံပေးလိုက်ပြီး သား၏ ဆံနွယ်များကို ပွတ်သပ်ပေးလိုက်သည်။

ဒူးကို လက်ဖြင့် ပိုက်ပြီး မေးဖျားကို လက်ပေါ်တင်ကာ သား၏ နုငယ်သောမျက်နှာလေးကို တစိမ့်စိမ့်ကြည့်နေမိသည်။

သူမ၏ဘဝမှာ အရာအားလုံး ပျောက်ကွယ်ဆုံးရှုံးသွားပြီး နောက်ဆုံးပိုင်ဆိုင်ခွင့်ရခဲ့တာက ဒီသားလေးတစ်ယောက်သာ။

သား၏မျက်နှာကို ငေးကြည့်ရင်း သူမရင်ထဲ အားတွေရောက်လာသလိုပင်။ သားလေးကြောင့်သာ မဟုတ်လျှင် ခံစားချက်တွေ သေ၊ ယုံကြည်ချက်တွေ သေလျက် အခွံချည်းသက်သက်ကျန်သော ခါးဘဝကို ဒီလောက်ထိ ရှန်းကန်ရပ်တည်နိုင်ပါ့မလား။ အိပ်မပျော်သော မိုးညတစ်ည ကို သူမ ကျော်လွှားရဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့ကပြင်သို့ သူမ ထွက်လိုက်သည်။ ခြေနင်းတိုင်း အနည်းငယ် ညွတ်ခါချင်သော ကြမ်းခင်းမှ အသံမထွက်စေရန် သူမ ခြေကို ဖော့နင်းသည်။ တစ်ဖက်ခန်းရှိ အဘွားအုန်း အိပ်ရေးပျက်သွားမှာ စိုးသည်။

မိုးရေစီးကြောင်းတွေက အိမ်တံစက်မြိတ်သွပ်စွန်းမှနေ၍ ဖြာကျနေသည်။ ပြက်ခနဲ လက်လိုက်သော လျှပ်ရောင်အောက်တွင် ရျိုင့်ခွက်တွေ ပြည့်နက်နေသည့် မြေလမ်းကလေးသည် ရေပြင် ဖွေးဖွေးဖြစ်နေသည်။

"ဒုန်း . . . ဒုန်း"

ခေါင်းရင်းခြံစပ်မှ အုန်းသီးကြွေကျသံဆိုတာ သူမ သိလိုက်သည်။ စိတ်က ဖျတ်ခနဲ အတိတ်အဝေးဆီ။

ဒီလို အုန်းသီးကြွေသည့် မိုးညတစ်ညတွင် သူမ မောင့်ရင်ခွင်ထဲ နိုဝင်ခဲ့ဖူးလေသည်။





# အခန်း ( ၁ )

"အဲဒီကောင်လေးကို သေချာကြည့်စမ်း ခါးပန်းတာမာ"

အန်တီလေး၏ တင်းမာနေသောမျက်နှာ၊ စူးလက်နေသော မျက်လုံးများ။ ပြီးတော့ သူမနာမည်ကို ဒီလိုအပြည့်အစုံခေါ်ပြီဆိုလျှင် အန်တီလေးကို ခါး ကြောက်သည်။

ငှဲကောင်လေးကို ခါး သတိကြီးစွာ ကြည့်လိုက်သည်။

"သူက ဘယ်သူလဲ အန်တီလေး"



www.burmeseclassic.com

www.burmeseclassic.com



"နေ့သစ်"

သူမရင်ထဲ ငေျပင်တစ်ချက် လှုပ်သွားသည်။ အေးစိမ့်နေသော ကား aircon ကြောင့်လား မသိ။ သူမခြေဖျားတွေ အေးစက်လာသည်။ ထိုကောင်လေးကို ခပ်ပြုံးပြုံးလေး စိုက်ကြည့်မိသည်။

ရုတ်တရက် မှန်းလို့မရသေး။ ဟင့်အင်း . . . မှန်းကို မှန်းရမယ်။

"သူတို့မိသားစုက ခါးတို့မိသားစုရဲ့ စီးပွားပြိုင်ဖက်တွေ။ ခါးအဖေကို ထောင်ကျအောင် သူတို့ ထောင်ချောက်ဆင်ခဲ့တယ်။ ခါးအဖေက ထောင်ထဲမှာ ဆုံးတယ်။ ခါးအမေလည်း အဖေ့စိတ်နဲ့ ဆုံးတယ်။ သူတို့က မင်းရဲ့ရန်သူတွေပဲ။ သူတို့မိသားစုရဲ့ တစ်ဦးတည်းသော မျိုးဆက်က ဒီကောင်လေးပဲ။ ဒီတော့ မင်းရဲ့ ပစ်မှတ်ကလည်း ဒီကောင်လေးပဲ ခါးပန်းတာမာ"

အန်တီလေး၏ အေးစက်စက်အသံသည် အနိမ့်အမြင့်





မရှိ။ ခါး နားထဲသို့ တိုးဝင်နေသည်။ ၆ တန်းအရွယ် ခါး၏သေးကွေးသော ခန္ဓာကိုယ်လေးသည် တဖြည်းဖြည်း တောင့်တင်းလာသည်။ ဘုတ်အုပ်ကြီးလှန်ဖတ်ရသလို အမြဲတမ်းကြားရသော ဒီအကြောင်းအရာသည် ကြားလိုက်တိုင်း ခါးရင်ထဲက အမုန်းမီးစကို ဆွဲယူထွန်းညှိလိုက်နိုင်ပြီ။

ကျောင်းဝတ်စုံအဖြူအစိမ်းနှင့် ကျောပိုးအိတ်တစ်လုံးလွယ်ကာ လာကြိုမည့်ကားကို စောင့်နေပုံရသော နေ့သစ်ဆိုသည့်ကောင်လေးသည် ခါးအမြင်တွင် တဖြည်းဖြည်းနှင့် မုန်းစရာကောင်းလာသည်။

Surf ကားတစ်စီးက နေ့သစ်ရှေ့တွင် လျှောခနဲ ထိုးရပ်သည်။ နောက်ခန်းတွင် ထိုင်နေသည့် မာန်အပြည့်နှင့် အန်တီကြီးသည် နေ့သစ်၏အဘွားဆိုတာပဲ ဖြစ်ရမည်။

မြင်ကွင်းထဲ၌ နေ့သစ်၏ကား ပျောက်ကွယ်သွားမှ ခါး



www.burmeseclassic.com

www.burmeseclassic.com



အန်တီလေးကို လှည့်ကြည့်လိုက်သည်။ သူမ ထိတ်ခနဲဖြစ်သည်။ သူမကို စိုက်ကြည့်နေသည့် အန်တီလေးမျက်လုံးများနှင့် ဆုံ၍ ဖြစ်သည်။





## အခန်း ( ၂ )

မှတ်သုန်သည် မီးခိုးရောင်တိမ်တိုက်များကို တွန်းရွေ့ကာ အပူတပြင်းခရီးနှင်နေသည်။

အုံ့မှိုင်းစွတ်စိုနေသော ရာသီဥတုသည် လူကို အတော်လေးနေသာထိုင်သာ ရှိစေသည်။ ရေအိုင်တွန်းနေသော ချိုင့်ခွက်များကို မနင်းမိအောင် ခါး သတိထားလျှောက်နေမိသည်။

"ဟယ် . . . ရပ်"



www.burmeseclassic.com

www.burmeseclassic.com



ခါးနှင့် မေသော်၏ရှေ့မှ ဝပိုင့်သောခန္ဓာကိုယ်နှင့် မလိုက်တက်ကြွစွာ လှမ်းနေသော ချိုလက်ဖြူက ရုတ်တရက် ရပ်ကာ ပြောသည်။

"ဖလော်ကင်တီးကို နောက်နေ့မှ သွားရင် ကောင်းမယ်ထင်တယ်။ ဒီနေ့ သူတို့ကဗျာစာအုပ် ရောင်းမယ်လို့ ကြားတယ်"

"ရောင်းရင်ဝယ်လိုက်မယ်လေဟာ"

"နင်က ကဗျာတွေကို စိတ်ဝင်စားလို့လား ခါးရဲ့"

"ဒီလိုပါပဲ ဖတ်ပါတယ်"

မေသော်က ပခုံးတစ်ချက်တွန့်လိုက်ကာ . . .

"ငါကတော့ ဝယ်ဘူး။ ဘိုင်ပြတ်နေလို့ အိမ်ကို ပိုက်ဆံလှမ်းမှာထားရတယ်"

"ကင်တီးရှေ့ရောက်ရင် နင့်ကို လမ်းပိတ်ပြီးကို ရောင်းမှာ။ နင် ဘယ်လိုမှ ဘူးခံငြင်းနိုင်မှာ မဟုတ်ဘူး"





"ချိုလက်ပြောတာ ဟုတ်တယ်။ ငါတို့ နောက်နေ့ကျမှ သွားရအောင်ဟာနော် ခါး"

"ကဲပါ . . . ဒီနေ့ ငါ့မှာမုန့်ဖိုးတွေ အများကြီးရထားတယ်။ နင်တို့ နှစ်ယောက်အတွက်ပါ ငါ ဝယ်ပေးမယ်"

"အဲဒါဆိုလည်း ပြီးရောပေါ့။ သွားကြမယ်"

မိန်းကလေး သူငယ်ချင်းအများစုက ပိုက်ဆံကိစ္စ အတင်အကျ သိပ်မခံချင်တတ်ကြသော်လည်း ခါးတို့သူငယ်ချင်း သုံးယောက်ကတော့ ဤသို့ မဟုတ်ပါ။ မေသော်နှင့် ချိုလက်ဖြူက နယ်က ကျောင်းလာတက်တာကြောင့် သုံးတာများ၍ အကုန်စောသွားလျှင် ကိုင်ပြတ်သွားတတ်သည်။ ဒီအခါ ရန်ကုန်ကပဲ ကျောင်းတက်သော ခါးဆီက ဆွဲသုံးရသလို တစ်ခါတစ်ရံ အသုံးလွန်သွား၍ မုန့်ဖိုးပြတ်သွားလျှင်လည်း သူတို့ဆီက ပြန်ဆွဲရတာပင်။

"ဖလော်ကင်တီးကို ဘာလို့ဒီလောက်တောင် သွားချင်နေ



www.burmeseclassic.com

www.burmeseclassic.com



တာလဲ ဟင် . . . ခါး၊ ငါတော့ နင့်ကို သိပ်မယုံချင်တော့ဘူးနော်"

"အင်း . . . ဘာမယုံစရာရှိလဲ၊ မထိုင်ဖူးသေးတဲ့ ကင်တီးတွေ လိုက်ထိုင်မယ်လို့ တိုင်ပင်ထားကြတာပဲ . . . မဟုတ်လား"

မေဖေသော်က ဘာမှပြန်မပြောဘဲ ရှေ့ဘက်မျက်နှာ ပြန်မူသွားသည်။ ခါး သက်ပြင်းခိုးတစ်ချက်ချလိုက်မိသည်။ လျှို့ဝှက်အပ်သော ကိစ္စတစ်ခုကို လူများ မရိပ်မိအောင် လုပ်ရတာ မလွယ်ကူလှပေ။ ဥပမာ - ယောက်ျားတစ်ယောက်၏ ရည်းစားဖြစ်ခွင့်ရအောင် မိန်းမတစ်ယောက်က ကြိုးပမ်းရသည့်အခါမျိုးမှာပေါ့။

ခါးမျက်နှာက တစ်ချက်ပာင်းခနဲဖြစ်သွားသည်။ လုပ်ကိုလုပ်ရမည့်ကိစ္စတစ်ခုအတွက် သူမမှာ နောက်တစ်လှမ်း ဆုတ်စရာအကြောင်းပြချက် မရှိပါ။ ရုတ်ခြည်းပင် ခါး မျက်နှာမှ တင်းမာရိပ်များ ပျောက်ကွယ်သွားသည်။ သူမ၏ပင်ကို နူးညံ့လှပသောမျက်နှာလေးက ပန်းသွေးကြွလျက် ပြန်ပေါ်လာတော့သည်။

ꩤ လဝန်းကုဋေစားပ ꩥ



ဖလော်ကင်တီးရှေ့ရောက်တာနှင့် စုရုံး စုရုံးနှင့် ကဗျာစာအုပ်ရောင်းနေသော ကျောင်းသားများကို တွေ့ရသည်။

ကောင်မလေးနှစ်ယောက်ကို ကဗျာစာအုပ် ရောင်းနေသော နေ့သစ်ကို ခါး ကြည့်လိုက်သည်။ သူနှင့်နီးနိုင်သမျှ နီးအောင် ခါး သွားလိုက်သည်။

"ချိုလက်"

ခေါ်သံနှင့်အတူ ဗိတ်ရပ်လိုက်သော ကျောင်းသားကြောင့် ခါးတို့ သုံးယောက် ခြေလှမ်းတန့်သွားသည်။

"ဩော် . . . အောင်မြင့်"

"သယ်ရင်း . . . အတော်ပဲ၊ ကဗျာစာအုပ်လေး အားပေးသွားပါဦး"

"အားပေးမှာ စိတ်ချ၊ ဒီထဲမှာ နင်က ဘာနာမည်နဲ့ရေးထားတာလဲ"

ꩤ လဝန်းကုဋေစာပေ ꩥ

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ . . . ဟဲ . . . ဟဲ . . . နင်ကလည်း ငါ့ကို ဖွတ်အထင်ကြီးနေတာပဲ။ ငါကဗျာမရေးတတ်ဘူးဟ။ ရေးထားတာက ဟိုကောင် . . . နေ့သစ်"

အောင်မြင့်က နေ့သစ်ကို မေးထိုးပြရင်းပြောသည်။ ခါး တစ်ချက်ပြုံးလိုက်ကာ . . .

"ဒါဆိုလည်း ကဗျာဆရာကို ခေါ်လိုက်လေ။ သူ့ကို လက်မှတ်ထိုးခိုင်းရမယ်"

"ဟာ . . . ရတာပေါ့"

"နေ့သစ် . . . ခဏလာဦး"

နေ့သစ်က တစ်ချက်လှည့်ကြည့်ပြီး ကောင်မလေးနှစ်ယောက်ဆီမှ ပိုက်ဆံယူလိုက်သည်။ ပြီးတော့ ခါးတို့နား လျှောက်လာသည်။

"မင်းကို လက်မှတ်ထိုးခိုင်းမလို့တဲ့ကွ"





"ဟာ . . . မလုပ်ပါနဲ့။ ဒီထဲမှာ ကျွန်တော်ကဗျာက တစ်ပုဒ်တည်းပါတာ။ အပျော်သဘောရေးထားတာဗျ"

"တစ်ပုဒ်ရေးလည်း ကဗျာဆရာပဲလေ။ လက်မှတ်မထိုးပေးရင်တော့ စာအုပ်မဝယ်ဘူးနော်"

အပြုံးလေးဆွတ်ကာ ပြောသော ခါး၏ ခြိမ်းခြောက်ဟန်က ချစ်စဖွယ်ဖြစ်နေခဲ့သည်။

"လက်မှတ်ထိုးပေးလို့ စာအုပ်ဝယ်မယ်ဆိုရင်တော့ အုပ်တစ်ရာလောက် လက်မှတ်ထိုးပေးလည်း ရတယ်ဗျ"

ခါး နေ့သစ်အား စေ့စေ့စပ်စပ်ကြည့်လိုက်မိသည်။ ဖြူသော အသားအရေကြောင့်ပဲလား မသိ။ မျက်နှာက ချောတာထက် သန့်သည်ဟု ပြောလျှင် ပိုမှန်လိမ့်မည်။ သူ၏မျက်သားတွေက ကြည်စင်လွန်းသည်။ အဲဒါကပဲ သူ၏ ထူးခြားမှုတစ်ခုအနေဖြင့် သူ့အား သတိပြုမိစေသည်။ အရပ်က ခန့်ရှည်ရှည်၊ body ကတော့



www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်သာ။

နေ့သစ်က သူရေးထားသော ကဗျာ၏အောက်တွင် လက်မှတ်ထိုးလိုက်ပြီး စာအုပ်ကို ခါးအား ပေးသည်။

"ဘယ်လောက်လဲဟင်"

"ထောင့်ငါးရာပါ"

ခါးပိုက်ဆံထုတ်ဖို့ ပြင်လိုက်စဉ် အောင်မြင့်က . . .

"ချိုလက် . . . နင်လည်း တစ်အုပ်ဝယ်လေ။ ဒီဘက်က တစ်ယောက်ရော အားမပေးတော့ဘူးလား"

"တစ်အုပ်ဆိုရပြီလေ။ ငါတို့ သုံးယောက်ပေါင်းဖတ်မယ်"

"ဖတ်စရာလား . . . ချိုဝက်ရဲ့"

ချိုလက်၏ စဖိုင့်သောခန္ဓာကိုယ်က ထခုန်မတတ်ဖြစ်သွား၏။ ကာ ဘာဟူသော အသံကလည်း ကြောက်ခမန်းလိလိ ထွက်ပေါ်လာသည်။





"အား . . . ဆောရီး . . . ဆောရီး . . . ပါးစပ်က အကျင့်ပါနေလို့ပါ"

"သေလိုက်ပါလား . . . ကြွက်ရိုးရဲ့"

ချိုလက်ဆီမှလည်း အောင်မြင့်၏ ယေမည်ဖြစ်ပုံရသော နာမက ဆောင့်ခနဲထွက်လာသည်။ တကယ်လည်း အောင်မြင့်က ကြွက်ရိုးဆိုသည့် နာမည်နှင့် လိုက်အောင် ပိန်သည်။ ခါးတို့ ကျန်တဲ့ လူတွေအားလုံးလည်း ယေကျိုးယေနာတွေ ဖော်ကြတော့မလို ဖြစ်နေကြသော သူတို့နှစ်ယောက်ကို ကြည့်ကာ ပြုံးစိစိဖြစ်ကြရသည်။

"ငါ ကဗျာစာအုပ်မဝယ်ဘဲ နေလိုက်မှာနော်"

ဒီစကားက တကယ်ကို တာသွားတာ။ ရယ်ဖြဲဖြဲ ပြောင်ချော်ချော် အောင်မြင့်မျက်နှာက ထိတ်ပျာသွားလျက် -

"အမယ်လေး . . . မလုပ်ပါနဲ့ ချိုလက်ရာ။ ငါက နင့်ကို ခင်လို့စတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း"

အဲဒါက ချီလက်၏ အပေါ်စီးရသဖြင့် မာန်တက်နေသော နာမှုတ်သံဖြစ်သည်။

"ကဲပါ . . . သုံးယောက် နစ်အုပ်တော့ အားပေးလိုက်ပါဗျ။ ကျောင်း သားအချင်းချင်း ရိုင်းပင်းတဲ့အနေနဲ့"

နေ့သစ်က ဝင်ပြောသည်။ ခါးခေါင်းညိတ်လိုက်ကာ . . .

"အင်း . . . နစ်အုပ်ပေးလေ"

"ကျေးဇူးပဲ"

ခါးတို့သုံးယောက် ကင်တီးထဲ ဝင်ထိုင်လိုက်သည်။ အစား အသောက်တွေမှာပြီး နောက် ခါး နေ့သစ်၏ ကဗျာကို စိတ်ဝင် တစား ဖတ်ကြည့်လိုက်မိသည်။ ကဗျာခေါင်းစဉ်က အစိမ်းချုပ်တဲ့။

- အပြုံးနဲ့ပြုစား

စကားတွေ ရင်ကို မှန်စေပြီးမှ





ဓားထက်ထက်ကို သုံးရက်သူ။

- ရိုးသားတဲ့ မီးနပ်စ်ကို တိုင်တည်

ချိုမြိန်တဲ့ ပန်းသီးကို ခွဲ့ကျွေးပြီးမှ

သစ္စာကို အရည်ဖျော် မြောင်းထဲပစ်ရက်သူ။

- ပိတောက်ကို ပမာပြု

ကိန္နရာကို နှိုင်းတုပြီးမှ

ဘုရင်လိုလူကို အားကျရက်သူ . . .

- အခန့်မသင့် မမျှော်လင့်ဘဲ

အဝိတ်ပြန်ရောက် နောက်ပြန်မျှော်မိရင်

နစ်ချိုဗိုင်တစ်ခွက်ရဲ့ တန်ဖိုး

သီကျူးဖို့ ရည်စူးထားတဲ့ စာသားတွေနဲ့

သံစဉ်ဟောင်းနဲ့ မြောင်းဆန်ခဲ့တဲ့ ဂစ်တာအိုတစ်လက်

မိုးညရဲ့ ဝုန်းဒိုင်းကြဲမှုအောက်မှာ ရှိနေလေရဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com



- တကယ်တမ်းကျတော့ . . . မင်းဟာ

အမှောင်ထဲ နစ်မြုပ်နေတဲ့ ပိုးစုန်းကြူးလို

ကြယ်စင်တွေ သေလွင့်ကြွေကျ

လမင်းကြီးတစ်ခြမ်းပဲ့ရတာကို လက်ပိုက်ကြည့်ပြီး

ကိုယ့်ကိုယ်ကိုယ် ထင် နေမင်းလို့မြင်နေသူပါပဲ

နှလုံးကိုထုတ် အစိမ်းချုပ်ရက်သူရယ် . . .

နေ့သစ်

အစိမ်းချုပ် ခံရရင်တော့ တော်တော်လေးနာမှာပဲ ဟူသော အတွေးတစ်စက လွဲလျှင် ကဗျာထဲက စကားလုံးတွေကို ခါး နားမလည်ပါ။ ကဗျာစာအုပ်ကို ပိတ်ကာ နေ့သစ်အား ခါး မသိမသာ ကြည့်လိုက်သည်။

ကဗျာရေးခြင်းကောင်းဆဲဖြစ်သော သူ့ပုံက တက်ကြွနေသည်။ ကျောင်းသားတစ်ယောက်၏ ရိုးသားကြည်စင်မှုတွေ၊ အား





မာန်အပြည့်ဖြင့် လန်းဆန်းတောက်ပနေမှုတွေက သူ့မျက်နှာထက် ခပ်ထင်းထင်း ပေါ်နေသည်။

ကြည်လင်နေသော ရေအိုင်ထဲ ခဲပစ်ချရန်ကြံရွယ်နေသူ တစ်ယောက်လို ခါး စိတ်ထဲ တွန့်ဆုတ်မှုအရိပ် ဖြစ်ပေါ်လာသည်။ ဒါပေမဲ့ သူမ၌ ရွေးစရာလမ်းမရှိ။ မိဘနှစ်ပါးအတွက်၊ ပြီးတော့ အတိတ်အကြောင်းကို ပြောပြတိုင်း နာကြည်းမှုတစ်မျိုးဖြင့် ခက်ထန်နေသော အန်တီလေးအတွက်။ သူမသာ ဒီကိစ္စအောင်မြင်ခဲ့လျှင် အန်တီလေးရင်ဘတ်ထဲက အမုန်းစတွေကို အမြစ်က ဆွဲနုတ်ပေးနိုင်လိမ့်မည်။ အမြဲတမ်း မီးအပ်ပြာပ်ခံနေရသော သူမနှလုံးသားလည်း ဖအေးချမ်းသွားလိမ့်မည်။

"သွားပြီ . . . ခါးတစ်ယောက် ပစ်ကျသွားပြီ"

မေသော်၏ အသံကြားမှ ခါးစိတ်တွေ ကိုယ်ထဲ ပြန်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မှန်မှန်ပြောစမ်း ခါး။ နင် ကဗျာဖတ်ပြီး ကဗျာဆရာကို စိုက်ကြည့်နေတဲ့ ပုံစံက တစ်ဖလာကလုံးကို မေ့သွားတဲ့အတိုင်းပဲ။ နင့်စိတ်ထဲမှာ တစ်ခုခုဖြစ်နေတယ် မဟုတ်လား"

မျက်လုံးများမေးစင်းကာ တရားခံစစ်သလို ပြောသော ချိုလက်ကို ခါး မျက်လုံးလေးပင့်ကာ မလိမ်မိုး မလိမ်မာဟန်အပြည့်ဖြင့် ပြန်ကြည့်လိုက်သည်။

"အဲလိုဖြစ်သွားလား။ ဒါပေမဲ့ ငါ တွေးနေတာက တစ်မျိုးဟ။ သူ့ကဗျာကို ဖတ်ပြီး ငါ ဘာလို့ နားမလည်ပါလိမ့်။ သူကပဲ လူ့ပါးဝလောက်အောင် တော်လွန်းတာလား။ ငါကပဲ အသုံးမကျတဲ့အထိ ညံ့လွန်းတာလားလို့ တွေးနေမိတာ"

ချိုလက်နှင့် မေသော်က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်၍ နှာခေါင်းလေး ရှုံ့ကာ ခါးစကားကို သိပ်မယုံပုံ ပြသည်။ ခါးက မမြင်ဟန်ဆောင်ကာ ငါးချဉ်ပြုံးလေးကိုသာ မျက်နှာ





ထက် ချိတ်ဆွဲထားလိုက်လေသည်။

ထိုစဉ် မှာထားသော အစားအသောက်တွေ လာချတာမို့ သူမတို့အာရုံက အစားအသောက်ဆီ ကူးသွားသည်။ မေသော်က ရေနွေးကြမ်း ကြိုက်သူပီပီ ထုံးစံအတိုင်း ခွက်ကို ယူ၍ ရေနွေးကြမ်း ငှဲ့ထည့်သည်။

အစားကို စားနေရသော်လည်း ခါး ခေါင်းထဲမှာ အတွေးတွေ များနေသည်။ နေ့သစ်နှင့် ဒီထက် ပို၍ရင်းနှီးမှုရအောင် သူမ ဘယ်လိုလုပ်ရမလဲ။ နေ့သစ်အား သူမ မသိမသာ ကြည့်လိုက်သည်။

သူမကိုယ်က သတိအနေအထားဖြစ်သွားသည်။ နေ့သစ်၊ အောင်မြင့်နှင့် အခြားသူတို့သူငယ်ချင်း ဖြစ်ပုံရသော ကျောင်းသားတစ်ယောက် ကင်တီးမျက်နှာစာအတိုင်း လျှောက်လာနေသည်။ ကင်တီးအပြင်ဘက်ဆုံးဝိုင်းတွင် ထိုင်နေသော သူမတို့နားက ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



သန်းသွားလိမ့်မည်။

သူမ တစ်ခုခုလုပ်သင့်သည်။

အငွေ့တာထောင်းထောင်းထနေသော ရေနွေးကြမ်းခွက်က မျက်စိထဲဝင်လာသည်။

"မေသော် . . . နင် ရေနွေးထည့်တုန်းက ခွက်ကို မကျင်းဘူး မဟုတ်လား"

နေ့သစ်ခြေလှမ်းများက တစ်လှမ်း၊ နှစ်လှမ်း . . . ကွက်တိ။

"ကျင်းပါ . . ."

"ဖြန်း . . . အား"

မေသော်၏ စကား မဆုံးလိုက်ရ။ ပက်လိုက်သောရေနွေးသည် နေ့သစ်၏ ခြေဖမိုးဆီ အလုံးအရင်းဝင်သွားသည်။ နေ့သစ်၏ အလန့်တကြားအော်သံကလည်း တစ်ဆက်တည်း . . .





"ဟယ်"

"အို . . . ဒုက္ခပါပဲ"

ခါး ဖျတ်ခနဲ ထရပ်လိုက်ကာ မျက်နှာရှုံ့မဲ့လျက် စုန်ဆွဆွ ဖြစ်နေသော နေ့သစ်ကို အားနာသောမျက်လုံးများဖြင့် ကြည့်လိုက်သည်။

"ဟို . . . ဟိုလေ . . . လာနေတာ သတိမထားလိုက်မိလို့ပါ။ တောင်းပန်ပါတယ်"

နေ့သစ်က ခါးကို တစ်ချက်လှည့်ကြည့်သည်။ ဘာမှတော့ မပြောပေ။ ဖြူသောအသားအရေကြောင့် ရေနွေးထိသည့်နေရာ၏ နီမြန်းမှုက သိသာလွန်းနေသည်။ ခါး ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေမိသည်။ အောင်မြင့်က . . .

"လာ . . . လာ . . . ခုံမှာထိုင်လိုက် နေ့သစ်"

ကင်တီးတစ်ခုလုံး၏အာရုံက ခါးတို့ဆီ ရောက်နေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကင်တီးပိုင်ရှင် ဦးလေးကြီးက သွားတိုက်ဆေးဘူးကိုင်ကာ အပြေးအလွှား ရောက်လာပြီး . . .

"အပူလောင်တဲ့နေရာကို သွားတိုက်ဆေးလူးလိုက်။ သက်သာသွားလိမ့်မယ်"

"ခါးကိုပေး ဦးလေး"

သွားတိုက်ဆေးဘူးယူပြီး နေ့သစ်၏ ခြေထောက်ဘေး ခါး ထိုင်လိုက်သည်။

"ဟာ . . . ဘာလုပ်တာလဲ။ မလုပ်နဲ့။ ကိုယ့်ဘာသာ ကိုယ် လူးမယ်"

နေ့သစ်၏အသံက ပျာပျာသလဲ ထွက်ပေါ်လာသည်။

"ခါးကြောင့်ဖြစ်ရတာပဲဟာ။ ခါး လူးပေးပါရစေ"

"ဟာ . . . မလိုဘူး၊ မင်း လူးပေးရင် မလူးတော့ဘူး"

မျက်နှာရဲလျက်ပြောသော နေ့သစ်ကို ကြည့်ပြီး ခါး စိတ်





ထဲ အနည်းငယ် ရယ်ချင်သွားသည်။ ကင်တီးမို့ တစေ့တစောင်း ကြည့်သူတွေ၊ လက်တို့မေးသူတွေနှင့် အုံသယောင်ဖြစ်နေသော လူတွေရှေ့မှာ မိန်းကလေးဖြစ်သည့် ခါးက အရင်မရှက်ရသေးခင် သူက ရှက်နေသည့်ပုံပင်။

"ဒါဆိုလည်း . . . ရော့ . . . မြန်မြန်လူးလိုက်။ အရည် ကြည်ဖု တက်လာလိမ့်မယ်"

နေ့သစ်က သွားတိုက်ဆေးကိုယူကာ ကိုယ်တိုင်လူးသည်။

"သက်သာလား . . . ဟော့ကောင်"

"အင်း . . . နည်းနည်းတော့ အေးသွားသလိုပဲ"

"ဆေးခန်းသွားချင်လားဟင်။ ခါး လိုက်ပို့ပေးပါ့မယ်"

အားနာရိပ်တွေ စွန်းထင်းနေသည့် ခါးဆိုသည့် ကောင်မ လေးအား နေ့သစ် ကြည့်လိုက်သည်။

"ရပါတယ်။ ဆေးခန်းတော့ မသွားတော့ပါဘူး။ ဒီအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပဲ ကောင်းသွားလိမ့်မယ် ထင်တယ်"

"ခါး တောင်းပန်ပါတယ်နော်"

"မတော်တဆဖြစ်ရတာပဲဗျာ။ ပြဿနာ မရှိပါဘူး"

နေ့သစ်၏ ကြည်စင်သောမျက်လုံးများထဲ၌ သဘော ကောင်းမှု၊ ရိုးရှင်းမှုတွေက အထင်းသားပင်။ ကြွက်၏ကိုယ်ခံအား ကို သိရှင့်ရသော ကြောင်တစ်ကောင်၏ ပိုင်နိုင်မှုက ခါး၏မျက်လုံး များထဲ ရိပ်ခနဲ ဖြတ်ပြေးသွားသည်။

"တကယ်စိတ်မဆိုးဘူးဆိုရင် ခါးကျွေးတဲ့ မုန့်ကို စားရ မယ်"

"ဗျာ"

နေ့သစ်မျက်နှာကိုကြည့်ပြီး ခါး ခပ်လှဲ့လှဲ့လေး ပြုံးလိုက် သည်။

"ခါးက အပြစ်လုပ်ထားတဲ့လူဆိုတော့ အပြစ်တွေလည်း





ကြေအောင် တစ်ယောက်နဲ့တစ်ယောက် သူငယ်ချင်းတွေလည်း ဖြစ်သွားရအောင် ခါး ဒကာခံပါရစေလို့ ပြောတာ ကဗျာဆရာရဲ့"

ခါး၏အကြည့်က တစ်ဆက်တည်း နေ့သစ် ဘေးက သူငယ်ချင်းနှစ်ယောက်ဆီသို့ ရောက်သွားလျက် . . .

"ဒီကနှစ်ယောက်လည်းပါတယ်နော်"

"အားနာစရာကြီးဗျာ . . . ဟဲ . . . ဟဲ . . . ဟဲ . . . မှာလိုက်တော့မယ်နော်"

ပျော်တတ်ပုံရသော အောင်မြင့်က ပြောင်တိပြောင်စပ် မျက်နှာဖြင့် ပြောသည်။ ဤသို့ဖြင့် ဒဂုံတက္ကသိုလ်၏ ထောင့်တစ် နေရာတွင် Physics Major က ကျောင်းသူများနှင့် ဒဿနိက ဗေဒ အထူးပြုကျောင်းသားတို့သည် ခင်မင်ရင်းနှီးသော သူငယ်ချင်း များအဖြစ်သို့ ဘဝပြောင်းသွားကြသည်။

စကားအရှုန်းဖောက်၍ ရယ်စရာပြောတတ်သော အောင်



www.burmeseclassic.com

www.burmeseclassic.com



မြင့်နှင့် ရှိုလက်ဖြူတို့က တစ်မြို့တည်းသား သူငယ်ချင်းတွေ ဖြစ်နေတာကြောင့်လည်း ခင်မင်မှုက တစ်ထိုင်တည်းနှင့် တာသွားခဲ့တာ ဖြစ်သည်။

အဲဒီတုန်းက ခါး မျက်နှာထက် ဖြတ်ပြေးသွားသော အပြုံးများသည် ကောင်းကင်အား ဆွဲခါလွှင့်ပစ်ရန်အကြံကို ရင်ဝှက်သားသူတစ်ယောက်လို လျှို့ဝှက်သိပ်သည်းနေခဲ့သည်။

အစွန်းအထင်းမဲ့သော နေ့သစ်မျက်နှာကို ကြည့်လိုက်တိုင်း သူမရင်ထဲ ကျေနပ်သည်။ နေ့သစ်နှင့် နဖူးတွေ့ ဒူးတွေ့ ပထမဆုံး ပတ်သက်ခဲ့သည့်နေ့မှာတင် သူငယ်ချင်းတွေ ဖြစ်အောင် သူမ စွမ်းဆောင်နိုင်ခဲ့သည် မဟုတ်လား။

ဒါသည် ခါး၏ ပထမဆုံးအောင်မြင်မှု။ အမုန်း၏ ပွဲဦးထွက်။





ကျောင်းအပြန် ဆင်ဝင်ရှေ့ကားရပ်တာနှင့် ခါး အိမ်အပေါ်ထပ် ဝရန်တာသို့ ခပ်သွက်သွက် လှမ်းလိုက်သည်။ ပက်လက်ကုလားထိုင်တွင် ထိုင်၍ စီးကရက်သောက်နေသော အန်တီလေးကို တွေ့ရသည်။ မီးခိုးတွေကြား၌ ဝေသီနေသော အန်တီလေး၏ မျက်လုံးများက ဘယ်ကိုမှန်းမသိ ငေးနေသည်။

"အန်တီလေး"

အန်တီလေးက လှည့်မကြည့်ဘဲ ပြောသည်။

"ကျောင်းက ပြန်လာပြီလား။ လာ . . . ထိုင်လေ ခါး"



www.burmeseclassic.com

www.burmeseclassic.com



စုံပုလေးကို ခါး ဆွဲယူထိုင်လိုက်သည်။

"ဒီနေ့ ခါး နေ့သစ်နဲ့ သူငယ်ချင်းတွေဖြစ်ခဲ့တယ်"

နှုတ်ခမ်းဆီတော့၍ ရှိက်ဖွာရန်ပြင်လိုက်သော စီးကရက် ညှပ်ထားသည့် လက်ချောင်းတွေတန့်သွားသည်။ အန်တီလေး မျက်လုံးတွေ သက်ဝင်လာပြီးနောက် ခါးကို လှည့်ကြည့်လာသည်။

နေ့သစ်နဲ့ သူငယ်ချင်းဖြစ်ခွင့်ရအောင် ခါး ဘယ်လိုလုပ်ခဲ့ တဲ့အကြောင်း စိကာပက်ကုံးပြောပြနေမိသည်။

နားထောင်နေသည့် အန်တီလေးမျက်လုံးတွေက စိတ်ဝင် တစားနှင့် ရှင်သန်နေလိုက်တာ။ ဒီလိုပြောပြခွင့်ရအောင် စွမ်းနိုင်ခဲ့တဲ့ အတွက် အန်တီလေးရှေ့မှာ ခါးကိုယ်ခါး ကျေနပ်အားရလိုက်တာ လွန်ပါရော။

အန်တီလေး မျက်နာထက်က ခပ်ပါးပါးထင်နေသည့် အပြုံး၏ အဓိပ္ပာယ်ကို ခါး သရုပ်မခွဲတတ်ပါ။ အန်တီလေးက





စီးကရက်ကို ရှိက်ဖွာနေပြန်သည်။

"အန်တီလေး"

"ဟင်"

"စီးကရက်တွေ သိပ်မသောက်ပါနဲ့လားဟင်"

အန်တီလေးဆီမှာ တုံ့ပြန်သံမလာ။

"အန်တီလေးရောဂါဖြစ်မှာ ခါး ကြောက်တယ်။ အန်တီ လေးက တစ်ခုခုဖြစ်ရင် ခါး စိတ်ပူလို့သေမှာ။ ဆေးလိပ်လျှော့ သောက်ပါ အန်တီလေးရယ်နော်"

ခါးအား ရိုဝေစွာကြည့်လာသော အန်တီလေးအား ခါးက လည်း ရျစ်ခင်အားကိုးစွာ ပြန်ကြည့်မိသည်။

အန်တီလေးက ခါးခေါင်းမှ ဆံနွယ်များကို သပ်ပေးသည်။ လက်ချောင်းနှင့် ထိတွေ့သွားသည့် ခေါင်းနေရာလေးတွေက နွေး ထွေးသလိုပင် ကြည်နူးမှုက ခါးရင်ထဲ တငြိမ့်ငြိမ့် ဖြတ်စီးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အန်တီလေးကို ချစ်လိုက်တာ။

ဆုံးသွားတဲ့အမေသာရှိရင် ခါးကို ဘယ်လိုဂရုစိုက်ပြီး ချစ်လိမ့်မလဲလို့ တွေးမိတိုင်း အန်တီလေးကိုပဲ မြင်ယောင်မိသည်။ အန်တီလေးလိုပဲ ခါးကို နွေးထွေးမှုတွေ ပေးမှာပေါ့ ဟူသော အတွေးမှာ အဆုံးသတ်သည်။

အန်တီလေးက ခါးချစ်ခင်ရတဲ့အမေဆိုလည်း ဟုတ်သည်။ အားကိုးရသည့်အမေဆိုလည်း ဟုတ်သည်။ ခါးဆိုသော မိန်းကလေးတစ်ယောက်၏ လောကကြီးလည်း ဟုတ်သည်။

"ရေချိုးအဝတ်အစားလဲလိုက်ဦး . . . ခါး"

ခါး နာခံစွာ ခေါင်းညိတ်လိုက်မိပါသည်။





စနေနေ့။ တိတိကျကျ ပြောရလျှင် အဲဒီနေ့သည် မိုးတွင်းကြီးထဲ မိုးမရွာသော စနေနေ့ဖြစ်သည်။

ဘေးချင်းကပ်လျက်အိမ်မှ ကလေးလေး၏ မွေးနေ့အတွက် လက်ဆောင်တစ်ခုခုဝယ်ရန် Junction Square ကုန်တိုက်သို့ ခါးထွက်လာခဲ့သည်။

ရန်ကုန်မြို့၏ အကြာဆုံး မီးပွိုင့်အဖြစ် ဒီနေ့အထိ စံချိန်သစ်တင်ဆဲဖြစ်သော လှည်းတန်းမီးပွိုင့်၌ ခါး ပွိုင့်မိနေလေသည်။

မီးပွိုင့်တစ်ချက်အလွတ်တွင် တရွေ့ရွေ့နှင့် ကားတွေ ရွေ့



www.burmeseclassic.com

www.burmeseclassic.com



တိုးသွားသည်။ နောက်ဆုံးတော့ မီးပွိုင့်ပြန်မိသွားသည်။ ဒီတစ်ခါ ပွိုင့်စိမ်းရင်တော့ လွတ်ပြီ အတွေးနှင့် ဘေးချင်းယှဉ်လျက်ကားသို့ အကြည့်ရောက်သွားမိစဉ် ခါးမျက်နှုံးများ ပင့်တက်သွားသည်။

နွေသစ်။ ကားတွေ တရွေ့ရွေ့တိုးစဉ် သူ့ကားက ဘေး ရောက်လာပုံပင်။ သူမဦးနောက်ထဲ ရေဒါလှိုင်းတွေ လှုပ်ရှားသွားသည်။ အခွင့်အရေးကို လက်လွှတ်မခံသင့်ဘူး မဟုတ်လား။

"နွေသစ်"

နွေသစ်က ရုတ်ချင်းလှည့်ကြည့်သည်။

"ဩော် . . . ခါး ဘယ်သွားမလို့လဲ"

"Junction Square ကို သွားမလို့။ နွေသစ်ရော"

"အိမ်ပြန်မှာ"

"ဒါဆို အတော်ပဲ။ နွေသစ် အားရင် ခါးနဲ့အဖော်လိုက် ပေးပါလား။ ဈေးပတ်တဲ့အခါ ခါးတစ်ယောက်တည်း ဖြစ်နေလို့"





နွေသစ်က စဉ်းစားသလို တစ်ချက်တွေခနဲ ဖြစ်သွားသည်။

"အလုပ်ရှိနေရင်လည်း ခါးကို အားမနာနဲ့နော်"

"အလုပ်မရှိပါဘူး။ အဖော်လိုက်ပေးမယ်လေ"

ခါး၏အပြုံးက တလက်လက်တောက်ပသွားသည်။

Junction Square ရောက်တော့ အင်္ကျီဆိုင်တစ်ခုထဲ ခါး ဝင်လိုက်သည်။ နောက်ကိုကြည့်လိုက်တော့ နွေသစ် ပါမလာ။ အပေါက်ဝတွင် ရပ်ကျန်ခဲ့သည်။

"လာလေ . . . နွေသစ်"

"အပြင်ကပဲစောင့်လိုက်တော့မယ်"

"ခါးကို အင်္ကျီမရွေးကူတော့ဘူးလား"

"မိန်းကလေးအင်္ကျီ မရွေးတတ်ဘူး ခါးရဲ့။ ပြီးတော့ ဒီလို မိန်းကလေးသီးသန့်ဆိုင်ထဲလည်း မဝင်ချင်ဘူး"

"ဟောတော့ . . . ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"မသိဘူး . . . ဝင်ရမှာ တစ်မျိုးပဲ"

နေ့သစ်ကိုကြည့်ပြီး ခါး အသာရယ်မောလိုက်မိသည်။ လိုအပ်သည်ထက် ပို၍ ရက်တာတ်သော ယောကျ်ားတစ်ယောက်ပဲ ဟူ၍လည်း မှတ်ချက်ချလိုက်မိသည်။

"ကဲ . . . ဒါဆိုလည်း အရုပ်ဆိုင်ပဲသွားလိုက်တော့မယ်"

"ခါး အကျႌဝယ်မယ်ဆို . . . ဝယ်လေ"

"နောက်တစ်ခါမှပဲ ဝယ်တော့မယ်။ ဒီကိုလာတာ အဓိက ရည်ရွယ်ချက်က မွေးနေ့လက်ဆောင်အရုပ် ဝယ်ချင်လို့"

အရုပ်ဆိုင်၌ အခုတလော ခေတ်စားနေသည့် angry bird အရုပ်ကိုပဲ ခါး ဝယ်ဖြစ်သည်။ လျှောက်လာရင်း စာအုပ်ဆိုင်တွေ့တော့ နေ့သစ်က ဦးဆောင် ဝင်သွားသည်။ Original စာအုပ်ချည်း ရောင်းသည့်ဆိုင်ဖြစ်သည်။ လိုက်ကြည့်ဖြစ်ပေမယ့် စာအုပ်တော့ မဝယ်ဖြစ်ပေ။

(( လဝန်းကုဋေစာပေ ))



သူမ၏ဘေးတွင် တိတ်ဆိတ်စွာလိုက်ပါနေသော နေ့သစ်ကို ခါး ငဲ့စောင်းကြည့်လိုက်မိသည်။ သူမဆီက စကားတစ်ခွန်းစမှ နေ့သစ်ဆီက တုံ့ပြန်စကားတစ်ခွန်း ထွက်လာသည်။ သူကြည့်ရတာ မိန်းကလေးတစ်ယောက်နှင့် ဆုံစဉ် ရောက်တတ်ရာရာ စကားဖောင်ဖွဲ့၍ ရင်းရင်းနှီးနှီး နေတတ်ပုံမရဟု ခါး တွေးမိပြန်သည်။

"နေ့သစ် ဈေးပတ်ရတာ ပျင်းနေပြီလား"

"ရပါတယ် ခါးရဲ့ ဘာမှမဖြစ်ပါဘူး"

"တကယ်လား . . . နေ့သစ်ကြည့်ရတာ သိပ်စိတ်မပါသလိုပဲ"

"အမှန်အတိုင်း ဝန်ခံရရင်တော့ ဝါသနာမပါဘူး။ ဈေးပတ်တဲ့ အလေ့အကျင့်ကို မရှိတာ"

"ဒါဆို နေ့သစ်ဝတ်ဖို့ အကျႌကျတော့ ဘယ်လိုဝယ်လဲ"

နေ့သစ်က တစ်ချက်ရယ်လိုက်ကာ . . .

(( လဝန်းကုဋေစာပေ ))

www.burmeseclassic.com

www.burmeseclassic.com



"ခါးကလည်း စစ်စစ်ဖေါက်ဖေါက်ကို မေးတော့တာပဲ"

"အာ . . . ဆောရီးနော် . . . မဖြေနဲ့တော့"

"ဘာမှမဖြစ်ပါဘူး။ ဖြေမှာ ါ။ ယောက်ျားလေးဆိုတာက မိန်းကလေးလောက် အဆာမကျယ်ဘူးလေ။ ကိုယ်ဝတ်ချင်တဲ့ Brand ချည်း သီးသန့်တင်တဲ့ဆိုင်ကို သွားပြီး လိုချင်တာကို ကောက်ဆွဲလာရုံနဲ့ ကိစ္စပြီးတယ် ခါးရဲ့"

ခါး ခေါင်းညိတ်၍သာ နားထောင်နေလိုက်သည်။ သူ၏ အဝတ်အစားသီအိုရီ နားထောင်ရင်းနှင့် သူ၏ဝတ်စားတတ်ပုံကိုပါ အာရုံက သတိထားမိသွားသည်။ တီရှပ်နှင့် ဂျင်းဘောင်းဘီကိုသာ အမြဲတမ်း ရိုးရှင်းစွာ ဝတ်ထားတတ်လျက် ဂျင်းဘောင်းဘီကိုလည်း အခုခေတ်ကောင်လေးတွေလို အလွန်ကျပ်သော သို့မဟုတ် အလွန်ပွသော ဘောင်းဘီမျိုး ဝတ်လေ့မရှိ။ ခြုံကြည့်လိုက်လျှင် သူ့ပုံက ပဲမများတတ်မှန်း သိသာလွန်းလေသည်။





ခါးသည် မုဆိုးဆိုလျှင် နေ့သစ်သည် မုဆိုး၏ စောင့်ကြည့်မှုကို ခံနေရသည့် သားကောင်ဖြစ်ပေလိမ့်မည်။ ခါးသည် နေ့သစ်၏ စိတ်နေစိတ်ထား၊ အမူအကျင့်တို့ကို လေ့လာနေမိသည်။ နေ့သစ်၏ ရင်ဘတ်ထဲသို့ တိုးဝင်ရန် ကြိုးစားရာ၌ ဘယ်နည်းလမ်းက အထိရောက်ဆုံးဖြစ်နိုင်မလဲ။

ဘာပဲဖြစ်ဖြစ် ဒီနေ့ ကံကောင်းထောက်မစွာ နေ့သစ်နှင့် အတူ ဈေးပတ်ခွင့်ရတာက သူမနှင့် သူ့ကြား ပိုမိုနီးကပ်လာစေသည် ဟု ခါး ခံစားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃ )

"ငါ စာအုပ်တစ်အုပ်ထဲမှာ ဖတ်ရတာကွ။ ကျီးကန်းတွေမှာ စကားသုံးခွန်းလောက်ရှိတယ်တဲ့။ ရုရှလူမျိုးဘာသာဗေဒသုတေသီတစ်ယောက်က ပြောခဲ့တာ"

သူ၏စကားကို စိတ်ဝင်တစားနားထောင်နေသော အောင်မြင့်နှင့် ထွန်းဦးကို ကြည့်ကာ နေသစ် ဆက်ပြောသည်။

"အဲဒီသုံးခွန်းက အစာတွေလို့ အော်တဲ့အသံ။ ရန်သူတွေ.





လို့ အော်တဲ့အသံ၊ ပြီးတော့ ဗိုမဇရျာ့မြှုတဲ့အသံတဲ့။ ဒါထက် ပိုထူးခြားတာက မြို့ကျီးကန်းက တောကျီးကန်းထက် စကားနှစ်လုံး ပိုတတ်ကျွမ်းတယ်တဲ့ကွ"

နေသစ်က လက်ဖက်ရည်ကို တစ်ငုံမော့လိုက်သည်။ စကား မဆက်သော နေသစ်အား ထွန်းဦးက စိတ်မရှည်ပုံဖြင့် . . .

"ဆက်ပြောလေကွာ"

"အဲဒီစကားနှစ်လုံးကို စာရေးဆရာက ဆက်မရေးထားဘူးကွ"

"ဟာကွာ . . . ဟတ်ကော့ပဲ"

ဖြစ်ပျက်သွားသော ထွန်းဦးမျက်နှာကို ကြည့်ပြီး အောင်မြင့်က ပြုံးစိစိဖြင့် . . .

"ဖြစ်နိုင်တာက ကျီးကန်းပွဲစားတွေ စားခွက်လုတဲ့အသံနဲ့ ဖြတ်ခုတ်ခံရလို့ မကျေမနပ်ဖြစ်နေတဲ့အသံ ဖြစ်လိမ့်မယ်ကွ။ မြို့နဲ့



www.burmeseclassic.com

www.burmeseclassic.com



တော ကွာတာဆိုလို့ ဒါပဲရှိတာ . . . ဟား . . . ဟား"

အောင်မြင့်စကားကို သဘောကျစွာ နွေသစ်တို့လည်း ပြု
မိကြရသည်။

စကားဆက်မပြောဖြစ်ဘဲ သုံးယောက်သား ကင်တီးအော
ကွန်ကရက်လမ်းထက် ဖြတ်သွားဖြတ်လာများကို ငေးကြည့်နေဖြ
သည်။ အခုလို မိုးအုံ့နေသည့်အချိန်မျိုး၌ လက်ဖက်ရည်ကို ဝ
မြှုပ်ငုံသောက်ရတာလောက် ဖိမ်ကျတာမရှိဟု နွေသစ် တွေးမိသည်

ပီကေကို တဖောက်ဖောက်မှုတ်လျက် ကျောင်းသူ သ
ယောက်ဖြတ်သွားသည်။ ကိုရီးယားမင်းသားတွေလို မိန်းမအော
ကောက်စွတ်လာသည့် ငနဲသုံးကောင်ကိုလည်း တွေ့ရသည်။

"အဲဒါ ဘယ်မေဂျာကကောင်တွေလဲ"

မျက်စိနောက်သွားပုံရသော ထွန်းဦးက မေးသ
နွေသစ်ရော အောင်မြင့်ပါ ခေါင်းခါပြလိုက်သည်။

လဝန်းကုဋေစာပေ



လှုပ်လီလှုပ်လဲ့နဲ့ ပဲခပ်များများ ကျောင်းသူနှစ်ယောက်
ဖြတ်သွားချိန်မှာတော့ အောင်မြင့်က နွေသစ်အား လှည့်ကြည့်ကာ

"မင်းရည်းစားမရှိဘဲ အချစ်ကဗျာတွေရေးတော့ ခံစား
ချက်တွေ ဘယ်ကရလဲ"

"ဒီလိုပဲ စိတ်ကူးယဉ်ကြည့်ရတာပေါ့"

"မင်း ခံစားချက်အစစ်ရှာဖို့ စိတ်ကူးမရှိဘူးလား"

"ကဗျာရေးဖို့အတွက်နဲ့တော့ ရည်းစားတစ်ယောက်
ကောက်ထားစရာအကြောင်း မရှိဘူးထင်တယ်ကွ"

"ဘာလဲ . . . မင်းက လူပျိုကြီးလုပ်မှာလား"

ထွန်းဦးကပါ ကောက်ကာငင်ကာ ထမေးလာသည်။ ဒီနေ့
မှ ဒီကောင်နှစ်ကောင် ဘာဖြစ်တာပါလိမ့်။ သူတို့မှာ ရည်းစား လက်
ပ်လက်ရင်းရှိနေတိုင်း ရည်းစားလက်မဲ့ မောင်ဖုန်းကို မျက်စောင်း
ထိုးချင်ပုံပင်။

လဝန်းကုဋေစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ပါဘူး"

"ဒါဆိုလဲ ရှာတော့လေကွာ။ တက္ကသိုလ်တက်တုန်း မရှာ ရင် ဘယ်အချိန်သွားရှာမလဲ။ အလုပ်ထဲမှာ ရှာဖို့တော့ မစဉ်းစားနဲ့ နော်။ မင်း ရွေးကျန်ပဲရလိမ့်မယ်"

"မင်းတို့ကောင်တွေ ဘာဖြစ်နေတာလဲ"

"မင်းဆီမှာ နားချင်လို့ ရစ်ဝဲရစ်ဝဲလုပ်နေတဲ့ လိပ်ပြာလေ မင်း အိုက်တင်ခံနေတာနဲ့ တခြားလူလက်ထဲပါသွားမှာစိုးလို့ပေ ကွာ"

ကဗျာအသုံးအနှုန်းတွေကို စကားထဲ ထည့်သုံးလိုက်ရ အတော်ကျေနပ်သွားပုံဖြင့် အောင်မြင့်က ရေနွေးကြမ်းကို တစ် ကျိုက်မော့သည်။ နေ့သစ် မျက်မှောင်တွန့်သွားမိကာ . . .

"အဲဒီလိပ်ပြာက ဘယ်သူ့ကို ပြောတာလဲ"

"မင်း နည်းနည်းတောင် မရိပ်မိဘူးလား နေ့သစ်ရာ။ ခိ





လေကွာ . . . ခါးပန်းတမာ"

နေ့သစ် တွေခနဲ ငြိမ်သက်သွားမိသည်။ ခါး၏မျက်နှာက အာရုံထဲပေါ်လာသည်။

"မဖြစ်နိုင်ဘူးထင်တယ်ကွ။ ခါးပုံစံက ရိုးရိုးသားသားပါ"

"နေ့သစ် . . . နေ့သစ် ဒီနေရာမှာတော့ မင်း တော်တော် ဒူသွားပြီ။ ဘယ်မိန်းကလေးကရော မင်းကို သိသိသာသာကြီး ဆန်းပြားပြနေမလဲကွ။ ဒါပေမဲ့ မင်းအပေါ်ထားတဲ့ ခါးပန်းတမာရဲ့ သဒ္ဒါက လွန်ကို လွန်နေတယ်။ ဟိုအရှေ့တစ်ပတ်က သူတို့အိမ်မှာ အလှူလုပ်လို့ဆိုပြီး မင်းအတွက် ကြာဇံချက်တွေ ယူလာပေးတယ်။ ပြီးခဲ့တဲ့အပတ်က မင်းအတွက် ဝင်းငြိမ်းနှင့်စာရေးဆရာများ (၂) ဆိုတဲ့ စာအုပ်ကို လက်ဆောင်ပေးတယ်။ လွန်ခဲ့တဲ့သုံးရက်လောက် က သူသူငယ်ချင်းနှစ်ယောက်လုံး မလာလို့ တစ်ယောက်တည်း ပျင်းလို့တဲ့ အကြောင်းပြချက်နဲ့ တို့ကင်တီးမှာ လာထိုင်တယ်။ ကဲ .



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလား ပြော"

"ဟုတ်တယ် နေ့သစ်၊ မင်း စိတ်ကူးမလွဲနဲ့၊ ခါးပန်းတမာ
က ငါ့စင်ရိုင်းလေးကွ၊ သူ့ကို မျက်စိကျနေတဲ့ကောင်တွေလည်း ရှိ
တယ်"

တစ်ယောက်တစ်ခွန်း တွန်းတွန်းတိုက်တိုက် ပြောနေကြ
သော ထွန်းဦးနှင့် အောင်မြင့်စကားကို နားထောင်ပြီး နေ့သစ် စိတ်
ထဲ အူတိအူကြောင့် ခံစားချက်တွေ ဝင်လာခဲ့သည်။

သူ့အဖြစ်က ဘာနဲ့တူလဲဆိုတော့ ကိုယ့်ကံစွဲနဲ့ ကိုယ်လာ
တဲ့ လူတစ်ယောက် လမ်းခုလတ်မှာ မဲလိပ်တစ်လိပ်အပေးခံရသလို
ဖြစ်နေတယ်။ ဟိုဖလားထဲ သွားထည့်လိုက်။ ခင်ဗျား တစ်ခုခုတော့
ပေါက်မှာပဲလို့ အပြောခံလိုက်ရသလိုပဲ၊ အလကား ရတာပဲ ဘာပဲ
ဖြစ်ဖြစ် ယူမယ်ကွာ ဆုံးဖြတ်လိုက်ရကောင်းလား။ ပေါက်ပါပြီ
ဒီကံစမ်းမဲ မဖောက်တော့ပါဘူးလို့ ရှောင်လိုက်ရကောင်းလား။ ဒီလို





ကျတော့ နှမြောစရာကြီး။

မဲဖောက်ပါပြီတဲ့ ပေါက်တဲ့ပစ္စည်းက အိမ်သာခွက်ကြီး
ဖြစ်နေရင် ဒုက္ခ။ ကိုင်သွားရလည်း မလွယ်၊ ပစ်ချရလည်း ခက်။

ဟာ . . . ဒုက္ခပါပဲ။ သူ ဘာတွေတွေးနေပါလိမ့်။ ခါးနဲ့
အိမ်သာခွက်က ဘာဆိုင်လို့လဲ။ ဒါက အချစ်နဲ့ဆိုင်တာ၊ ခါးနဲ့အချစ်၊
အချစ်နဲ့ခါး၊ ဒါကို သူ တွေးရမှာ။

ဟူး . . . မလွယ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



## တစ်ဖက်သတ်အချစ်

တစ်ဖက်သတ်အချစ်မို့
တစ်ကွက်နဲ့ဖြစ်ဖြစ်
မျက်နှာသာလေးပေးလှည့်ပါ . . .
လှရိပ်မမြင်အဝေးမှပင်
တိတ်တခိုးမျှော်ငေး
ဖူးတွေ့ခွင့်လေး ပေးလှည့်ပါ
အိပ်မပျော်ည ချောက်ချားလှမို့





စိတ်ဖြေရာပေး ခဏလေးဖြစ်ဖြစ်
အိပ်မက်ခွင့်လေး ပေးလှည့်ပါ
အဆွေးကမ္ဘာ ချာချာလည်မို့
အတွေးကမ္ဘာ ယာယီဘဝမှာ
ပြောပြခွင့်လေး ပေးလှည့်ပါ။
ကွဲအက်နလုံး ကန္တာရအဆုံးမှာ
ပူလောင်ပြင်းရှ နာကျင်လှမို့
သက်သာရင်အေး ခဏလေးဖြစ်ဖြစ်
တိုင်တည်ခွင့်လေး ပေးလှည့်ပါ . . . အချစ်ရယ်။

နေ့သစ် ဘောပင်ကို ချလိုက်သည်။ အစအဆုံး တစ်ခေါက်ပြန်ဖတ်ပြီး သိပ်များနလွန်းနေမလားဟု တွေးမိသည်။ ဘာပဲဖြစ်ဖြစ် စိတ်ထဲမှာတော့ ပေါ့သွားသည်။ ဒါက သူ့ ကဗျာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ပုဒ်ရေးပြီးတိုင်း စံစားနေကျရသပင်။

နေ့လယ်တုန်းက အောင်မြင့်တို့ပြောသည့် ခါးအကြောင်း ကြားပြီး အခု ကဗျာရေးမယ် စဉ်းစားတော့ သူ့ခေါင်းထဲ ဒီစာလုံးတွေ ပေါ်လာခဲ့တာပင်။ နေ့သစ် ကိုယ့်ဘာသာတစ်ယောက်တည်း ပြုံးလိုက်မိသည်။

လက်ဖက်ရည်သောက်ချင်သည့်စိတ်က ပြင်းပြင်းပြပြ ပေါ်လာသည်။ လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကို သွားဖို့ သူ ဆုံးဖြတ်လိုက်သည်။ မိုးကာဂျာကင်တစ်ထည်ကို ကောက်စွပ်ကာ သူ အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ဧည့်ခန်းတွင်ထိုင်၍ တီဗွီကြည့်နေသော မေမေနှင့်ဖေဖေကို တွေ့ရသည်။

"သား . . . ဘယ်လဲ"

"လမ်းထိပ်က လက်ဖက်ရည်ဆိုင်သွားမလို့"





"ထီးယူသွားဦး၊ မိုးသည်းလာဦးမယ်"

"ရတယ် မေမေရဲ့၊ မိုးကာဂျာကင်ဝတ်ထားတယ်၊ သွားပြီနော်"

မေမေ၏ အေး . . . အေး . . . အသံက သူ့နောက်မှာ ကျန်ခဲ့သည်။ လက်ဖက်ရည်ဆိုင်ရောက်တော့ စားပွဲတစ်လုံးတွင် ထိုင်နေသော ကိုတိုးကြီးကို တွေ့ရသည်။ သူ့ကိုမြင်တာနှင့် ကိုတိုးကြီးက . . .

"နေ့သစ် . . . လာဟေ့"

စားပွဲတွင် ဝင်ထိုင်လိုက်သည်။ စားပွဲထိုးလေးက အနား လာရပ်ကာ . . .

"အစ်ကို . . . ထုံးစံအတိုင်းပဲလား"

"အေး"

"ရှယ်ကျဆိမ့်တစ်ခွက်"



www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးလေးက ခေါ်ရင်း ထွက်သွားသည်။

"ကိုတိုးကြီး . . . ခေါင်းလာဆေးတာလား။ ကုန်ကြမ်း လာရှာတာလား"

"ထွက်ပေါက်လာရှာတာကွ"

"ဟား . . . ဟား . . . ဘယ်လိုဖြစ်တာလဲ ကိုတိုးကြီးရဲ့"

"မိန်းမက တဂျိုက်ဂျို တဂျာဂျာလုပ်နေလို့ကွ။ ထုတ်ဝေသူက စာမူတောင်းနေတာတောင် ရှင်က ဘာလို့ပြီးအောင် မရေးထားတာလဲ . . . ဘာလဲ . . . ညာလဲနဲ့ကွာ။ ဦးနှောက်ကိုများ ညှစ်တိုင်း အရည်ထွက်တဲ့ သံပရာသီးအောက်မေ့နေလား မသိဘူး"

ကိုတိုးကြီးက နာမည်ရ စာရေးဆရာတစ်ယောက် ဖြစ် သည်။ တစ်ရပ်ကွက်တည်းသားချင်းဖြစ်သည့်အပြင် နေ့သစ်က လည်း စာပေဝါသနာအိုးပဲမို့ ပေါင်းမိကြတာပင်။

နေ့သစ်မှာထားသော လက်ဖက်ရည် လာချသည်။ ပူသော





တာမို့ သူ မသောက်ဘဲ အအေးခံထားလိုက်သည်။ ကိုတိုးကြီးက ဆက်ပြောသည်။

"မိန်းမတွေများကွာ ရည်းစားဘဝတုန်းကသာ ချစ်ဖို့ကောင်းတာ။ ယူလည်းယူပြီးရော တော်တော်အမြင်ကက်စရာ ကောင်းတဲ့အမျိုးစားကွ။ မိန်းမဆိုတာ မရှိမကောင်း ရှိမကောင်း၊ မပေါင်းလည်း ခက် ပေါင်းလည်းခက် ဆိုတဲ့စကား တကယ်မှန်တယ်"

နေ့သစ် ပြုံးလိုက်မိရင်း . . .

"ကိုတိုးကြီး နောက်တစ်အုပ်ရေးမယ့်စာအုပ်က မိန်းမမုန်းတဲ့လူတစ်ယောက်ပေါ် အခြေတည်တဲ့ ဇာတ်လမ်းတော့ မဟုတ်ပါဘူးနော်"

ကိုတိုးကြီးက တွေခနဲဖြစ်သွားပြီးမှ နေ့သစ်အား စူးစမ်းသလို ကြည့်ကာ . . .



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲ"

"စာရေးဆရာတစ်ယောက် ပြောတာ ကြားဖူးလို့ပျ။ သူက သူတည်ထားတဲ့ ဇာတ်လမ်းကို တစ်ယောက်ယောက်ကို ပြောပြလိုက်ရင် ပြောရင်း ပြောရင်းနဲ့ ဇာတ်လမ်းက ပိုရုပ်လုံးစကြွလာတယ်တဲ့။ ရေးဖို့အတွက် ပိုပြီး အဆင်သင့်ဖြစ်သွားတယ် ဆိုပါတော့ဗျာ"

ပြောပြီး နေ့သစ်က လက်ဖက်ရည်ကို တစ်ငုံသောက်လိုက်သည်။

"လူအမျိုးမျိုး အကျင့်စရိုက်အမျိုးမျိုးပေါ့ကွာ။ ငါကတော့ အဲဒီလို မဟုတ်ဘူး။ လောလောဆယ် အိမ်က မိန်းမကို တကယ်ဒေါသထွက်နေတာကွ။ လူက စာရေးဖို့ ကီသွင်းလို့မရတဲ့အထဲ လာနားပူနေလို့ ဒေါသဖြစ်ဖြစ်နဲ့ ဒီထွက်လာခဲ့တာ"

ကိုတိုးကြီးမိန်းမ မရှည်မွန်ကို မြင်ယောင်မိရင်း နေ့သစ်





ပြုံးမိရပြန်သည်။ တကယ်တော့ ကိုတိုးကြီး သူ့မိန်းမကို ဘယ်လောက်ချစ်သလဲဆိုတာ သိတာကြောင့်လည်း ပို၍ ပြုံးချင်မိတာပင်။ မရှည်မွန်က ကိုတိုးကြီးထက် ငယ်သလို တော်တော်လည်း ချောသည်။ ကိုတိုးကြီးက ဒေါသဖြစ်တယ် ဒေါသဖြစ်တယ်နှင့် သူ့မိန်းမကို ကြိမ်းမောင်းဟိန်းဟောက်ဖို့ စိတ်ကူးတာမဟုတ်။ အလိုလိုက်လိုက်တာလည်း လွန်ပါရော။ ကိုတိုးကြီး၏အချစ်ကို သိနေတော့ မရှည်မွန် ကြည့်ရတာ ကမ်းတက်လာပုံရသည်။ ရှေ့နောက်မကြည့် အနိုင်ယူမည်။ ဂျီကျချောင်များမည်။ ကိုတိုးကြီးကလည်း သူ့မိန်းမကိုတော့ ဘာတစ်ခွန်းမှ ပြောခဲ့မှာမဟုတ်။ ဒီရောက်မှ သူ့ဒေါသကို သူ ပြန်အန်ထုတ်နေတာပင်။



www.burmeseclassic.com

www.burmeseclassic.com



ကိုတိုးကြီးကို နှုတ်ဆက်ပြီး နေ့သစ် လက်ဖက်ရည်ဆိုင်မှ ပြန်ထွက်လာခဲ့သည်။ ဂျာကင်ထဲ လက်နှိုက်ရင်း ပလက်ဖောင်းအတိုင်း ခပ်ဖြည်းဖြည်းလျှောက်လာမိသည်။ ဖားတစ်ကောင်က သူ့ရှေ့နားက ခုန်ဖြတ်သွားပြီး လမ်းကူးနေသည်။ မာကျူရီ၏ စူးရှသော အလင်းတန်းအောက်တွင် လေနှင့်အတူ လွင့်ပါးနေသော မိုးရေ အမှုန်အမွှားတွေကို တွေ့နေရသည်။





ခုချိန်မှာ သူ့ရင်ထဲမှ ကဗျာတစ်ပုဒ် ထွက်ကျလာနိုင်မလား။ အတွေးတွေက ဟိုလွင့် ဒီလူးဖြစ်နေမိစဉ် ခါးမှာချိတ်ထားသော ဖုန်းက တီးလုံးသံပေါ်လာသည်။

display တွင် ပေါ်နေတဲ့နာမည်က ခါးတဲ့။ ဦးနှောက်ဆဲလ်တွေက ရုန်းခနဲ ကြွသွားသလိုရှိသည်။

"ဟယ်လို . . . ခါးလား"

"ဟုတ်တယ် . . . နေ့သစ် မံနက်ဖြန် နေ့သစ် ကျောင်းသွားမှာလား"

"သွားမှာပေါ့"

"ခါးက မနက်ဖြန်ကျောင်းမတက်ဖြစ်ဘူး။ အဲဒါ ချိုလက်တို့အဆောင်ဖုန်းကို ဆက်တော့လည်း ဆက်လို့မရလို့လေ။ နေ့သစ်ကျောင်းရောက်ရင် ချိုလက်တို့ကို ခါးမလာတဲ့အကြောင်း နည်းနည်း ပြောပေးပါလား။ လက်မှတ်ထိုးထားပေးလို့"



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်၊ သွားပြောပေးလိုက်မယ်"

"ကျေးဇူးနော်"

"ရပါတယ် ခါးရဲ့၊ ကျောင်းက ဘာလို့မတက်တာလဲ"

"ဒီနေ့ မိုးမိသွားတယ်လေ။ နှာစေးပြီး ဖျားချင်နေလို့။ ဆေးတော့ သောက်ထားပြီးပါပြီ"

"ဪ . . . ကောင်းသွားမှာပါ။ နွေးနွေးထွေးထွေးနေပေါ့"

ပြောစရာစကား ကုန်သွားသည်မို့ တစ်ယောက်နှင့် တစ်ယောက် ဘာဆက်ပြောရမှန်း မသိ။ ဖုန်းလည်း မချဖြစ်ဘဲ တစ်ဖက်က အသက်ရှူသံကို တစ်ဖက်က ကြားနေရသည်။

"နွေသစ် အခု ဘာလုပ်နေတာလဲ"

"လက်ဖက်ရည်ဆိုင်က ပြန်လာတာ၊ အခု လမ်းပေါ်မှာ"

"မိုးရွာနေလား"





"နည်းနည်းပါ။ အခုမှ နည်းနည်းဖွဲလာတယ်"

"ထီးဆောင်းထားဦးနော်"

"ထီးမပါဘူး ခါးရဲ့"

"ဟယ် . . . ဟုတ်လား။ မိုးမိနေဦးမယ် နွေသစ်ရယ်၊ အခု တုတ်ကွေးတွေအဖြစ်များနေတယ်တဲ့"

"အိမ်ရှေ့ရောက်နေပြီ"

"ဪ . . . ဟုတ်လား . . . ဟတ်ချိုး . . . ဟတ်ချိုး . . ဒါပဲနော် နွေသစ်"

"အင် . . . အင်း"

ဟတ်ချိုးချေသံတွေပေးကာ ခါးက ဖုန်းချသွားသည်။ နွေသစ် ခြံတံခါးကို တွန်းဖွင့်ဝင်လိုက်သည်။

ရင်ထဲမှာ အေးအေးလေးဖြစ်နေသလားလို့၊ ကျေနပ်သလိုလို . . . ဘာလိုလို . . .။ လိုလိုတွေသာများနေလျက် တိကျ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ ခံစားချက်ကတော့ သူ့ရင်ထဲဖြစ်တည်မလာ။ ပြင်းပြင်းရှရှရသ တွေ၊ တသသ စွဲလမ်းမြင်ယောင်နေတာတွေ စသည်ဖြင့် အချစ်ဟု တွေးထင်လောက်စရာ ခံစားချက်တွေက ရှာဖွေ၍ မတွေ့သေး။





"ငါ့ပါးစပ် ချဉ်နေပြီကွ။ အပြင်မှာ ဆေးလိပ်ဖွာပြီး ပြန်လာ ခဲ့မယ်"

ပြောပြီး အောင်မြင့် ထထွက်သွားသည်။

ရန်ကုန်ဝာဏ္ဏသိုလ် စာကြည့်တိုက်ထဲ စာအုပ်မွှေချင်တာ နှင့် အောင်မြင့်ကို အဖော်ခေါ်ကာ နေ့သစ် ရောက်နေတာ ဖြစ် သည်။ အောင်မြင့်က လှည်းတန်းက အပြင်ဆောင်တစ်ခုတွင် နေ တာမို့ မိန်းထဲလာချင်တိုင်း အောင်မြင့်ကိုပဲ အမြဲခေါ်ဖြစ်သည်။

ထွက်သွားသော အောင်မြင့်က တော်တော်နှင့် ပြန်မလာ။



www.burmeseclassic.com

www.burmeseclassic.com



နေ့သစ် အကြောတစ်ချက်ဆန့်လိုက်မိသည်။ စာအုပ်ကို ပြန်သွားအပ်ပြီး အသစ်တစ်အုပ် ရွေးရန် စာအုပ်နာမည်ကတ်ပြား တွေ ထည့်ထားသည့် အံဆွဲလေးများကို ဖွင့်၍ ရှာနေမိစဉ် အောင်မြင့် ပြန်ဝင်လာသည်။

သူတစ်ယောက်တည်းတော့ မဟုတ်။ နောက်မှာ ခါးနှင့် ရှိုးလက်ဖြူက အတွဲလိုက်။

"ဟာ . . . ဘယ်လိုက ဘယ်လိုတွေ့လာကြတာလဲ"

"မိန်းထဲမှာ ဒီပလိုမာတက်နေတဲ့ အသိတစ်ယောက်ကို နယ်က လူကြုံပါးလိုက်လို့လေ။ အဲဒါ လာပေးတာ။ လူရှာရဦးမယ်"

ရှိုးလက်စကားအဆုံးတွင် အောင်မြင့်က ဝင်ပြောသည်။

"အဲဒါ ငါ လိုက်ကူရှာပေးလိုက်ဦးမယ်"

"ငါပါလိုက်ခဲ့မယ်လေ"

ဒီလိုနဲ့ နေ့သစ်ပါ လိုက်လာခဲ့သည်။





သင်တန်းကိုရောက်တော့ ရှိုးလက်၏အသိ ကောင်မလေး က ပြန်သွားပြီတဲ့။ သထုံလမ်းထဲက ဆရာမတစ်ယောက် အိမ်တွင် အခန်းငှားနေသည်တဲ့။ လိပ်စာပေးလိုက်သည်။ အဲဒါနဲ့ သထုံလမ်း ထဲ ချိတက်ဖို့ပြင်တော့ ရှိုးလက်ဖြူက . . .

"ငါနဲ့ခါးပဲသွားလိုက်တော့မယ်။ နင်တို့နှစ်ယောက် တကူး တကကြီး လိုက်ပေးနေရတာ အားနာတယ်"

"ဟာ . . . ရတယ်။ အဲဒီကောင်မလေးက အရိုးမြဲရဲ့သမီး မဟုတ်လား။ ငါနဲ့ အမျိုးတော်တယ်။ ငါလည်း သူ့ကို တွေ့ချင်တယ် ဟ။ သာကြောင်းမာကြောင်း မေးလို့ရတာပေါ့"

ရုတ်ခြည်းဆိုသလို အောင်မြင့်က အမျိုးထစပ်သည်။ ဒါတင်မက ရှေ့ဆက်ကာ စီမံခန့်ခွဲပါသည်။

"ဒီလိုလုပ်ရအောင် . . . ငါနဲ့ ရှိုးလက်ပဲ သွားလိုက်တော့ မယ်။ အိမ်ရှာရမှာနဲ့ လူတွေ့ရင် စကားပြောရည်မှာနဲ့ဆိုတော့ မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခါး ကျန်ခဲ့လိုက်တော့။ ပြီးမှ မိန်းထဲမှာ ပြန်ဆုံမယ်။ ဘယ်လိုလဲ"

အောင်မြင့်က နေ့သစ်အား ခါးတို့ မမြင်အောင် မျက်စိတစ်ဖက်မှိတ်ပြသည်။

"ကောင်းပါတယ်။ ဒါဆိုလည်း ခါးတို့ ကျန်ခဲ့လိုက်မယ်လေ"

သဘောတူလိုက်သော ခါးကြောင့် နေ့သစ် ဘာမှမပြောတော့ဘဲ ငြိမ်နေလိုက်သည်။

အဓိပတိလမ်းမအတိုင်း ဘွဲ့နှင်းသဘင်ကို ဦးတိုက်၍ သူတို့နှစ်ယောက် တိတ်တိတ်ဆိတ်ဆိတ်ပင် လျှောက်လာခဲ့သည်။

ခါးအား နေ့သစ် ငဲ့စောင်းကြည့်လိုက်မိသည်။ ဘာကြောင့်ရယ် မသိ သူ့စိတ်ထဲ တစ်မျိုးကြီး ခံစားရသည်။

ထွန်းဦးနှင့် အောင်မြင့်စကားတွေ ခေါင်းထဲဝင်လာ၍ ဖြစ်သည်။ ခံစားမှုဆိုသည့်သဘောကလည်း ဆန်းသား။ ခါးက ရိုးသား





သည်ဟု ထင်တုန်းက သူလည်း ဘာမှမခံစားရပေ။ အခု ခါးက ဆန်းနေသည်ဟု မြင်သောအခါ . . .

"စာကြည့်တိုက်ကိုပဲ ပြန်သွားကြမလားဟင် . . . နေ့သစ်"

"ခါး ပျင်းနေမလား"

"မပျင်းပါဘူး။ ခါးလည်း စာအုပ်ဖတ်မယ်လေ"

နေ့သစ် ခေါင်းညိတ်လိုက်သည်။

အောက်ကို ပြိုကျတော့မတတ် နိမ့်ဆင်းနေသော မိုးတိမ်တောင်များအောက်တွင် ရန်ကုန်တက္ကသိုလ်ဝင်းကြီးတစ်ခုလုံး ခပ်မှိုင်းမှိုင်းဖြစ်နေသည်။

အဓိပတိလမ်းမှနေ၍ စာကြည့်တိုက်ဘက် ချိုးချလိုက်တော့ အုံ့ဆိုင်းနေသော ကုံကော်ပင်များကြောင့်ထင် ပတ်ဝန်းကျင်က ပိုအုံ့မှိုင်းသွားသည်။ ထိုစဉ် . . .

"အမယ်လေး"



www.burmeseclassic.com

www.burmeseclassic.com



"ကျွီ . . . ဘိုင်း"

"အား"

လျှပ်တစ်ပြက် သုံးစက္ကွန့်။

"ဟာ . . . ခါး"

နေ့သစ် ဘယ်လိုမှ လှမ်းဆွဲ၍ မမီလိုက်သော သုံးစက္ကွန့်

လည်း ဖြစ်ပါသည်။

ခါးက အလန့်တကြားခုန်လိုက်ခြင်းနှင့်အတူ ပြန်အက

တွင် ရေညှိနှင့် ဘိုင်းခနဲ ချော်လဲခြင်း။

"အကောင် . . . အကောင်"

ခါးက မျက်စိစုံမှိတ်၍ အော်သည်။

"ဘာကောင်လဲ . . . ဘာကောင်လဲ"

ပြူးပြူးပြဲပြဲကြည့်တော့ ကင်းလိပ်ချောတစ်ကောင်။ ကြည့်

ရတာ ကင်းလိပ်ချောက ခါး ခြေထောက်ရှေ့က ဖြတ်ပြေးပုံပင်။

⦅ လဝန်းကုဋ္ဌေစာပေ ⦆



"ကင်းလိပ်ချော ခါးရဲ့ ထွက်သွားပြီ . . . လာ . . . လာ

ထရအောင်။ ကျွန်တော့်လက်ကို အားပြုလိုက်ပါလား"

ပြောရင်း ခါးအား လက်မောင်းရင်းမှ ကိုင်ကာ နေ့သစ်

ဆွဲထူလိုက်သည်။

ခါးတစ်ယောက် အကြောက်တရားတွေ ကုန်ဆုံးသွားချိန်

မှာ အရှက်တရားတွေ ဝင်ရောက်လာပုံရသည်။ မျက်နှာက နီရဲပျက်

ပွင့်းလာရုံမက မျက်လုံးတွေက အခုပင် ငိုချတော့မယောင် ဖြစ်

လာသည်။

ခါး၏ပုံကိုကြည့်ရင်း နေ့သစ် အတော်သနားလာမိသည်။

"နာနေလား ခါး . . . လမ်းလျှောက်လို့ရလား"

သူ့နှင့်မျက်လုံးချင်းမဆုံဘဲ ခါးက ခေါင်းညိတ်ပြသည်။

ပြီးတော့ တစ်လှမ်း နှစ်လှမ်း လျှောက်သည်။ ရသည်။ သုံးလေး

ငါးလှမ်း ဆက်လျှောက်သည်။ ရသည်။

⦅ လဝန်းကုဋ္ဌေစာပေ ⦆

www.burmeseclassic.com

www.burmeseclassic.com



အခုအခြေအနေက ကိုရီးယားဖာတ်လမ်းတွေထဲကလို မင်းသမီး လဲကျ၊ လမ်းမလျှောက်နိုင်၊ မင်းသားကို တွဲပြီး လျှောက်၊ သို့တည်းမဟုတ် ကျောပိုး ဒီလိုဟုတ်ပုံမရ။ ခါးကြည့်ရတာ လျှောက်ဟုဆိုလျှင် ဘယ်လောက်နာနေနေ အံကြိတ်ခံကာ သူ၏အတွဲကို မခံဘဲ အမိပတိလမ်းဆုံးအောင် လျှောက်မယ့်သဘောရှိသည်။

တော်သေးတာက သူတို့အနီးအနားတွင် ကျောင်းသားကျောင်းသူတွေ တစ်ယောက်မှမရှိ။ ဟိုဘက်ခပ်လှမ်းလှမ်းရှိ ကျောင်းသားတွေကလည်း လျှပ်တစ်ပြက် ဒီဖြစ်ရပ်ကို သတိထားလိုက်မိပုံမရ။

ဒီတော့ ခါး၏ မဟာအရှက်တော်က သူ့တစ်ယောက်တည်းအပေါ် အိုးစားကွဲသည်။ သူကတော့ ဘယ်လိုမှမနေသော်လည်း ခါးမှာတော့ သူနဲ့မျက်လုံးချင်း မဆုံရဲအောင် ဖြစ်နေပြီ။

"ခါး . . . ခါး . . . အိမ်ပြန်ချင်တယ်"





"ဒါဆို ကျွန်တော် Taxi သွားငှားပေးမယ်၊ ခါး ရှေ့နားက အုတ်ခုံလေးမှာ ခဏထိုင်စောင့်နေပါလား။ ရလား . . . ကျွန်တော့်ကို တွဲပါလား"

"ဟင့်အင်း . . . ခါးဘာသာခါးလျှောက်နိုင်ပါတယ်"

အုတ်ခုံလေးပေါ် ခါးထိုင်ပြီးတာနှင့် ကျောင်းဝင်းအပြင်သို့ နေ့သစ် အမြန်လျှောက်ထွက်ခဲ့သည်။

လျှောက်ရင်း ကားယူလာခဲ့ရင် ကောင်းသားဟု တွေးမိသည်။ နေ့သစ် တက္ကသိုလ်စတက်ကတည်းက အဘွားက သူ့အတွက် ကားတစ်စီးဝယ်ပေးသည်။ ဒါပေမဲ့ သူ့စိတ်ကလည်းတစ်မျိုး။ သူများကြားလျှင် ကြွားဖြစ်ဟု ထင်နိုင်မည့်အတွေးတချို့ကို ပိုင်ထားသည်။

ကျောင်းသားဆိုလျှင် ဖယ်ရီစီးမှ ကျောင်းသားပီပြင်သည်ဟု ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခုက အဆောင်နေချင်သည့်ရောဂါလည်း သူ့မှာ ရှိသည်။ အဆောင်နေကျောင်းသားတို့၏ ဒုက္ခသုက္ခ၊ ပြဿနာမျိုးစုံ၊ လွတ်လပ်မှု၊ ဒီသဘာဝတွေကို သူ ပီပီပြင်ပြင် ခံစားချင်သည်။

ကျောင်းဂိတ်ဝရောက်လာပြီမို့ Taxi တစ်စီး ကား၍ သူပါ ကားပေါ်တက်ထိုင်ပြီး ခါးဆီ ပြန်လာခဲ့သည်။

ခါး ကားပေါ်တက်ပြီး သူပါ တက်ဖို့ ပြင်တော့ ခါးက . . .

"ရှိုလက်တို့ပြန်လာဦးမှာ မဟုတ်လား။ ခါး တစ်ယောက်တည်းပဲ ပြန်လိုက်တော့မယ်"

"ဖြစ်ပါ့မလား ခါးရဲ့ ကျွန်တော်ပါ လိုက်ခဲ့မယ်လေ"

"ရတယ်။ Taxi က အိမ်ရှေ့အရောက်ပဲဟာ။ ခါးကို စိတ်မပူပါနဲ့။ ခါး သွားပြီနော်"

Taxi နောက်မီးကို ငေးကြည့်ရင်း နေ့သစ်ကျန်ခဲ့သည်။

တစ်စစဝေးသွားသော Taxi ကားလေးနှင့် အဓိပတိ





လမ်း။

R.C Hall နဲ့ ဘွဲ့နှင်းသဘင်။

မိုးသားတိမ်တောင်နဲ့ ကံ့ကော်တော။

ဖတ်ဖူးခဲ့သော ဝတ္ထုဇာတ်လမ်းများထဲက ခံစားချက်တချို့ သူ့ရင်ထဲ ရုတ်တရက် စီးဝင်လာသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄ )

အရင်တုန်းက နေ့သစ်ရှိရာအရပ်ကို မရောက်ရောက်အောင် သွားသော ခါးသည် ချော်လဲတဲ့ကိစ္စဖြစ်ပြီးနောက်ပိုင်း နေ့သစ်ကို ရှောင်နေမိသည်။

နေ့သစ်အနားသို့ တိုးကပ်သွားရမည့်ကိစ္စကလည်း ရှိသေးသည်။ ချော်လဲတဲ့အဖြစ်အပျက် အာရုံထဲပေါ်လာတိုင်းလည်း နေ့သစ်ကို ရှက်သည်။





ဒီရက်ပိုင်းအတွင်း ခါး ဒွိဟစိတ်တွေနှင့် လုံးထွေးနေခဲ့သည်။

ဒီနေ့က မနက်ပိုင်းတွင် Practical တစ်ချိန်သာ ရှိသည်။ Practical က စောစောလုပ်၍ပြီးလျှင် စောစောထွက်၍ရသည်။ ရှိုလက်နှင့် မေသော်ထက် ခါး အရင်ပြီးခဲ့တာမို့ ကင်တီးမှာ စောင့်မယ်နော်ဟု သူတို့ကို ခပ်တိုးတိုး ကပ်ပြောကာ ခါး Practical ခန်းထဲမှ ထွက်လာခဲ့သည်။

"ခါး . . . ခါး"

နောက်မှခေါ်သံကြောင့် ခါး လှည့်ကြည့်လိုက်တော့ နေ့သစ်ကို တွေ့ရသည်။ ခါးမျက်နှာ ဖြန်းခနဲရဲတက်သွားသည်။ ရှက်စိတ်ကို ရင်ထဲ မျိုသိပ်လိုက်ကာ ခါး အလှပဆုံး ပြုံးပြလိုက်သည်။

"ခါး . . . ကျွန်တော်တို့ကင်တီးဘက်ကို မလာတာ ကြာပြီနော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . နွေသစ်ရဲ့ အခုတလော Physics ကင်တီးမှာပဲ ပြန်ထိုင်ဖြစ်နေတယ်"

"ပြီးခဲ့တဲ့အပတ်တုန်းက ကျွန်တော် Physics ကင်တီးမှာ လာထိုင်သေးတယ်။ ခါးကို တွေ့ချင်လို့လေ"

နွေသစ်က အနည်းငယ် တုံ့ဆိုင်းနေပြီးမှ . . .

"ကျွန်တော် ခါးကို ပြောစရာလည်းရှိတယ်"

"ဟုတ်လား . . . ဘာလဲ ပြောလေ"

နွေသစ်နှင့် စကားပြောလိုက်တော့လည်း ခါး စိတ်ထဲ ထင်သလောက် မရှုက်တော့။ နွေသစ်က ဟိုဒီဝေ့ကြည့်သည်။ ထို့နောက် ခါးအား ခပ်အမ်းအမ်းမျက်နှာဖြင့် ကြည့်ပြန်သည်။

"လမ်းပေါ်မှာဆိုတော့ ပြောရမှာ တစ်မျိုးကြီးပဲ ခါးရဲ့"

"ဪ . . . ဒါဆို ကင်တီးသွားရအောင်လေ"

"ကင်တီးသွားလို့ မဖြစ်ဘူး။ ဟိုခုံတန်းလေးဆီ သွားရ



ပန်းအကြွေမခြောက်ခင် ဓမ်းရေမနွေးတက်ခင် အလွမ်းတွေမပျောက်ပါစေ ရ

အောင်"

ကုက္ကိုပင်အောက်ရှိ ခုံတန်းလေးဆီ နွေသစ် ဦးတည်သွားတာမို့ ခါးလည်း နောက်မှလိုက်လာခဲ့သည်။

ခုံတန်းလေးတွင် ထိုင်လိုက်ပြီးသည့်တိုင် နွေသစ်ဆီမှ စကားသံ ထွက်မလာ။ လက်နှစ်ဖက်ကို ပွတ်လျက် တစ်ခုခုကို ချိန်ဆသလိုဖြင့် အပြောခက်နေပုံရသော နွေသစ်ကို ခါးကြည့်နေမိပြီးမှ . . .

"နွေသစ် ဘာပြောချင်လို့လဲဟင်"

"ကျွန်တော် အခုပြောမယ့်စကားကို ဘယ်မိန်းကလေးကိုမှ မပြောဖူးဘူးဗျ။ ခါးက ပထမဆုံးပဲ။ ကျွန်တော်က လိုချင်ပေမယ့် ခါးပေးချင်မှ ပေးပါ။ ခါး မပေးရင်လည်း ကျွန်တော် အပြစ်မတင်ပါဘူး။ စိတ်ဝဲမပါရင်လည်း အတင်း မတောင်းပါဘူး။ စိတ်တော့ မဆိုးစေချင်ဘူးဗျ။ ခါး စိတ်မဆိုးဘူးဆိုမှ ကျွန်တော် ပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



နေ့သစ် အပျိုးဖောင်းသောအခါ ခါး အတွေးက ချော် တောငေ့ါသွားတော့သည်။

"ခါးစိတ်မဆိုးပါဘူး နေ့သစ်ရဲ့၊ ဘာလဲ . . . ဖနေ့သစ်မှာ ငွေရေးကြေးရေး အခက်အခဲရှိနေလို့လား"

"အာ . . . မဟုတ်ပါဘူး ခါးရဲ့ . . . ဟင်း . . . ဟင်း"

နေ့သစ်က ရယ်လိုက်တာကြောင့် ခါးလည်း ပြုံးဘုံ့ဘုံ့လေး ဖြစ်သွားရသည်။ နေ့သစ်က ခါးကို ခပ်နက်နက်လေး စိုက်ကြည့် လာသည်။ တစ်မျိုးလေး ခံစားလိုက်ရပေမယ့် အဲဒီအချိန်ထိ ခါး မရိပ်မိသေး။

"ခါး . . . ခါးကို ကျွန်တော် ချစ်တယ်"

ပွင့်ဟသွားသော နှုတ်ခမ်းနှစ်လွှာမှလွဲလျှင် ခါးနှုတ်မှ အာမေဋိတ်သံတောင် မထွက်နိုင်ခဲ့ပါ။

မထင်မှတ်သောအချိန်တွင် မထင်မှတ်သောနေရာ၌





မထင်မှတ်သော စကားက အသံတိတ် ကျည်ဆန်တစ်တောင့်ပမာ ခါး နားစည်ကို ဖောက်ထွင်းသွားခဲ့သည်။

စက္ကန့်များစွာ သူ့မျက်ဝန်းများကို ငေးကြည့်နေမိပြီးမှ ခါး မျက်လွှာချဖို့ သတိရသည်။

ဒီစကားကို ကြားရဖို့အတွက် ခါး ကြိုးစားလိုက်ရတာ။

လောလောလတ်လတ် ရည်းစားစကားအပြောခံရသည့် မိန်းကလေးတစ်ယောက် အနေဖြင့် ရှင်လိုက်ဖိုသွားတာ၊ ကတုန် ကယင်ဖြစ်လာတာ၊ ထူပူသွားတာ၊ ဒါတွေအားလုံး ခါး မသိ။ ခါး အတွေးထဲ မြင်ယောင်လာမိတာက အန်တီလေး၏မျက်နှာ။



www.burmeseclassic.com

www.burmeseclassic.com



"တော်တယ် . . . ခါးကို အန်တီလေး ပြုစုပျိုးထောင်ရ ကျိုး နပ်တယ် . . . ဟား . . . ဟား . . . ဟား"

အူလိုက်သည်းလိုက် ရယ်ဖနေသော အန်တီလေး၏ပုံစံက အောင်ပွဲရ စစ်သူကြီးတစ်ယောက်လိုပင်။

ခါး ကျေနပ်စွာ ပြုံးနေမိသည်။ အန်တီလေးသည် ခါး၏ မိဘဆိုလည်း ဟုတ်သည်။ လောကကြီးထဲရှိ ခါး၏တစ်ဦးတည်း





သော ဆွေမျိုး၊ အဒေါ်အရင်းလည်း ဖြစ်သည်။ ခါး၏မှီခိုရာ အားကိုးရာ အန်တီလေး ပျော်လျှင် ခါးလည်း ပျော်သည်။ အန်တီလေး ဖြစ်စေချင်တာကို ဖြစ်အောင်လုပ်ပေးနိုင်သည့်အတွက် ခါးကိုယ် ခါး ကျေနပ်သည်။

"ဒေါ်မမကြီး . . . ဒေါ်မမကြီး . . . ဝဋ်တွေတစ်ပတ်လည် တော့မယ်။ ရှင် လုပ်ခဲ့သမျှ အခုပြန်ခံစားရတော့မယ်"

အန်တီလေးအသံက နာကြည်းဟန်အပြည့်နှင့် ဖြစ်သည်။ ဒေါ်မမကြီးဆိုတာ နေ့သစ်၏ အဘွားမှန်း ခါး သိထားသည်။

"ခါး"

"ဟုတ် . . . အန်တီလေး"

အန်တီလေးမျက်လုံးများက ခါး မျက်နှာထက်၌ တန့်နေသည်။ စကားသံက ချက်ချင်းထွက်မလာ။ ခါး ငြိမ်သက်စွာ နား ထောင်ဖနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခါးပန်းတမာဆိုတဲ့နာမည်ကို အန်တီလေး ဘာဖြစ်လို့ ပေးခဲ့လဲ သိလား။ အဲဒီမိသားစုပေါ်မှာ မုန်းတဲ့အမုန်းတွေက ရင်ထဲထိအောင် ခါးလွန်းလို့။ ဒီအမုန်းတွေကို စက္ကန့်မလပ် သတိရနေချင်လို့ ဒီနာမည်ကို ပေးခဲ့တာပဲ"

အန်တီလေးစကားတွေကို နားထောင်ရင်း ခါးရင်ထဲ တင်းကြပ်လာခဲ့သည်။ အန်တီလေးက ဆက်ပြောသည်။

"အစ်ကို ထောင်ကျတယ်၊ ထောင်ထဲမှာ ဖသေတယ်။ အစ်မက အစ်ကို့နောက်လိုက်သွားတယ်။ စီးပွားရေး တစ်ခုလုံး ပျက်စီးခဲ့ရတယ်။ အခုလို လူတန်းစေ့နေနိုင် စားသောက်နိုင်ဖို့အတွက် အန်တီလေး ဘဝကို ဘယ်လိုပေးဆပ်ခဲ့ရလဲ သိလား။ ရောဂါသည် မုဆိုးဖိုတစ်ယောက်ကို မချစ်ပေမယ့် အောင့်ပြီး နမ်းခဲ့ရတယ်"

"တော်ပါတော့ အန်တီလေးရယ်။ ခါး ဘာလုပ်ရမယ်ဆို





တာ ခါး သိပါတယ်။ သူတို့မိသားစုကို မုန်းတယ်။ သူ့ကိုလည်း မုန်းတယ်။ အဖေ ထောင်ကျခဲ့သလို သူလည်း ထောင်ထဲရောက်မှ ခါး ကျေနပ်နိုင်မယ်"

ခါး၏မျက်လုံးများက စိမ်းလက်လာသည်။ အမုန်းသည် ခါး၏ နှလုံးသားကို ဆွဲယူနှစ်မြှုပ်ပစ်လိုက်သည်။

"ကောင်းတယ် . . . အခုချိန်ကစပြီး ဒီကောင်လေးဆီက အချစ်တွေကို ချူယူဖို့ ကြိုးစားတော့။ ယောကျ်ားတွေက တကယ်ချစ်လာပြီဆိုရင် အဲဒီမိန်းမပြောသမျှအားလုံး လိုက်လုပ်တော့တာပဲ။ ဒီအခြေအနေအထိဖြစ်အောင် ခါး ကြိုးစားရမယ်"

အန်တီလေး၏အသံက ခါးနားထဲသို့ စိမ့်ဝင်သွားသည်။

အပြင်မှာ မိုးက အငြိုးနှင့်ရွာနေဆဲ။ တဖွားဖွားလာစင်သော မိုးစက်များကြောင့် ပြတင်းပေါက်မှန်က ခပ်ဝါးဝါးမှိုင်းနေသည်။ အပြင်ကို သဲသဲကွဲကွဲ မမြင်ရ။



www.burmeseclassic.com

www.burmeseclassic.com



လက်ခနဲ ပြက်လိုက်သော လျှပ်ရောင်နှင့်အတူ မိုးခြိမ်းသံ ‌တွေ တစ်တွဲလည်း လိုက်ပါလာသည်။ ကောင်းကင်ဝယ် သကြား နှင့် အသူရာ စစ်ခင်းနေကြလေသလား။





အရပ်သုံးဆယ့်နှစ်မျက်နှာလုံး အတွဲတွေနှင့် လက်ညှိုးထိုး မလွဲသော အင်လျားကန်၏ ခုံတန်းတစ်ခုတွင် ခါးတို့ ထိုင်ဖြစ်ကြ သည်။

ခါးနှင့်တစ်ထွာလောက်အကွာတွင် ထိုင်နေသော နှုတ်သစ် ပုံစံက သက်သောင့်သက်သာ ရှိလှသည်။ အင်းလျားကန်၏ အစပ် ခါးတို့နှင့် မျက်နှာချင်းဆိုင် ကောင်းကင်မှ တလိပ်လိပ်တက်နေ သော မိုးသက်တိမ်တောင်များကို ငေးကြည့်နေသည့် သူ့ပုံက မြင်ကွင်းကျယ်ရေးဆွဲထားသော ပန်းချီကားတစ်ချပ်ကို ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သလိုပင်။

နေ့သစ်သည် တော်တော်လေး စည်းစောင့်တတ်သည့်

ယောကျ်ားဖြစ်ကြောင်း ခါး တဖြည်းဖြည်းနှင့် သိလာရသည်။

နှစ်ယောက်အတူထိုင်ဖြစ်ကြလျှင် ခါးနှင့် ပူးပူးကပ်ကပ် ထိုင်ဖို့ သူ ဘယ်တုန်းကမှ မကြိုးစား။ အမြဲတမ်း တစ်ထွာအကွာ ခါးအတွက်တော့ ကောင်းလေစွ။ ခါးကို ပခုံးဖက်ဖို့ မရည်ရွယ်သလို သူ့ပခုံးပေါ် ခါးခေါင်းကို ဖေးတင်ခိုင်းဖို့လည်း မတောင်းဆို။ လူ မြင်ကွင်းကြီးမှာ ဒီလိုနေကြတာ ရှက်စရာတဲ့။ ကောင်းလေစွ။

ဒါပေမဲ့ ခြွင်းချက်အနေဖြင့် သူ့ဘက်က တောင်းဆိုတာ လည်းရှိသည်။ ရည်းစားတစ်ယောက်အနေနှင့် ခါး၏ လက်ကလေး နှစ်ဖက်ကတော့ သူ့ရဲ့ ရပိုင်ခွင့်တဲ့။ ပြီးတော့ သူ့ကို မောင်လို့ခေါ် ပါတဲ့။

လွတ်လပ်၍ တရားမျှတသဖြင့် ခါး ထောက်ခံမဲ ပေး





လိုက်သည်။

"ခါး . . . မောင့်မျက်နှာမှာ ဘာတွေ့ရလဲ"

သူ့မျက်နှာကို ငေးကာ ခါး အတွေးလွန်သွားတဲ့တာပင်။ ဒီလိုဆိုတော့လည်း အမေးခံရတာ ရှက်စရာ။

"ဘာတွေ့လဲလို့"

ပြန်မဖြေဘဲ ရှက်ပြုံးသာပြုံးနေမိသော ခါးကို နေ့သစ်က စချင်သည့်မျက်လုံးများဖြင့် ကြည့်ကာ ဆက်မေးသည်။

"မောင့်ကို ခါးမေးစရာရှိတယ်"

မေးဆိုသည့်သဘောဖြင့် နေ့သစ်က ခေါင်းဆတ်ပြသည်။

"မောင် ခါးကို ဘာလို့ချစ်တာလဲ"

"ထူးထူးဆန်းဆန်းပါလား။ တကယ်တော့ ဒီမေးခွန်းက မောင့်ကို အဖြေပြန်မပေးခင် မေးရမယ့်မေးခွန်း ခါးရဲ့ အခုချိန်မှာ မေးသင့်တာက မောင် ခါးကို ဘယ်လောက်ချစ်လဲလို့ မေးရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း . . . မောင် ခါးကို ဘာလို့ချစ်လဲဆိုတာပဲ သိချင်တာ၊ ဘာလဲ . . . မောင် ဖြေရခက်နေပြီမဟုတ်လား"

"မခက်ပါဘူး ခါးရဲ့၊ ခါးချော်လဲလို့ မောင်ချစ်သွားတာ"

"ဘာ . . . ချော်လဲလို့"

"ဟုတ်တယ်။ ခါး ချော်လဲလို့ မောင် ထူလိုက်တဲ့အချိန်မှာ ရှက်နေတဲ့ ခါးမျက်နှာလေးက သိပ်သနားစရာကောင်းတာပဲ၊ နောက်တော့ ခါးနဲ့မောင် မတွေ့ဖြစ်ဘူး။ ခါးမျက်နှာကိုပဲ မောင် ခဏ ခဏ မြင်ယောင်နေမိတယ်၊ အဲဒီမှာ ခါးကို မောင်ချစ်သွားပြီ ဆိုတာ သိလိုက်တာပဲ"

"ချော်လဲလို့ပဲ ချစ်ရတယ်လို့ မောင်ရား ဆန်းလိုက်တာ"

"ဟုတ်တယ်နော် . . . သူများတွေကြားလို့ ကြောင်တယ်လို့ ပြောရင်လည်း ချော်လဲလို့ချစ်သွားမိတာ အပြစ်လားလို့ပဲ ပြန်မေးရမှာပဲ"





ပြောပြီး မောင်က ရယ်သည်၊ သူ့ပုံက လိမ်နေသည့်ပုံမပေါ်။ ခါး သိသလောက် နေ့သစ်က မလိမ်တတ်ပါ၊ တော်ပါပြီ၊ မတွေးတော့ဘူး။ ဘာလို့ပဲချစ်ချစ် အခုချိန်မှာ ခါး လုပ်ရမယ့်အလုပ်က သူ ခါးအပေါ် ပိုပြီးချစ်လာစေဖို့ပဲ၊

"ခါးကိုလည်း မောင် မေးဦးမယ်၊ ခါးနာမည်က တခြားလူတွေနဲ့ သိပ်မတူဘူးနော်။ ခါးမိဘတွေက ဘာလို့ ဒီနာမည်မျိုး ပေးတာလဲ"

ခါးအာရုံကြောတွေက ဆတ်ခနဲ ရှန်းထသွားသလို ရှိသည်၊

"ခါးနာမည်က ဘာဖြစ်နေလို့လဲ"

"ဟဲ . . . ဟဲ . . . မောင်ပြောရင် ခါး စိတ်ဆိုးမှာ"

ရယ်ကျဲကျဲနှင့် ပြောသော နေ့သစ်ကို ကြည့်ပြီး ခါး သက်ပြင်းကို ခပ်မျှဉ်းမျှဉ်းချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဆိုးပါဘူး . . . ပြောပါဦး"

"ခါးနာမည်ကို စကြားတုန်းက မောင့်စိတ်ထဲမှာ ကြက်ဟင်းခါးသီးကို ကိုက်ချလိုက်ရသလို ခံစားရလို့ ခါးရဲ့ . . . ဟင်း . . . ဟင်း"

"ဟယ် . . . ကြည့် . . . မောင်ကတော့ လုပ်ပြီ"

ခါးမျက်လုံးလေး ပြူးကာ ပြောလိုက်မိသည်။ နေ့သစ်က ရယ်ဟာဟာနှင့်ပင် . . .

"ခါး စိတ်မဆိုးဘူးဆိုလို့ မောင် ပြောပြတာနော်"

ခါး မျက်စောင်းထိုးလိုက်တော့ နေ့သစ်က ပို၍ပင် သဘောကျသလို ဆက်ရယ်နေတော့သည်။

ကန်ရေပြင်မှ တိုက်ခတ်လာသောလေက မိုးရနံ့များကို သယ်ဆောင်ကာ ခါး ဆံနွယ်တွေကြားထဲ တိုးဝှေ့ဝင်ရောက်သွားသည်။





နေ့သစ်နှင့်အတူရှိစဉ်အခိုက် ခါးရင်ထဲ ပျော်သလို ခံစားရသည်။ အနှိတီလေးရှေ့ရောက်တော့လည်း နေ့သစ်ကို မုန်းတီးမိပြန်သည်။ နေ့သစ်ကို မုန်းလာသည့်အခါတိုင်း နေ့သစ်နှင့် အတူရှိစဉ် ပျော်သလို ဖြစ်သွားခဲ့သော ခါး စိတ်များအတွက် ခါးကိုယ်ခါး ပြန်မုန်းတီးမိပြန်ပါသည်။ ဇက်ကြိုးတပ်ရန် ခက်လှသော ခံစားမှုတွေကြား ခါး မောပန်းလှပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဖလော်ဆောင်၏ လေ့ကားအတိုင်း ခါး တက်လာခဲ့သည်။ နေ့သစ်တို့ အတန်းက ညနေပိုင်းတစ်ပိုင်းလုံး အားနေပြီ။ ခါးတို့မှာတော့ ညနေပိုင်း စာသင်ချိန်တစ်ချိန်ရှိသည်။ ခါး အတန်း တက်ပြီးတာနှင့် တွေ့ကြဖို့ပြောထားတာကြောင့် ခါး နေ့သစ်ကို လာခေါ်တာပင်။

ထောင့်ချိုးအတိုင်း ကွေ့ထွက်၍ ကော်ရီတာအတိုင်း ခါး လျှောက်လိုက်သည်။ ထိုစဉ် မြင်လိုက်ရသောမြင်ကွင်းကြောင့် ခါး ခြေလှမ်းများ တုန့်ခနဲရပ်သွားသည်။ နေ့သစ်နှင့် ကောင်မလေး





တစ်ယောက် ကော်ရီတာလက်ရန်းကို မှီ၍ ဖုန်း Screen ကို မျက်နှာချင်း နီးကပ်စွာ ငုံ့ကြည့်နေကြသည်။ ရုတ်တရက် ကောင်မလေး မျက်လုံးများက ပြူးသွားလျက် နေ့သစ်လက်ထဲမှ ဖုန်းကို လိုက်လုသည်။ နေ့သစ်က ရယ်လျက် ဖုန်းကိုင်ထားသော လက်ကို မြှောက်တင်လိုက် ဘေးဖယ်လိုက်နှင့် ကောင်မလေး မလုနိုင်အောင် ကာကွယ်နေသည်။

တွန်းတွန်းထိုးထိုးဖြစ်နေကြသော သူတို့နှစ်ယောက်ကို ကြည့်ရင်း ခါးရင်ထဲ ပူလောင်လာသည်။ ရုတ်ခြည်းပင် မြင်ကွင်းကို ကျောခိုင်းလိုက်မိသည်။ မျက်လုံးကို စုံမှိတ်ကာ အသက်ကို ခပ်ပြင်းပြင်း ရှူလိုက်မိတော့ စိတ်က ပြန်ငြိမ်သက်သွားသလိုပင်။

နေ့သစ်ကို ခါးက ချစ်နေတာ မဟုတ်။ မုန်းနေတာ။ ဒီလို ခံစားချက်တွေ ဖြစ်ပေါ်လာစရာအကြောင်း မရှိ။ ခါးရဲ့ အလုပ်က တစ်ခုတည်းပဲ ရှိတယ်။ နေ့သစ်ကို သိမ်းသွင်းဖို့၊ နေ့သစ်ကို ထောင်



www.burmeseclassic.com

www.burmeseclassic.com



ထဲ ရောက်အောင်ပို့ဖို့၊ အဲဒီအတွက် ခါးရဲ့ဝတ္တရားဝန်က နေ့သစ် ခါး အပေါ် ချစ်သထက် ချစ်လာအောင်၊ ပြီးတော့ ခါးပြောသမျှ လိုက်လုပ်အောင် စွမ်းဆောင်နိုင်ဖို့ပဲ၊

ကိုယ့်ကိုယ်ကိုယ် ဆုံးမလိုက်တော့ ခါး စိတ်တွေ တည်ငြိမ်မှုရလာသည်။ နေ့သစ်ရှိရာဘက် မျက်နှာပြန်မူလိုက်ပြီး ခါး ခြေလှမ်းကို ခပ်မှန်မှန်လှမ်းခဲ့သည်။ မျက်နှာက အကြည်လင်ဆုံးဖြစ်အောင် ပြင်ဆင်ထားလျက်ပေါ့။

"နေ့သစ်"

လှုပ်ရှားမှုတွေ အားလုံးရပ်တန့်သွားလျက် နေ့သစ်ရော ကောင်မလေးပါ ခါးကို ကြည့်သည်။

"ဩော် . . . ခါး"

နေ့သစ်အား ခါး အလှဆုံးအပြုံးဖြင့် ကြည့်ပြီး . . .

"သွားကြမယ်လေ . . . မောင်"

လဝန်းကာရွှေစာပေ



ကောင်မလေးက ခါးအား စူးစမ်းသလိုမျက်လုံးများဖြင့် ကြည့်သည်။

"ခဏနော် . . . မောင် အတန်းထဲမှာ လွယ်အိတ်သွားယူလိုက်ဦးမယ်"

ခါး ခေါင်းညိတ်ပြလိုက်သည်။ နေ့သစ်က အတန်းထဲ ခပ်သုတ်သုတ်ဝင်သွားသည်။ ကောင်မလေးကပါ နေ့သစ်နောက်လိုက်သွားရင်း . . .

"နေ့သစ် . . . နင့်ဖုန်းထဲက ငါ့ပုံကို ဖျက်ပေးနော်။ နင် လျှောက်ပြလို့ကတော့ ငါနဲ့အတွေ့ပဲ။ နင့်အဘွားကို ငါ လာတိုင်မှာနော်"

အသံတွေက လွင့်ပျံ့ကျန်ခဲ့သည်။ ခါး သက်ပြင်းကို အကြောင်းပြချက်မဲ့စွာ ချလိုက်မိသည်။

"လာ . . . ခါး . . . သွားမယ်"

လဝန်းကာရွှေစာပေ

www.burmeseclassic.com

www.burmeseclassic.com



နေ့သစ်ဒဏ်ောနေမှ အတူလျှောက်နေရင်း ခါး နှုတ်ဆိတ်နေ
မိသည်။ တကယ်တော့ မိန်းကလေးပီပီ ခါးက စကားဖောင်ဖွဲ့နေကျ
ပါ။ အခုတော့ ခါး ပါးစပ်ဖျားမှ စကားလုံးတွေ ခန်းခြောက်နေသည်။
အတူတူလျှောက်ရင်း ဒီလိုတိတ်ဆိတ်မနေချင်တာမို့ အကြောင်း
အရာတစ်ခုခုကို ပြောဖို့ ခါး ပါးစပ်ဟလိုက်သည်။ သို့သော် ပြော
ချင်စိတ်က လည်ချောင်းဝမှာကင် ပျောက်ကွယ်သွားသည်။

ခါး နေ့သစ်မျက်နှာကို ကြည့်လိုက်သည်။ သူ့မျက်နှာက
ပကာတိ ကြည်လင်နေသည်။ ဒါဆို စွန်းထင်းနေတဲ့ ခါးရဲ့စိတ်ကပဲ
အပြစ်လား။ သူ့ကို မေးသင့်လား၊ မမေးသင့်ဘူးလား။ မေးရမှာပေါ့။
အဲဒီတစ်ယောက်က ခါးရဲ့ ပြိုင်ဘက်ဆိုရင် ဘယ်လိုလုပ်မလဲ။

"ခုနတုန်းကတစ်ယောက်က ဘယ်သူလဲ"

သူ ခါးကို ကြည့်လိုက်သည်။ ခါးမျက်နှာထက်မှ တင်းမာ
ရိပ်တရို့ကိုမြင်တော့ သူ အံ့သြသွားသည်။





"သြော် . . . ရီဝေကို ပြောတာ ထင်တယ်။ ဘာဖြစ်လို့လဲ
ခါး"

"နာမည်က ရီဝေတဲ့လား"

ခါးက ဘာမှဆက်မမေးဘဲ နှုတ်ဆိတ်နေသည်။ နေ့သစ်
ရယ်ချင်သွားမိသည်။ ခါးပုံစံက သူနှင့် ရီဝေအပေါ် တစ်မျိုးမြင်နေ
တယ်ဆိုတာ သိသာသည်။ ခါးဆီမှ ဒီလိုပုံစံမျိုး တစ်ခါမှ မတွေ့ဖူး
တာမို့ သူ့အတွက်တော့ ဆန်းသစ်နေသည်။ ခါးကို စချင်စိတ်က
တလိပ်လိပ်ပေါ်လာသည်။

"ရီဝေက အင်း . . . ဘယ်လိုပြောရမလဲ။ သူနဲ့မောင်က
ဟိုအရင်ကတည်းက . . . ဟိုလေ . . . ဘယ်လိုပြောရမလဲ
မသိဘူး"

"တော်ပါတော့"

ခါးအသံက ခပ်ဆောင့်ဆောင့်ထွက်လာသလို အကြည့်



www.burmeseclassic.com

www.burmeseclassic.com



စူးစူးတွေလည်း သူ့ဆီ ရောက်လာသည်။ ခါးအကြည့်တွေက မြား

သာဆို သူ့ရင်ဝစိုက်သေနေလောက်ပြီ။

"ငယ်သူငယ်ချင်းတွေလို့ ပြောမလို့ပါ ခါးရဲ့"

"ဟင့်အင်း . . . မပြောနဲ့တော့။ ခါး မကြားချင်တော့ဘူး"

"ခါး သဝန်တိုနေတာလား"

"ဘာ"

"ဟား . . . ဟား . . . ဟား"

ရုတ်တရက်ကြီး ဟက်ဟက်ပက်ပက် ရယ်ချလိုက်သော

နေ့သစ်အား ခါး မျက်လုံးပြူးနဲ့ကြည့်ပြီး မခံချိမခံသာဖြစ်ရ

လက်ထဲကိုင်ထားသော ဖိုင်တွဲဖြင့် တဖုန်းဖုန်းမြည်အောင် ရိုက်

လိုက်မိတော့သည်။

"အား . . . နာတယ် ခါးရဲ့ နာတယ်"

ရိုက်လိုက်ရ၍လား မသိ။ ခါးစိတ်ထဲ တင်းကြပ်နေသ





ပြေလျော့သွားသည်။

"ခါး တကယ်ဆော်တယ်ကွာ"

"ဆော်မှာပဲ။ လူကိုရယ်တာကို"

ခါးတို့ထိုင်နေကျ ခုံတန်းလေးဆီ ရောက်လာတာမို့ ဝင်

ထိုင်လိုက်ကြသည်။

"ရီဝေက ထွန်းဦးရဲ့ ကောင်မလေး ခါးရဲ့။ မောင် သူ့အိမ်

သွားရင်း သူငယ်ငယ်ကပုံတစ်ပုံတွေ့တယ်။ ဓာတ်ပုံထဲမှ ရီဝေ လုပ်

နေပုံက တော်တော်ရယ်စရာကောင်းတာနဲ့ မောင်လည်း ဖုန်းနဲ့

ဓာတ်ပုံရိုက်ခဲ့တာ။ အဲဒါ ထွန်းရီကိုပြမှာစိုးလို့ အသည်းအသန်

ဖျက်ခိုင်းနေတာလေ"

နေ့သစ် ရှင်းပြနေတာမို့ နားထောင်ပြီး ခါး ကျေနပ်သွား

မိသည်။

"ဘယ်သူမှ မမေးဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးထောင့်ကပ်ကာ ပြောသော ခါးကို နေ့သစ်ပြုံး၍ ကြည့်လိုက်ပြီး . . .

“မမေးဘူးဆိုပြီး သိချင်နေတာ မဟုတ်လား။ မောင့်ကို သဝန်တိုနေတာလေ”

“မဖြစ်နိုင်တာ . . . ခါးက သဝန်မတိုတတ်ဘူး”

နေ့သစ်က ဘာမှဆက်မပြော။ ရယ်ကျဲကျဲနှင့် သူ့ လွယ်အိတ်ထဲမှ စာအုပ်တစ်အုပ် ထုတ်သည်။ ခါးစာအုပ်နာမည်ကို ဖတ်ကြည့်လိုက်သည်။ တက္ကသိုလ်ဘုန်းနိုင်၏ ချစ်သူ့အိမ်အမိုး နောက်မှာ လမျောက်ခဲ့ခြင်းတဲ့။

“မောင် စာဖတ်မလို့လား”

“အင်း . . . ခါးရော ဘာလုပ်မှာလဲ။ Internet ကြည့် မလား။ မောင့်မှာ ipad ပါတယ်”

“ဟင့်အင်း . . . ဒီနေ့ ခါးမှာ အစီအစဉ်တစ်ခုရှိတယ်”





ခါးက လက်ညှိုးလေးထောင်ကာ ပြောသည်။ ထို့နောက် ခါး၏မျက်နှာက နေ့သစ်မျက်နှာနားသို့ တဖြည်းဖြည်း တိုးကပ်လာ လေသည်။ အစကတော့ နေ့သစ်အတွေးက ရိုးရိုးပါ။ ဒါပေမဲ့ ခါး မျက်နှာက ပို၍ ပို၍ နီးကပ်လာသောအခါ နေ့သစ်မျက်လုံးက တဖြည်းဖြည်း ပြူးလာကာ ကိုယ်ကို ယို့၍ မျက်နှာကို နောက်ဆုတ် လိုက်သည်။ ခါးက လက်နှစ်ဖက်ဖြင့် နေ့သစ်၏ မျက်နှာအား ညှပ် ကိုင်လိုက်သည်။

“ဟင် . . . ဘာလို့မျက်လုံးကို ပြူးထားတာလဲ။ ပုံမှန် နေစမ်းပါ”

“ခါး . . . ခါး . . . ဘာလုပ်မလို့လဲ”

“မောင့်မျက်နှာကို ကြည့်တာလေ။ မောင့်မျက်နှာက အစက်အပြောက်တွေ သိပ်မရှိဘူးပဲ”

ပြောပြီး ခါးက နေ့သစ်မျက်နှာအား ညှပ်ကိုင်ထားသော



www.burmeseclassic.com

www.burmeseclassic.com



သူမလက်နှစ်ဖက်ကို ရုတ်လိုက်သည်။ နေ့သစ်မှာ သူ အောင့်ထားမိသော အသက်ကို ခပ်ဝဝ ရှူသွင်းလိုက်မိစဉ် . . .

"မောင့်ကို အလှူပြင်ပေးမယ်"

"ဘာ"

နေ့သစ် အလန့်တကြား အော်လိုက်မိသည်။

"လန့်လိုက်တာ မောင်ရာ။ ဒီစကားလေးပြောတာ ဒီလောက်တောင် အော်ရလား"

"အော်ရတယ်။ မင်း မဟုတ်တာတွေ လျှောက်လုပ်ဖို့ စိတ်ကူးနေတာကိုး"

"တစ်ခါတည်းပါ မောင်ရယ် . . . နော်။ ခါးကို ချစ်ရင် ခါးအလိုလိုက်ရမယ်လေ"

"ဟင့်အင်း . . . အလှပြင်လိုက်ရင် အခြောက်ဖြစ်သွားမှာပေါ့"





"မဖြစ်ပါဘူး။ ခါးက အလှပြင်တာ အရမ်းမြန်တာ။ အများဆုံးကြာ ၁၀ မိနစ်ပဲ။ အလှပြင်ထားတဲ့ မောင့်မျက်နှာလေးကို မြင်ချင်လို့ပါနော်။ ပြီးတာနဲ့ မောင် မျက်နှာပြန်သစ်လိုက်လေ။ ခါးမှ မျက်နှာသစ်ဆေးလည်း ပါတယ်"

"ဟာ . . . မဟုတ်တာ။ ခါးရာ ကလေးကလားအလုပ်တွေ စိတ်မကူးစမ်းပါနဲ့"

"မောင်နော် . . . ခါး မောင့်ကို ဘာတွေအများကြီး တောင်းဆိုဖူးလို့လဲ။ ဒီတစ်ခါပဲ ခါး ဖြစ်ချင်တာကို ပြောတာ။ မောင် ဒီလောက်လေးတောင် ခါးအလိုမလိုက်နိုင်ဘူးဆိုရင် မောင့်အချစ်ကို ခါး ဘယ်လိုယုံရမှာလဲ"

အခုပင် စိတ်ကောက်တော့မလိုဖြစ်လာသော ခါးအား နေ့သစ်က တအံ့တဩကြည့်မိသည်။ မိန်းမတွေက ဘယ်လိုမျိုးပါလိမ့်။ ဒီလို ရေကုန်ပြီး ပဲမနူး၊ အကျိုးမထူးတဲ့ကိစ္စတွေမှာ အရစ်ရှည်



www.burmeseclassic.com

www.burmeseclassic.com



တတ်ကြပုံပေါ်သည်။

"ဘာဆိုင်လို့လဲ ခါးရာ"

"ခါးရယ်၊ ချိုလက်ရယ်၊ မေဓသော်ရယ် သုံးယောက်ထ

သဘောထူထားတာ။ ချစ်သူရရင် ကိုယ့်ချစ်သူကို ကိုယ် အလှပြင်

ပေးကြေးလို့။ ပြီးတော့ ဓာတ်ပုံအမှတ်တရ ရိုက်ထားမယ်လို့။ အခု

မေဓသော်က သူ့ရည်းစားကို အလှပြင်ပေးပြီးပြီ။ အခု မောင်က

ဘယ်လိုလဲ။ ခါးကို ဒီလောက်လေးတောင် မလုပ်ပေးနိုင်ဘူးလား"

နေသစ် မျက်နှာရှုံ့မဲ့ပြီး စိတ်လက်ညစ်စွာ ဆံပင်တွေ ကြား

ထဲ လက်ထိုးသွင်းလိုက်မိသည်။ ခါးအား မျက်လုံးရှေ့ကာ ကြည့်

မိတော့ သူ့အား မျှော်လင့်တကြီး ကြည့်နေသည့် ခါးမျက်လုံးများ

နှင့် ဆုံသည်။

သက်ပြင်းသာ သုံးလေးခါချပြီးသည့်တိုင် ဘာစကားသံ

ထွက်မလာသော နေသစ်ကို ကြည့်ပြီး သူမ သိပ်နိုင်စက်ရာ





သွားသလားဟု ခါး တွေးမိသည်။ ဒါပေမဲ့ နေသစ်ကို အလှပြင်

ပေးချင်သည့်စိတ်ကတော့ ခါးရင်ထဲ တကယ်ကို ပြင်းပြနေမိသည်။

ခါး တစ်ထစ်လျှော့ဖို့ ဆုံးဖြတ်လိုက်သည်။

"ခါးတို့ အလောင်းအစားတစ်ခု လုပ်ကြမလား။ ခါး နိုင်

ရင် အလှပြင်တာ မောင်လက်ခံပေးရမယ်။ မောင်နိုင်ရင်တော့

မောင့်သဘောပေါ့။ ဘယ်လိုလဲ"

နေသစ်က စိတ်လျှော့လိုက်သလိုဖြင့် ကိုယ်ကိုပါ အနည်း

ငယ် ပြင်ထိုင်လိုက်ရင်း . . .

"ကောင်းပြီလေ . . . ဒီအလောင်းအစားကို မောင် လက်ခံ

လိုက်တာ မောင့်အနေနဲ့ သိပ်လျှော့ပေးလိုက်တာနော်"

"အင်းပါ"

"ဘယ်လိုလုပ်မှာလဲ။ ခေါင်းပန်းလှန်မှာလား"

"အကြွေစေ့မှ မပါတာ။ ဒီလိုလုပ်ရအောင် ဟိုရှေ့က



www.burmeseclassic.com

www.burmeseclassic.com



စိန်ပန်းပင်တွေလား။ အဲဒီအောက်က ဖြတ်သွားတဲ့လူကို ရေကြ

တာပေါ့။ မောင်က ယောကျ်ားလေး ယူ၊ ခါးက မိန်းကလေး

ယူမယ်။ အချိန်ကို ၁၀ မိနစ် သတ်မှတ်မယ်"

"၁၀မိနစ်အတွင်း ဖြတ်သွားတဲ့လူတွေထဲမှာ ယောကျ်ား

များရင် မောင် အနိုင်။ မိန်းကလေးများရင် ခါး အနိုင်။ တကယ်လို့

မနဲ့ကျား အရေအတွက် တူနေရင် ဘယ်လိုလုပ်မလဲ"

ခါးက နွေသစ်၏မျက်နှာကို ခပ်ပြုံးပြုံးကြည့်ကာ . . .

"မောင့်ကို အနိုင်ပေးမယ်လေ"

"ဗိုး . . . တကယ်လား"

ခါး ခေါင်းညိတ်ပြလိုက်သည်။ နွေသစ်က လက်မှာ ပတ်

ထားသောနာရီကို မြှောက်ကြည့်လိုက်ရင်း . . .

"ကဲ . . . စလိုက်ရအောင်။ 1 - 2 - 3 - 4 - 5

0 ၉၀ "





စိန်ပန်းပင်အောက်ရှိ ကွန်ကရက်လမ်းဆီ ခါးရော နွေသစ်

ပါ စိတ်လှုပ်ရှားစွာ ကြည့်နေမိသည်။ အလောင်းအစားဆိုသည့်

ခေါင်းစဉ်အောက် ရောက်သွားတာနှင့် အရှုံးမခံချင်သည့်စိတ်က

ကြီးစိုးလာမြဲ။

ပထမဆုံး ဖြတ်ဝင်လာတာက ယောကျ်ားလေး သုံး

ယောက်။

"ဟဲ . . . ဟဲ . . . ဟဲ"

နွေသစ်၏ ဝမ်းသာပီတိသံ ထွက်ကျလာသည်။ ခါး မခံ

ချင်စွာ နွေသစ်အား ဘုကျိူးရှူးလိုက်သည်။

မိန်းကလေး ငါးယောက်ဖြတ်သွားသည်။ ဒီတစ်ခါတော့

ခါးအလှည့်ပေါ့။ လက်ခုပ်တီးရုံသာမက ခြေထောက်ကိုပါ ရှေ့

နောက် ယမ်းခတ်လိုက်သည်။ နွေသစ်က ဘာဖြစ်တာလဲ။ ကလေး

ဆန်လိုက်တာဟူသော အထာမျိုးဖြင့် မျက်မှောင်ကြုတ်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့သစ်က သာလိုက်၊ ခါးက သာလိုက်နှင့် ၃ မိနစ်ကျော်ရှိန်တွင် ယောက်ျားလေးက ၉ ယောက်၊ မိန်းကလေး ၁၂ ယောက် ဖြစ်သွားပြီးပြီ။ ခါးက အပြတ်အသတ်သာနေသည်။ ထို့စဉ် ယောက်ျားလေး ၂ ယောက် ဖြတ်သွားသည်။ ခါးက တစ်ယောက် သာနေသေးသည်။

"ဟင်း . . . ဟင်း . . . မောင့်မျက်နှာကို မိန်းကလေး ရှုံးအောင် ပြင်ပေးမယ် သိလား"

ခါးက နေ့သစ်နားသို့ ကပ်ကာ ပြုံးစိစိမျက်နှာလေးနှင့် ပြောလိုက်သည်။ နေ့သစ်က ပေစောင်းစောင်းပြန်ကြည့်ကာ . . .

"၁၀ မိနစ်မပြည့်သေးပါဘူး . . . ပော"

ပြေးလာသော ကလေးတစ်သိုက်ကို တွေ့ရသည်။ ၃ နှစ်အရွယ်လောက်ရှိသော ယောက်ျားဖြစ်သည်၊

"ဖြတ် . . . ဖြတ်"





နေ့သစ်ဒအသံက အားတက်သရော် ထွက်လာသည်။ သရေကျလည်း သွားနိုင်သည် မဟုတ်လား။ ခါး စိတ်ဓာတ်ကျ ချင်သလိုဖြစ်သွားမိစဉ် ကလေးလေး၏ ခြေလှမ်းက တုံ့ခနဲ ရပ်သွားသည်။ စိန့်ပန်းပင်အောက် မဖြတ်ရသေး ကလေးအမေဖြစ်ပုံရသူ မိန်းမကြီးက အော်ခေါ်နေဟန် တွေ့ရသည်။ ကလေးက ပြန်လှည့်ပြေးသွားတော့သည်။

"ပေား"

ဝမ်းသာအားရအော်ရင်း ခါး ရုန်ဆွရုန်ဆွ လုပ်ရင်း လက်ခုပ်တီးလိုက်မိသည်။

၁၀ မိနစ်ပြည့်သွားပြီ။

"ကဲ . . . ကဲ . . . ကဲ"

လက်ဖဝါးနှစ်ဖက်ကို ပွတ်၍ အရေးကြီး project အသစ်တစ်ခု စတင်တော့မည့်ဒီဇိုင်းမျိုး ချိုးလိုက်သော ခါးအား



www.burmeseclassic.com

www.burmeseclassic.com



နေ့သစ် မျက်နှာရှုံ့မဲ့၍ ယောက်ျားကြီးတန်မဲ့ မျက်စောင်းမထိုး

တစ်မယ် ကြည့်သည်။

"ဘေးနားက ဖြတ်သွားတဲ့လူတွေ မြင်ရင် ဘယ်လိုလု

မလဲ"

"ဒီနားက လူသိပ်မဖြတ်ပါဘူး"

ပြောရင်း ခါးက သူ့မထီးကိုယူဖွင့်ပြီး နေ့သစ်ကို ဆောင်

ပေးကာ . . .

"ထီးဆောင်းထားလိုက်။ ဒါဆို ဘယ်သူမှ မမြင်တော့ဘူး"

နေ့သစ်၏ မျက်နှာအား ခါး စတင်၍ မိတ်ကပ်လိမ်းလိုက်

သည်။ ကစားနည်းသစ်တွေ့သွားသော ကလေးငယ်တစ်ယောက်လို

စိတ်အားထက်သန်တက်ကြွမှုက ခါးမျက်နှာ၌ အထင်းသား ပေ

နေသည်။

ခပ်တောင့်တောင့်အနေအထားဖြင့် နေ့သစ် ငြိမ်သက်စွာ





ထိုင်နေမိသည်။ မျက်နှာကို မော့ထားပေးရသည်။ ခါးက သူ့ဘေး

တွင် ရပ်၍ သူ့မျက်နှာကို အုပ်မိုးကြည့်ပြီး လိမ်းပေးသည်။

ခါး၏ဝင်သက်ထွက်သက်က သူ့ပါးပြင်ကို ရိုက်ခတ်နေ

သည်။ ခါး၏မျက်လုံးတွေ၊ နှာခေါင်း၊ ပြီးတော့ နှုတ်ခမ်းအားလုံးက

သူနှင့်နီးကပ်စွာ နေ့သစ် အသက်အောင့်ထားမိသည်။

"ကဲ . . . ပြီးပြီ"

ခါးက မြေနောက်ဆုတ်၍ သူ့အား ဖဝးကြည့်ကြည့်ပြီး . .

"အား . . . မောင်က မိန်းကလေးရုပ်ပဲ . . . ဟင်း . . .

ဟင်း"

"ဘာရယ်တာလဲ"

နေ့သစ်က ခပ်ဆတ်ဆတ်မေးသည်။ ထီးပါဆောင်း

ထားတာမို့ ဝီဝီပြင်ပြင်ကို အားခြောက်ပုံထွက်နေသော နေ့သစ်အား

ကြည့်ပြီး ခါး ထပ်မရယ်မိအောင် ထိန်းလိုက်သည်။ ပြုံးစိစိမျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကိုတော့ ခါး မသတ်နိုင်။

"ရော့ . . . မှန်ကြည့်ဦး"

နွေသစ် သူ့ပုံသူကြည့်သည်။ ခဏကြောင်ကြည့်နေပြီးမှ ဝါးလုံးစားကွဲရယ်ချလေသည်။ နွေသစ်ရယ်တာမြင်တော့ ခါးလည်း မထိန်းနိုင်။ လိုက်ရယ်မိတော့သည်။

နွေသစ်က ခါးအား အခြောက်အိုက်တင်အမျိုးမျိုး လုပ်ပြသည်။ ခါးက အသင့်ထည့်လာသော ကင်မရာဖြင့် ဓာတ်ပုံရိုက်သည်။ နှစ်ယောက်တွဲပုံလည်း ရိုက်ဖြစ်ကြသည်။

အဲဒီနေ့က ခါးတို့နှစ်ယောက်လုံး ပျော်ခဲ့ကြသည်။





## အခန်း ( ၅ )

အလင်းရောင်မှိန်မှိန်အောက်တွင် စီးကရက်မီးခိုးက တငွေ့ငွေ့ လွှန့်လူးနေသည်။ ဝရန်တာ၌ လူနှစ်ယောက်ရှိနေသည့်တိုင် တိတ်ဆိတ်ငြိမ်သက်မှုက လိုအပ်တာထက် ပိုကဲနေသည်။

ဝရန်တာလက်ရန်းများကို မှီလျက် အမှောင်ထုထဲ စိုက်ကြည့်နေသော အန်တီလေး၌ လှုပ်ရှားမှု တစ်စုံတစ်ရာမရှိ။ လက်ကြားညှပ်ထားသော စီးကရက်သည် ပြာတော်င့်ရှည်ဖြစ်လျက်



www.burmeseclassic.com

ရုတ်တရက် ကြွေကျသွားသည်။

ခါး ထိုင်နေတာ ကြာပြီ။ အန်တီလေးခေါ်၍ ခါးလာတာ။ ဒီရောက်တော့ အန်တီလေးဆီမှ စကားသံထွက်မလာ။ အန်တီလေး ဘာတွေးနေတာလဲ။ ခါး ငြိမ်သက်စွာ ထိုင်စောင့်နေသည်။ အန်တီလေး စကားပြောသည့်အထိ အနှောင့်အယှက်မပေးဘဲ စောင့်တတ်ခဲ့တာ ဟိုးငယ်ငယ်လေးတည်းကပင်။

အန်တီလေး ဖြည်းညင်းစွာ လှည့်လာသည်။ ခါး မော့ကြည့်လိုက်တော့ အန်တီလေး အေးစက်စက်မျက်လုံးများနှင့် ဆုံသည်။ တည်တည်စူးစူးစိုက်ကြည့်လာသောအခါ ခါး ရင်ထဲ တုန်လှုပ်မှုတစ်ရပ် တိုးဝင်လာသည်။

"နွေသစ်ကို နိုးနိုင်းတော့"

စကားက ပါးလျားစွာ ခါးနားထဲ ရှပ်ဝင်သွားသည်။ ခါး ရင်ထဲ ဒိန်းခနဲမြည်ဟည်းသွားသည်။ တစ်နေ့ ကြားရမယ်ဆိုတာ





သိသော ဒီစကားသည် တကယ်ကြားရချိန်မှာတော့ ခါးအတွက် ချောက်ချားစရာကောင်းလှသည်။

"ခါး . . . ခါး . . . ဘယ်လိုအကြောင်းပြပြီး နိုးနိုင်းရင် ကောင်းမလဲ"

ခါးအသံက ခြောက်ကပ်နေသော လည်ချောင်းဝကို ဖြတ်ထွက်သွားသည်။

"အရိုးဆုံးနည်းကို အဆန်းဆုံးလုပ်ပြီးပဲ အကြောင်းပြရမှာပေါ့ . . . ဟား . . . ဟား . . . ဟား"

ရုတ်တရက် အားရပါးရ ရယ်လိုက်သော အန်တီလေးအား ခါး ပြူးကျယ်ဝိုင်းစက်သောမျက်လုံးဖြင့် ငေးကြည့်နေမိတော့သည်။

www.burmeseclassic.com



BURMESE CLASSIC .com

နေ့သစ် ဘယ်နကြိမ်မြောက်မှန်းမသိသော သက်ပြင်း

ရှည်တစ်ခုကို ချမိပြန်သည်။ ဆုံးဖြတ်ချက်က ချလိုက်ဖို့ သိပ် ခက်ခဲ

လွန်းနေသောအခါ ဆုံးဖြတ်ချက် မကျနိုင်မီ သက်ပြင်းကိုသာ

အခါခါချနေမိတော့သည်။

"ဒေါက် . . . ဒေါက်"

နေ့သစ် အခန်းတံခါးဖွင့်လိုက်တော့ ဒေါ်မြင့်အား နို့ခွက်

ထည့်သောဗန်းကို ကိုင်လျက် တွေ့ရသည်။

ဒေါ်မြင့်ဆီမှ နို့ဗန်းကိုယူ၍ နေ့သစ် ဘွားဘွား အခန်း





ထွက်လာခဲ့သည်။ ည ၈ နာရီထိုးတိုင်း ဘွားဘွားအတွက် နို့

သို့မဟုတ် အိုဗာတင်းတစ်ခွက်နှင့် အားဆေးသောက်ရန် နေ့သစ်

သွားပေးနေကျပင်။ ပြီးလျှင် ဘွားကို နှိပ်နယ်ပေးမည်၊ ဘွားနှင့်

ရောက်တတ်ရာရာ စကားတွေ ပြောမည်။

အခန်းရှေ့ရောက်တော့ ခပ်ဟဟဖွင့်ထားသော တံခါးမှ

နေ၍ ဓာတ်ပုံတစ်ပုံ၏ ရှေ့တွင် ရပ်ငေးနေသော ဘွားကို တွေ့ရ

သည်။ မြင်ဖူးနေကျ မြင်ကွင်းမို့ နေ့သစ်အတွက် သိပ်မထူးဆန်းပါ။

နေ့သစ်အသံပေးမနေတော့ဘဲ တိတ်တိတ်ဆိတ်ဆိတ်ပင်

အခန်းထဲသို့ ဝင်၍ နို့ဗန်းကို စားပွဲပေါ်တင်လိုက်သည်။

ဘွားက လှည့်မကြည့်ပါ။ နေ့သစ်ဆိုတာ ဘွားသိလိမ့်မည်။

ဘွားက ဓာတ်ပုံကို ဆက်ကြည့်နေတာမို့ နေ့သစ်လည်း အမြဲ မြင်

နေကျဖြစ်သော ဓာတ်ပုံကို လှမ်းကြည့်လိုက်သည်။

ဘိုးဘိုး၊ ဘွားဘွား၊ ဖေလေးလေးနှင့် နေ့သစ်၏အမေ။



www.burmeseclassic.com

www.burmeseclassic.com



မိသားစုလေးယောက် ရိုက်ထားသော ဓာတ်ပုံဖြစ်သည်။

နေ့သစ်မျက်လုံးများ လေးလေး၏ မျက်နှာထက် ရောက်ရှိန်တွင် သူ့စိတ်ထဲ ထင့်ခနဲဖြစ်သွားသည်။ သူသည် ဒုတိယမြောက် လေးလေးဖြစ်တော့မှာလား။

အတွေးကို ခေါင်းထဲမှ ခါထုတ်လိုက်ကာ သူ ဓာတ်ပုံထက်မှ အကြည့်လွှဲလိုက်ပြီး . . .

"ဘွား . . . နို့နဲ့အားဆေး သောက်ရအောင်"

"အေး . . .. မြေး"

အသက်ခြောက်ဆယ်ကျော်ပြီဖြစ်သည့်တိုင် ဘွား၏ မျက်လုံးအကြည့်များက လူတစ်ယောက်၏ ရင်ထဲကို ထွင်းဖောက် အားကောင်းနေဆဲ။ ဖျတ်လတ်သွက်လက်နေဆဲ။ နေ့သစ်၏ အဖေ နှင့် အမေအား စီးပွားရေးလုပ်ငန်းအားလုံး ဦးဆောင်လုပ်ကိုင်စေ သည့်တိုင် အခက်အခဲ တစ်စုံတစ်ရာပေါ်တိုင်း ဘွား၏ အကြံဉာဏ်





က အရေးပါဆဲဖြစ်သည်။

"ရော့ . . . ဘွား"

ဘွားလက်ထဲ နို့နှင့်ဆေးကို ထည့်သည်။ ဘွား သောက်ပြီးသည်နှင့် ခွက်ကို နေ့သစ် ပြန်ယူကာ ဗန်းထဲထားသည်။

"ဘွား . . . အိပ်ရာပေါ်လှဲလိုက်၊ သား နှိပ်ပေးမယ်"

နေ့သစ် ဘွား၏ခြေသလုံးများမှ စတင်နှိပ်ပေးလိုက်သည်။

ဓာတ်ပုံကိုကြည့်ပြီး ခပ်ညို့ညို့ဖြစ်နေသော ဘွားမျက်လုံးများကို သူ သတိထားမိတာမို့။

"ဘွား . . . ဘိုးကို သတိရနေတာလား"

ဘွားက ခေါင်းကို ဖြည်းညင်းစွာခါသည်။

"ညက သားကြီးကို အိပ်မက်မက်တယ်။ သားကြီး မျက်နှာက တစ်ခုခုကို စိုးရိမ်နေသလိုပဲ။ ဘွားရင်ထဲ မကောင်းဘူး"

"ဘွားစိတ်ထဲ လေးလေးကို သတိရနေလို့ အိပ်မက်မက်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



တာ ဖြစ်မှာပါ ဘွားရဲ့။ လေးလေးဆုံးတာဖြင့် ကြာလှပြီ။ ဟုတ်လား။ အခုရှိန်ဆို လေးလေးက နတ်ပြည်ရောက်နေမှာ"

နေ့သစ်စကားကို နားထောင်ပြီး ဘွားက အသာအယာ ပြုံးသည်။

"မြေး . . . ကျောင်းတက်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် ဘွားရဲ့"

"မြေး . . . ကဗျာတွေ စာတွေ ရေးတာတော့ ဘွား မတားချင်ပါဘူး။ ဒါပေမဲ့ ကျောင်းပြီးရင်တော့ ဘွားတို့ရဲ့စီးပွားရေးလုပ်ငန်းတွေထဲ မြေး ဝင်လုပ်ရမှာနော်"

BURMESE CLASSIC .com

"သားသိပါတယ် ဘွားရဲ့။ သား လုပ်မှာပါ"

ဘွားက မျက်လုံးမှိတ်၍ မှိန်းနေသည်။ အတန်ကြာတော့–

"ရပြီ မြေး။ ဘွား အညောင်းပြေသွားပြီ"

"ဒါဆို သား သွားမယ်နော်"





နေ့သစ် နို့ဗန်းကိုအောက်ထပ်ထမင်းစားခန်းတွင် သွားထားလိုက်ပြီး အခန်းထဲ ပြန်လာကာ အိပ်ရာပေါ် လှဲချလိုက်သည်။

လေးလေးအကြောင်း အတွေးစက ခေါင်းထဲ ရောက်လာသည်။ လေးလေးကို သူ မြင်တောင် မမြင်ဖူးလိုက်ပေ။ သူ မမွေးခင် လေးလေးက ဆုံးနှင့်ပြီ။

လေးလေးက စားသောက်ဆိုင်တွင် သီချင်းဆိုသော ကောင်မလေးတစ်ယောက်နှင့် လိုက်ပြေးခဲ့ဖူးသည်တဲ့။ ကောင်မလေးက ပျက်နေတာတော့ မဟုတ်။ မြန်မာသံစဉ်သီချင်းကိုသာ ဆိုကာ ကိုယ့်ဝမ်းကိုယ်ကျောင်းနေရသော တစ်ကောင်ကြွက်မလေးတဲ့။

ဘွားက အတင်းလိုက်ခွဲခဲ့ပြီး လေးလေးကို တခြားမိန်းမတစ်ယောက်နှင့် လက်ထပ်ဖို့ ကြိုးစားသည်တဲ့။ လေးလေးလည်း ဘွားစကားကို မလွန်ဆန်နိုင်၍ လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မင်္ဂလာဆောင်ခါနီးမှာပဲ လေးလေး ကားအက်စ်ဆီးဒင့်ဖြစ်ကာ ဆုံးခဲ့သည်တဲ့။

နေ့သစ် သက်ပြင်းချမိပြန်သည်။ သူ ဆုံးဖြတ်ချက်တစ်ခု ချရတော့မည်။ သူသည် ဒုတိယမြောက် လေးလေးအနေဖြင့် ဘွားတို့ မေမေတို့ကို ဒုက္ခပေးရာကျလေမလား။

မဟုတ်သေးပါဘူးလေ။ သူက စင်တင်အဆိုမယ်တစ်ယောက်ကို ခိုးပြေးမှာ မဟုတ်။ ခါးလို တက္ကသိုလ်ကျောင်းသူတစ်ယောက်ကို လူငယ်ချင်း ချစ်ကြိုက်ရာက ခိုးပြေးတာပဲ။ ဘွားတို့စိတ်ဆိုးလည်း ခဏပဲဖြစ်မှာပါ။

သူမျက်လုံးများကို ခပ်ဖိဖိ စုံမှိတ်ပစ်လိုက်မိသည်။

ထိုစဉ် နေ့လယ်က ခါးပြောခဲ့သောစကားများက အာရုံထဲ ကွင်းကွင်းကွက်ကွက် ပေါ်လာပြန်သည်။

"မောင် . . . ခါးတို့တော့ ဒုက္ခရောက်ပြီထင်တယ်"





ပျက်ယွင်းနေသော ခါးမျက်နှာကို နေ့သစ် မေးဟန်ဖြင့် ကြည့်မိသည်။

"အန်တီလေးက ခါးကို ယောက်ျားပေးစားတော့မယ်တဲ့"

"ဘာ"

ထိုအခါမှ နေ့သစ် အလန့်တကြား ထခုန်မိမတတ် ဖြစ်သွားသည်။

"ဒီကိစ္စ ဘယ်လိုက ဘယ်လိုပေါ်လာရတာလဲ ခါးရယ်"

"အန်တီလေးမိတ်ဆွေတစ်ယောက်ရဲ့သား . . . မောင်ရဲ့ အစတုန်းကတော့ ဒီကိစ္စက စကားကြုံမှ ထည့်ပြောတာ၊ အတည် မဟုတ်ပါဘူး။ အခု ခါးတို့နှစ်ယောက်ရဲ့ ကိစ္စကို အန်တီလေး သိသွားတယ်။ အန်တီလေး အသိတစ်ယောက်က ခါးတို့နှစ်ယောက်ကို မြင်ပြီး အန်တီလေးကို ပြောပြတာတဲ့။ အန်တီလေး ခါးကို လာမေးတော့ ခါး အမှန်အတိုင်း ဝန်ခံလိုက်တယ်။ ခါးအတွေးမှားသွား



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အန်တီလေး ဒီလိုလုပ်မယ်မှန်း သိရင် ခါး ဝန်မခံလိုက်ပါဘူး မောင်ရယ်"

"သေချာပြောကြည့်ပါဦး ခါးရယ်၊ မောင်က ကလေကချေ မဟုတ်တဲ့အကြောင်း ခါး သေချာပြောပြပါလား။ တကယ်လို့ လိုအပ်ရင် မောင့်အိမ်ကို ဖွင့်ပြောပြီး ခါးကို လာတောင်းရမယ် ဆိုလည်း မောင့်ဘက်က ကြိုးစားမှာပါ။ ပြီးတော့ ခါးက ကျောင်း မပြီးသေးဘူးလေ"

"မောင်ရယ် . . . ခါးက မပြောပြဘဲနေမလား။ အားလုံး ကို ပြောပြတယ်။ လက်ထပ်ရမယ်ဆိုရင်တောင်မှ ကျောင်းပြီးမှ လက်ထပ်ပေးဖို့ အချိန်ဆွဲတယ်။ ဘယ်လိုမှ ပြောလို့မရဘူး မောင်"

နှစ်ယောက်သား ခပ်ငိုင်ငိုင်ထိုင်နေမိသည်။ မိုးလည်း မရွာ၊ လေလည်း မတိုက်သော ပတ်ဝန်းကျင်သည် သူတို့နှစ် ယောက်၏ တိတ်ဆိတ်ခြင်းကို အားဖြည့်ပေးထားသည်။





"မောင်"

ခါးအသံက တိုးတိတ်စွာ ထွက်ပေါ်လာသည်။ နေသစ် လှည့်ကြည့်မိတော့ စိုးရိမ်မှုတွေ ယှက်သန်းနေသော မျက်လုံးများနှင့် ဆုံသည်။ တစ်စုံတစ်ခုကို ပြောချင်နေဟန် လှုပ်ရှားနေသော ခါး နှုတ်ခမ်းဆီမှ အသံက ချက်ချင်းထွက်မလာ။

"ပြောလေ . . . ခါး"

"အရေးကြုံလာရင် မောင် ခါးကို ခိုးမှာလားဟင်"

တုန်ယင်နေသော ခါး၏အသံတွေထဲမှာ မိန်းကလေးတစ် ယောက်၏ စတင်တောင်းဆိုမှုအတွက် ရှက်ရွံ့ခြင်းတွေ ပျော်ဝင်နေ ခဲ့သည်။

မျှော်လင့်တကြီး ကြည့်နေသည့် ခါးမျက်ဝန်းတွေထဲမှာ တော့ သူ့ဆီက အဖြေအတွက် စိုးထိတ်မှုတွေ ကိန်းအောင်းနေ သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်က မေးရမယ့်စကားပါ ခါးရယ်။ ဘယ်လိုပဲဖြစ်ဖြစ် မောင် ခါးကို မခွဲနိုင်ပါဘူး"

"ဝမ်းသာလိုက်တာ မောင်ရယ်"

ခါးမျက်နှာက တိမ်သလ္လာကင်းသော လမင်းပမာ ဝင်း လက် ကြည်လင်သွားသည်။

"ဒါပေမဲ့ ခါးအနေနဲ့ အချိန်ဆွဲနိုင်အောင် ကြိုးစားနော်၊ မောင်တို့နှစ်ယောက်လုံးက ကျောင်းမပြီးသေးဘူး။ နိုးပြေးဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး။ မောင်တို့ အခက်အခဲတွေ အများကြီး ကြုံရမှာ"

"စိတ်ချပါ မောင်။ ခါး သဘောပေါက်ပါတယ်"

အတွေးရိပ်တွေ ပျောက်ကွယ်သွားခြင်းနှင့်အတူ နေ့သစ် သက်ပြင်းချမိပြန်ပါသည်။

ခါးကို စွန့်လွှတ်ဖို့တော့ မဖြစ်နိုင်။ သူ ခါးကို ချစ်သည်





သူ့အချစ်က မိုးရေစက်တွေလိုပင်။ ကြာလေ ခါးကို ပိုပိုပြီး ချစ်လာမိလေ ဖြစ်သည်။

သူ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်သားစွာ ချရလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



တရိပ်ရိပ်ပြေးနေသော ကားလေးသည် ရန်ကုန်မြို့ပြင်သို့ ဦးတည်နေသည်။

မောင်က ခါးလက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်သည်။ ခါး လှည့်ကြည့်တော့ အားပေးပြုံးဆန်ဆန် အပြုံးမျိုး ပြုံးပြသည်။ အားပေးပြုံးလား၊ သူ့ကိုယ်သူ အားတင်းပြုံးလား မောင် ကိုယ်တိုင် သဲကွဲပုံမရ။ မောင် စိတ်လှုပ်ရှားနေတယ်ဆိုတာတော့ သိသာသည်။ သူက နိုးပြေးသူပေပဲ။ နိုးပြေးသူ၏ ဖောတွေရှိနေမှာပေါ့။ ခါး ကိုယ်တိုင်ကရော စိတ်မလှုပ်ရှားလို့လား။ ဒီဇာတ်လမ်း၏ ဇာတ်





ညွှန်းကို ခါးပဲ ရေးခဲ့တာ။ ဒါတောင် နိုးရာလိုက်ခြင်းရသကို ခါး တိတိပပ ခံစားရသည်။

ရုပ်ရှင်တွေထဲကလို ခါးတို့နောက်မှ ဒုန်းဆိုင်းလိုက်လာသည့် ကားမပါ။ ဒါပေမဲ့ ဘာကြောင့်ရယ်မသိ နောက်ကြောင်း မအေးစွာ နောက်ကိုလှည့်ကြည့်မိသည်။ ရင်ထဲမှာ ကတုန်ကယင်။ ရှေ့ကို ဘာဖြစ်မယ်မသိ ပူပန်နေပြန်သည်။

မိုးက ဝုန်းခနဲရွာချသည်။ သိပ်မကြာ တိတ်သွားပြန်သည်။ ရုတ်တရက် နေပူသည်။ မိုးအုံ့လာပြန်ပြီ။ မိုးဖွဲလာသည်။ မိုးရပ်သွားသည်။ မိုးက ဝုန်းခနဲရွာချပြန်သည်။

ရန်ကုန်မိုးက ထုံးစံအတိုင်း မျက်နှာများလိုက်။ စိတ် အပြောင်းအလဲ မြန်လိုက်နှင့်။ တစ်သက်လုံး မိုးရွာလာတုန်းက သူ့ ဘာသာ ရွာတာ ဖြစ်ပြီး ဒီနေ့ရွာတဲ့မိုးကျမှ ခါးနှင့်အားလုံးဆိုင်သလို ခံစားရသည်။ ကဲ . . . ခက်ပဲခက်ရချည်ရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ခါး . . . ဖုန်းပိတ်ထားပြီးပြီလား"

"အင်း"

မောင်က ခါးလက်ကို ခပ်တင်းတင်းညှစ်ဖျစ်ပြန်သည်။

ကားသည် မှော်ဘီမြို့ထဲဝင်လာသည်။ သိပ်မကြာ မြို့စွန်ကလေးတစ်ခုရှေ့တွင် ရပ်သွားသည်။

မြို့ထဲ၌ ရေနံချေးဝနေသော ပျဉ်ထောင်အိမ်လေးတစ်လုံးကို တွေ့ရသည်။ ဒါက မောင့်သူငယ်ချင်းအိမ်။ သူက ရန်ကုန်မှာပဲ ရှိနေကာ အိမ်သော့ကို မောင့်အား ပေးလိုက်တာဖြစ်သည်။ အိမ်သော့ ဖွင့်နေသော မောင့်နောက်မှာ ရပ်နေရင်း ခါး ဒူးတွေတုန်ချင်လာသည်။

အိမ်ထဲသို့ဝင်ခဲ့ပြီး ပြတင်းပေါက်တွေ လိုက်ဖွင့်လိုက်တာနှင့် အိမ်ကလေးက လင်းရှင်းသွားသည်။ အိမ်ထောင်ပရိဘောဂ အနည်းအကျဉ်းနှင့် အိမ်လေးက နေချင့်စဖွယ်ပင်။ လူနှင့်ဝေးနေ၍ ဖုန်တွေ





တော့ တက်နေတာမို့ ခါး တံမြက်စည်းလှည်းရန် ပြင်လိုက်သည်။

မောင်က အိမ်အတွင်းထဲ ဝင်သွားသည်။ မီးဖိုချောင်တွေရော၊ အိပ်ခန်းထဲတွေရော ဝင်ကာ အိမ်ကို စေ့စေ့ငုငုလိုက်ကြည့်သည်။

"ရေချိုးခန်းတော့ မရှိဘူး ခါးရေ။ ရေတွင်းတော့ တွေ့တယ်။ တွင်းရေကိုပဲ ငင်ပြီးချိုးရလိမ့်မယ်"

ပြောပြီး အပြင်အင်္ကျီကို ချွတ်ကာ စွပ်ကျယ်နှင့်အောက်ဆင်းသွားသည်။ ခဏနေတော့ တဗွမ်းဗွမ်းနှင့် ရေငင်နေသံ၊ ရေထည့်သံတွေ ပေါ်လာသည်။

ခါးလက်ထဲက တံမြက်စည်းရိုးကို တင်းနေအောင် ဆုပ်လိုက်မိသည်။ အနက်တီလေးကို ဖုန်းဆက်ရမည်။ ဒီတော့ မောင့်ကို မြန်မြန်ပထုတ်မှ ဖြစ်မည်။

သိပ်မကြာ မောင် အိမ်ပေါ် ပြန်တက်လာသည်။

"မောင် ခါး ဗိုက်ဆာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား . . . ဒါဆို မောင် စားစရာတစ်ခုခုသွားဝယ်လိုက်မယ်။ ခါး ဘာစားချင်လဲ"

"ရပါတယ်။ အဆင်ပြေတာတစ်ခုခုပဲ ဝယ်လိုက်ပါ"

မောင်က အိမ်အောက်ကိုဆင်းရန်ပြင်ပြီးမှ မဆင်းသေးဘဲ

"ခါး တစ်ယောက်တည်း နေရဲရဲ့လား"

"ရဲပါတယ်"

"ဒါဆို မောင်သွားပြီနော်"

မောင် ခြံပြင်ရောက်သွားတာနှင့် ချက်ချင်း ပိတ်ထားသော ဖုန်းကို ပြန်ဖွင့်ကာ ခါး အန်တီလေးကို ခေါ်လိုက်သည်။

"ဟယ်လို . . . ခါးလား"

"ဟုတ် . . . အန်တီလေး"

"အဆင်ပြေလား ခါး။ အန်တီလေး အရမ်းစိတ်ပူနေတယ်"

"ပြေတယ် အန်တီလေး။ အခု ခါးရောက်နေတဲ့လိပ်စာ





ပြောမယ်"

"အေး . . . အေး . . . ပြော"

ခါးလိပ်စာကို ပြောပြလိုက်သည်။

"အန်တီလေး ခါးကို ဒီညနေ လာခေါ်နော်"

အန်တီလေးဘက်မှ အသံတစ်ချက်တိတ်ဆိတ်သွားပြီး . .

"မဖြစ်ဘူး ခါး။ မနက်ဖြန်မှ လာခေါ်မယ်"

"ဘာဖြစ်လို့လဲ။ အစတုန်းက အန်တီလေးပြောတော့ ညနေ လာခေါ်မှာဆို"

"ဟုတ်တယ် . . . ဒါပေမဲ့ အန်တီလေး သေချာစဉ်းစားကြည့်ပြီးပြီ။ နေ့မကူးရင် အမှုက ပေါ်နေလိမ့်မယ်"

"မဖြစ်ဘူးထင်တယ် အန်တီလေး။ ခါး အဆင်ပြေမှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ ခါး"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆို သူနဲ့ပခါး တကယ်ကြီးခိုးရာလိုက်ပြေးသလို ဖြစ်သွားမှာပေါ့"

"ခါးရယ် သမီး ဘာတွေတွေးနေတာလဲ။ ဒီညနေလာခေါ်လည်း သမီးက ကားတင်ပြေးခံရပြီး မိန်းမပဲ။ မနက်ဖြန်လာခေါ်တော့လည်း တူတူပဲလေ။ အရေးကြီးတာက အန်တီလေးတို့ကိုပီပီပြင်ပြင် အောင်မြင်သွားဖို့ပဲ"

"ခါး . . . ခါး . . . ကြောက်တယ် အန်တီလေး"

"မကြောက်နဲ့ ခါး။ ဒီအခြေအနေထိ ရောက်အောင် သမီးစွမ်းဆောင်နိုင်ခဲ့ပြီပဲ။ ကဲ . . . ကဲ . . . အန်တီလေး ဖုန်းချလိုက်တော့မယ်"

"အန်တီလေး . . . အန်တီလေး"

တစ်ဖက်မှ ဖုန်းချသွားပြီ။ ခါး ငိုင်ပြီးထိုင်နေမိသည်။ အခုမှ ခါး ရင်ထဲ ကြောက်စိတ်တွေက အလုံးအရင်းနှင့် ဝင်လာသည်။ ခါး





အခြေအနေက ဘယ်လိုဆက်ဖြစ်လာမှာလဲ။

ထိုစဉ် ခြံတံခါးဖွင့်သံကြားတာမို့ ခါး ဖုန်းကို အလျင်အမြန်ပိတ်လိုက်ရသည်။

"မောင် ခေါက်ဆွဲကြော်ပဲ ဝယ်လာခဲ့တယ် ခါး"

ပြောရင်း ဝင်လာသော မောင်သည် ခါးမျက်နှာကို မြင့်တော့ တန့်ခနဲ တစ်ချက်ကြည့်ကာ ခေါက်ဆွဲထုပ်ကို တိုင်မှာ သွားချိတ်သည်။ ပြီးတော့ ခါးဘေးနား လာထိုင်သည်။

"ဘာဖြစ်နေတာလဲ ခါး။ မျက်နှာလည်း ပျက်လို့ပါလား။ နေရဲတယ်ဆိုပြီး တစ်ယောက်တည်း ကြောက်နေတာလား"

"ဟုတ် . . . ဟုတ်တယ် . . . ခါး ကြောက်တယ်"

"အခု မောင်လာပြီပဲ ခါးရဲ့။ မကြောက်နဲ့တော့နော်။ အားငယ်တဲ့စိတ်တွေလည်း မထားနဲ့။ ကြုံလာတဲ့အခက်အခဲတိုင်းကို မောင်တို့နှစ်ယောက် လက်တွဲပြီးရင်ဆိုင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



မောင်က ခါးပခုံးပေါ် လက်ကိုဖွဖွလေးတင်ကာ ပခုံးစွန်းများကို ဆုပ်ကိုင်အားပေးသည်။

ခါးရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ရည်းစားဘဝတုန်းက လက်ကလေးကိုင်ဖို့ ရပိုင်ခွင့်တွေ ဥပဒေတွေနှင့် ကိုးကားခဲ့သော မောင်သည် အခုတော့ ခါး၏ပခုံးစွန်းများကို ဆုပ်ကိုင်ရန် အရေးအရာဆို ခွင့်တောင်းခြင်းမရှိတော့ပါလား။

အချိန်တွေ လေလွင့်ကြွေကျသွားခြင်းနှင့်အတူ ညက တစ်စတစ် ဝင်ရောက်လာသည်။

"ဒိန်း . . . ဒလိန်း"

မိုးခြိမ်းသံကို နားထောင်ပြီး ခါးပခုံးနှစ်ဖက် ကျုံ့လိုက်မိသည်။ အပြင်မှာ သည်းသည်းမဲမဲရွာသော မိုးက လေတွေပါ ပါတာမို့ တရှဲရှဲမြည်သံတွေပါ ကြားနေရသည်။

နံရံကိုမှီ၍ ဒူးနှစ်ဖက်ကို လက်နှင့် ဖက်ကာ လက်ပေါ် မေး





ကိုတင်ပြီး ခါး ခပ်ကျုံ့ကျုံ့လေးထိုင်နေမိသည်။

မောင်က TV ကိုဖွင့်ကို ကြိုးစားသည်။ ပလပ်ပဲ လွတ်နေတာလား။ TV ပဲ ပျက်နေတာလား မသိ။ TV က ဖွင့်၍မရဖြစ်နေသည်။

"မရဘူး ခါးရေ"

ပြောပြီး မောင်က ခါးနား လာထိုင်သည်။

"ခါး ချမ်းနေတာလား"

"ဟင့်အင်း . . . မချမ်းပါဘူး"

မောင်က ခါးလက်ကို ဆုပ်ကိုင်ကြည့်လိုက်ပြီး . . .

"ဟင် . . . လက်ဖျားတွေ အေးစက်နေတာပဲ။ ခြေတွေရော အေးနေတာလား"

ပြောရင်း မောင်က ခြေဖျားကို ကိုင်လိုက်တာမို့ . . .

"ငရဲကြီးလိမ့်မယ် မောင်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း . . . ခြေဖျား၊ လက်ဖျားတွေ ဒီလောက်အေး နေတာကို အနွေးထည်ပါလာလား"

ခါး ခေါင်းခါပြလိုက်တော့ မောင်က အခန်းထဲ ဝင်သွားသည်။ ထို့နောက် သူ၏ ရုပ်အင်္ကျီ လက်ရှည်တစ်ထည်ယူလာပြီး ခါး ပခုံးပေါ် လွှားတင်ပေးလေသည်။

"ဒုန်း . . . ဒုန်း . . . ဒုန်း"

"ဘာသံလဲ မောင်"

"ခေါင်းရင်းမှာ အုန်းပင်ရှိတယ် ခါးရဲ့၊ အုန်းသီးကြွေကျတာ"

"အိမ်ခေါင်မိုးဖက်ပေါ်ကျရင် ဒုက္ခပဲ မောင်ရယ်"

"မကျနိုင်ပါဘူး။ ခါးခြေဖျားတွေ အေးနေတာ မောင် လက်နှင့် ဆုပ်ထားပေးရမလား။ ဒါဆို နွေးသွားလိမ့်မယ်"

"ဟင့်အင်း . . . ရဲကြီးလိမ့်မယ်"





"မကြီးပါဘူး ခါးရဲ့၊ ကဲ . . . ဒါဆိုလည်း မောင့်ခြေဖျားတွေနဲ့ ထပ်တင်ထားပေးမယ်နော်"

နွေးထွေးသော မောင့်ခြေဖဝါးအောက်တွင် ခါး၏ ခြေဖမိုးလေး နွေးထွေးသွားခဲ့သည်။

ဒီလိုနဲ့ . . .

အမုန်းရဲ့ကောင်းကင်အောက်မှာ အနမ်းတွေ စွန်းထင်း။

စွန်းထင်းတဲ့အနမ်းတွေနဲ့အတူ အလွမ်းတွေ လွန်းတင်။

လွန်းတင်တဲ့ အလွမ်းတွေနဲ့အတူ အချစ်တွေ ပျော်ဝင်။

ပျော်ဝင်တဲ့အချစ်တွေနဲ့အတူ ခါးလည်း တိမ်တိုက်တွေထဲ လွင့်စင်။



www.burmeseclassic.com

www.burmeseclassic.com



ခြံဝတွင် ကားတစ်စီးထိုးဆိုက်သံက ကြမ်းတမ်းစွာ ထွက်ပေါ်လာသည်။ ခါးတို့ ထွက်ကြည့်လိုက်တော့ အန်တီလေးနှင့်အတူ ယောကျ်ားကြီးနှစ်ယောက် ခြံထဲ ဝင်လာသည်။

မောင်က ခါးလက်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သည်။

"ခါး . . . မောင်ရှိတယ်။ မကြောက်နဲ့နော်"

ခါး ခေါင်းညိတ်ပြလိုက်သည်။ အန်တီလေးအသံက ခက်ထန်စွာ ပေါ်လာသည်။

"ခါး . . . အခုချက်ချင်း ဆင်းလာခဲ့"

လဝန်းကုဋေစာပေ



"မောင် . . . ခါးတို့ အောက်ဆင်းပြီး အန်တီလေးနဲ့ စကားပြောရအောင်"

"မဖြစ်ဘူး။ ခါးကို ပြန်ခေါ်သွားရင် ဘယ်လိုလုပ်မလဲ"

မောင်က ချက်ချင်းပင် ခါးအား နောက်သို့ပို့လိုက်ကာ . .

"အန်တီ . . . နောက်တစ်ပတ်ကျရင် ခါးကို လူကြီးစုံရာနှင့် လာအပ်ပါ့မယ်။ အခုတော့ ခါးကို မထည့်ပါရစေနဲ့"

"တော်စမ်း . . . ခါး အခုချက်ချင်း ဆင်းလာခဲ့"

"မဖြစ်ဘူး။ ခါး ဆင်းလို့မဖြစ်ဘူး"

"အခုချက်ချင်းဆင်းလာလို့ ပြောနေတယ်နော်"

ခက်ထန်နေတဲ့ အန်တီလေးအသံ၊ စိုးရိမ်နေတဲ့ မောင့်အသံ၊ ဖြစ်ပေါ်နေသောအခြေအနေ၏အားသည် အဟုန်တစ်ခုအနေဖြင့် ခါး စိတ်ကို ဆွဲဖိလာသည်။

"ခါး . . . ခါး . . . ပြန်မလိုက်တော့ဘူး"

လဝန်းကုဋေစာပေ

www.burmeseclassic.com

ခါးအသံသည် ခါးအသံမဟုတ်။ ခါးပြောတာသည် ခါး ပြောတာ မဟုတ်။ တုန်လှုပ်နေသော စိတ်နှင့် အသိက တင်းကျွ နေသလိုပင်။

"ဘာ"

အန်တီလေး မျက်လုံးများက မီးဝင်းဝင်းတောက်သွား သည်။

"ဆွဲခေါ်လာခဲ့"

အန်တီလေးအသံအဆုံးမှာ ယောကျာ်းကြီးနှစ်ယောက်က အိမ်ပေါ်ပြေးတက်လာသည်။ တစ်ယောက်က ခါးကို အတင်းဆွဲ လိုက်သလို တစ်ယောက်က နေ့သစ်ကို ဆွဲချုပ်ဖို့ ကြိုးစားသည်။

"လွှတ် . . . လွှတ် . . . ကျုပ်ကို လွှတ် . . . ခါး . . . ခါး"

ခါး အိမ်အောက်သို့ ဒရေဘသာပါးပါသွားသည်။ အောက် ရောက်တာနှင့် အန်တီလေးက ခါးလက်ကို ခပ်တင်းတင်း ဆုပ်ကိုင်





လိုက်သည်။ ခါးခေါင်းထဲ အသိတွေ ဝင်လာသလိုပါပဲ။ မောင့်အသံ ဟ ထွက်ပေါ်နေသည်။

"ခါး . . . ခါး"

အန်တီလေးက ခါးကို ကားဆီ ဆွဲခေါ်သွားသည်။ ခါး နောက်ကို လှည့်ကြည့်လိုက်တော့ လူနှစ်ယောက်၏လက်ထဲမှ အတင်းတွန်းထိုးရုန်းကန်နေသော မောင့်ကို တွေ့ရသည်။

"လာစမ်း . . . ခါး"

လှည့်ကြည့်သောခါးအား အန်တီလေးက အတင်းဆောင့် ဆွဲလိုက်သည်။

"လွှတ် . . . ကျုပ်ကို လွှတ် . . . ခါး"

မောင့်အသံက ခါးနောက်ပါးမှ ကပ်ငြိပါလာသည်။ ခါး ကားပေါ်ရောက်တာနှင့် နေ့သစ်ကို ချုပ်ထားသော လူတွေက နေ့သစ်ကို ဆောင့်တွန်းပစ်ခဲ့ကာ ကားပေါ်တက်၍ ကားကို ဝူးခနဲ



www.burmeseclassic.com

www.burmeseclassic.com



မောင်းထွက်လိုက်သည်။

"ခါး . . . ခါး"

ခါးလှည့်ကြည့်လိုက်တော့ ကားနောက်မှ ဒရောသောပါး ပြေးလိုက်လာသော မောင့်ကို တွေ့ရသည်။ ကြည့်နေမိရင်း ခါး ရင်ထဲ မောင့်ကို အရမ်းသနားလာမိသည်။ ဝမ်းနည်းမှုတွေက တလှိုက်လှိုက်နဲ့ ခါး ရင်တစ်ခုလုံး တင်းကြပ်လာသလိုပဲ။

လက်နှစ်ဖက်နှင့် မျက်နှာကိုအုပ်ကာ ခါး ရှိုးပွဲချငိုလိုက်မိသည်။

"မိခါး . . . နပ် ဘာဖြစ်နေတာလဲ"

အန်တီလေးအသံက ခပ်ဆောင့်ဆောင့် ထွက်လာသည်။ ခါး ခေါင်းခါယမ်းမိသည်။ ခွင့်ပြုပါ အန်တီလေးရယ်။ ဒီ တစ်ခါပါပဲ။ ခါး ဝမ်းနည်းလွန်းလို့ပါ။

တစ်လောကလုံး မိန်းမတွေနဲ့ ခါး ဘယ်လိုလုပ် ကွဲပြား





နိုင်မှာလဲ။

အမုန်းအတွက် အချစ်ကို အသုံးချခဲ့ရတယ်။

အချစ်ဆိုတာ စွန်းထင်းလွယ်တဲ့ ပဝါစည်းလိုပါပဲ။

သူ့ကို သွားထိ သူတိုင်းအတွက် နှလုံးသားကို စွန်းထင်းစေခဲ့တာ။

အစွန်းအထင်းနဲ့ နှလုံးသားကို အလုံပိတ်တော့ ဘဝပါ ချောင်ပိတ်ခဲ့ရပြီ။

ချောင်ပိတ်တဲ့ ဘဝဆိုတာ အသံတိတ်နေတဲ့ လေအိတ် တစ်အိတ်လို . . .

အနှစ်မဲ့ . . . အကာမဲ့ . . . သုညတစ်ဝက် . . . ဗလာ သက်သက်ပါ မောင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၆ )

တရားရုံးတစ်ခုလုံး ရှေ့နေနှင့် ခါး၏ အသံက လွှဲလျှင် တိတ်ဆိတ်နေသည်။

"မောင်နေ့သစ်နဲ့ သမီးဟာ သမီးရည်းစားတွေလား"

"မဟုတ်ပါဘူး။ သူငယ်ချင်းတွေပါ"

"သူက သမီးကို ချစ်ရေးဆိုခဲ့ဖူးလား"

"ဆိုခဲ့ဖူးစပါတယ်။ ဒါပေမဲ့ သမီးက သူ့ကို ငြင်းခဲ့ပါတယ်"





"အခင်း ဘယ်လိုဖြစ်တယ်ဆိုတာ ပြောပြပါ"

"အဲဒီနေ့က သူ သမီးဆီရောက်လာပါတယ်။ နင် လက်ထပ်တော့မှာဆို ဘယ်သူနဲ့လဲလို့ မေးပါတယ်။ နာမည်ကို ပြောပြလိုက်တော့ သူက သမီးကို ငါတော့ တကယ် ကျန်ရစ် ဖြစ်ပြီပေါ့လို့ ပြောပါတယ်။ သမီးလည်း သူ့ကို သနားသွားမိပါတယ်။ Coffee လိုက်သောက်ဟာ။ နောက်ဆုံးအနေနဲ့ပဲဖြစ်ဖြစ်ပေါ့လို့ သူက ပြောတယ်။ သမီးလည်း သူ့ကို အားနာတာနဲ့ လိုက်လာခဲ့ ပါတယ်။

လမ်းတစ်ဝက်ရောက်တော့ သူ့ဆီကို ဖုန်းဝင်လာတယ်။ သူက ကားကို လမ်းဘေးရပ်ပြီး အပြင်ထွက်ပြီး စကားပြောပါ တယ်။ ဖုန်းပြောပြီးတော့ သူက အရမ်းစိုးရိမ်တဲ့ပုံစံနဲ့ မော်ဘီမှာ နေတဲ့ ငါ့အဘွား ရုတ်တရက် ဆေးရုံတင်ရလို့ ငါ မော်ဘီကို သွားမှ ဖြစ်မယ်လို့ ပြောတယ်။ ဒါဆို ငါ ဒီမှာပဲ ဆင်းလိုက်တော့မယ်လို့



www.burmeseclassic.com

www.burmeseclassic.com



သမီးကပြောတော့ နင်လည်း လိုက်ခဲ့ပါလားလို့ ခေါ်ပါတယ်။ တော်ပြီ မှော်ဘီက အဝေးကြီးပဲ မလိုက်တော့ဘူးလို့ပြောတော့ သူ တစ်ယောက်တည်း ဖြစ်နေလို့ လိုက်ခဲ့ပါ။ ဟိုမှာ သိပ်မကြာဘဲ ချက်ချင်းပြန်လာမယ်လို့ ထပ်ကာ ထပ်ကာ ပြောပါတယ်။ နောက်ဆုံး သမီး မှော်ဘီကို လိုက်လာခဲ့ပါတယ်။

မှော်ဘီရောက်တော့ သမီးကို အိမ်တစ်အိမ်ခေါ်သွားတယ်။ အဲဒီအိမ်မှာ လူတစ်ယောက်မှ မရှိပါဘူး။ သူက သမီးကို အနိုင် အထက်ပြုကျင့်ပါတယ်။ ပြီးတော့ သမီးထွက်မသွားနိုင်အောင် အခန်းထဲ ပိတ်ထားပြီး အပြင်က သော့ခတ်ထားပါတယ်"

ဒါပါပဲ . . . ခါးနောက်ကျောမှ စောင့်ကြည့်နားထောင်နေ ကြသော မျက်လုံးပေါင်းများစွာတို့သည် ကံဆိုးသောမိန်းမတစ် ယောက်အနေဖြင့် ခါးအပေါ် စုတ်တသပ်သပ် ဖြစ်နေကြလိမ့်မည်။

ယောကျ်ားတစ်ယောက်က လိမ်လည်လှည့်ဖျား နိုးယူ





ပေါင်းသင်းခြင်း ခံလိုက်ရသည့် မိန်းမ။

သူတစ်ယောက်ကို အလဲထိုး အသေသတ်ဖို့ ကိုယ့်ကိုယ် ကိုယ် ငါးစာလုပ် ထိုးကျွေးခဲ့တဲ့ပွဲ။

မေးခြင်း ဖြေခြင်းပြီး၍ ရုံးတော်မှ ခါး ထလိုက်တော့ အန်တီလေးက ခါးနား လာရောက်ခေါ်သည်။

ခါး ဘယ်သူ့မျက်နှာနှင့်မှ မဆုံမိအောင် ခေါင်းကို ငုံ့ထား မိသည်။ အထူးသဖြင့် မောင့်မျက်နှာ၊ မောင့်မျက်လုံးများကို ခါး မကြည့်ရဲပါ။

မောင် သိပ်နာကျင်သွားခဲ့လား။ နှစ်ယောက်လုံး သေတဲ့ပွဲ ပါ မောင်ရယ်။ ဘဝတွေ သေ၊ နှလုံးသားတွေ သေ၊ ခံစားချက်တွေ သေ၊ အရာအားလုံး သေဆုံးခဲ့ပါပြီ။

"ခါး . . . ခါး"

ခေါ်သံနှင့်အတူ ချိုလက်၊ မေသော်၊ အောင်မြင့်နှင့် ထွန်း



www.burmeseclassic.com

www.burmeseclassic.com



ဦးတို့ ခါးရှေ့ရောက်လာသည်။

"ခါး . . . နင် ဘယ်လိုလုပ်လိုက်တာလဲ"

"ဘာလို့ ဒီလိုထွက်ချက်မျိုးပေးရတာလဲ။ နေ့သစ် ထောင်ကျသွားလိမ့်မယ်"

ခါး တစ်ခွန်းမှ ပြန်မပြောမိ။ အောက်စိုက်ထားသော မျက်လုံးများ၊ အသက်မဲ့နေသော မျက်နှာ၊ ကျောက်ရုပ်ဆန်ဆန်ဖြစ်နေသော ခါးအား မေသော်က အားမလို အားမရ ဆွဲလှုပ်ယမ်းသည်။

"နင် နေ့သစ်ကို မသနားဘူးလား။ တစ်ခုခုပြောဦးလေ ခါး"

"နင် သိပ်ရက်စက်တယ်၊ နင် ငါတို့ရဲ့သူငယ်ချင်းမှ ဟုတ်သေးရဲ့လား"

"နင် လုပ်ရက်တယ်။ နင့်မှာ အသည်းနှလုံး မရှိဘူး"





တစ်ယောက်တစ်ပေါက် စွဲချက်များစွာ၊ ခါး မျက်လုံးမှ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာသည်။

အန်တီလေးက ခါးကို ဆွဲခေါ်သွားသလို အန်တီလေး ငှားထားသည့် ယောက်ျားကြီးနှစ်ယောက်ကလည်း ဘေးမှ ဝန်းရံလိုက်တာကြောင့် မေသော်တို့အားလုံး ဒီအတိုင်း ကျန်ရစ်ခဲ့ကြသည်။

ခါး ကားပေါ်ရောက်တာနှင့် ကားက မောင်းထွက်သွားသည်။

နောက်မှာ ဘာတွေဖြစ်ကျန်ခဲ့လဲ။ ခါးလှည့်မကြည့်။ ခါး မသိ။ ဘာဆိုဘာမှ ခါး မသိချင်တော့ပါ။

နေ့သစ် အသက်မဲ့သူတစ်ယောက်လို အရုပ်ကြိုးပြတ် ထိုင်နေမိသည်။ ခါး ထွက်ဆိုခဲ့သည့်စကားတွေက နားထဲ ထပ်ကာ ထပ်ကာ ကြားယောင်နေသည်။ ခါး ဘာတွေလျှောက်ပြောသွားတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ။ ဘာလို့ ဒီစကားမျိုးပြောရတာလဲ။

"နေ့သစ် . . . နေ့သစ်ရာ"

အက်ကွဲကွဲအောင်မြင့်အသံက နားထဲတိုးဝင်လာသည်။ သူ ကြောင်တောင်တောင် မော့ကြည့်လိုက်တော့ အောင်မြင့်၊ ထွန်းဦး၊ ပြီးတော့ ခါး၏ သူငယ်ချင်းနှစ်ယောက်ကိုပါ တွေ့ရသည်။

"မင်း . . . မင်းတော့ သွားပြီ သူငယ်ချင်း။ ဒီကောင်မ တကယ်ရက်စက်တယ်"

သူ့ပခုံးကို ဆုပ်ကိုင်ထားသော ထွန်းဦး၏ လက်က တင်းကြပ်လွန်းသည်ဟု သူ ခံစားရသည်။

"မဖြစ်နိုင်ဘူး။ ခါးဆိုရင် ဘယ်တော့မှ ဒီလိုမဟုတ်တာ တွေ ပြောမှာ မဟုတ်ဘူး။ ခုနက ပြောသွားတာ ခါးမဖြစ်နိုင်ဘူး"

သူ့အသံက သူ့ပါးစပ်က ထွက်လာတာ မဟုတ်သလိုပင်။

"နေ့သစ် . . . မင်း ဘာတွေပြောနေတာလဲ"





"ခါး . . . ခါးရော"

"ပြန်သွားပြီ။ မင်းမျက်နှာကိုတောင် တစ်ချက် မကြည့် သွားဘူးကွာ"

"မြေး"

ခေါ်သံဆီ သူ လှည့်ကြည့်လိုက်တော့ ဘွား၊ မေမေနှင့် ဖေဖေ။ သူတို့မျက်လုံးမှာ မျက်ရည်တွေနဲ့ နေ့သစ်အာရုံထဲ အသိ တွေ အားလုံး စုစည်းဝင်ရောက်လာသလို ရှိသည်။ လက်ကမ်းကာ သူ့အား ဖက်လိုက်သော ဘွား၏ခန္ဓာကိုယ် အနွေးဓာတ်က သူ့အား တလှိုက်လှိုက် ဝမ်းနည်းလာစေသည်။ သူ ရှိုက်ကြီးတငင် ငိုလိုက်မိ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ကြမ်းနှင့် ထောင်ဒဏ် (၄) နှစ်တဲ့ မောင့်အား စီရင်ချက်ချလိုက်ပြီ။

ခါး ကျောင်းပြန်တက်ခဲ့သည်။

မေသော်နှင့် ရှုလက်တို့က ခါးအနားမှ ဖယ်ခွာသွားကြသည်။

အောင်မြင့်နှင့် ထွန်းဦးက လမ်းမှာတွေ့လျှင် အခုပင် ရိုက်သတ်ချင်သည့် မျက်လုံးများဖြင့် ကြည့်တတ်သည်။

ဒဿနကျောင်းသားများက မခံချင်သည့် မျက်လုံးများဖြင့်





ကြည့်သည်။

တီးတိုးစကားသံများက ခါးအား နှိပ်စက်လွန်းလှသည်။ ဖြတ်လျှောက်လိုက်တိုင်း တီးတိုးပြောနေတာ မြင်လျှင် ဒါ ခါး အကြောင်းများလား။

ဒီဒဏ်တွေ . . . ဒီဒဏ်တွေကို ခါး ဘယ်လောက် ကြာအောင် ခံနေရဦးမှာလဲ။ ခါး မောပန်းလှပါပြီ။

အတန်းဆက်တက်ချင်စိတ် မရှိတာနဲ့ ခါး အိမ်ကို စောစော ပြန်လာခဲ့သည်။

"ရှင် မြေးကို ထောင်ထဲ အရောက်ပို့ခဲ့တဲ့ ခါးပန်းတမာဆိုတာ ဘယ်လိုမိန်းကလေးလဲ ရှင် သိချင်မလားလို့ ကျွန်မ ဖုန်းဆက်လိုက်တာ ဒေါ်မမကြီး"

အိမ်ထဲဝင်၍ ပြင်လိုက်သော ခါး ခြေလှမ်းများ တုံ့ခနဲ ရပ်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင် သိပ်ကို တန်ဖိုးထားတဲ့ မိဘမျိုးရိုး ဂုဏ်သိက္ခာလေး။ အဲဒါတွေ အစရှာလို့မရတဲ့ ကောင်မလေးပေါ့ . . . ဟင်း . . . ဟင်း ဟင်း . . .

အမေက မွေးပြီး ဆေးရုံပေါ်မှာ ပစ်ထားခဲ့လို့ မိဘမဲ့ ကျောင်းရောက်ရတဲ့ ကလေး။ သူ့အမေက ပြည့်တန်ဆာမ တစ်ယောက်ဖြစ်နိုင်သလို၊ သူ့အဖေက မုဒိန်းကောင်တစ်ယောက်လည်း ဖြစ်နိုင်တယ်။ ဒီလို မိန်းကလေးမျိုးကို တန်းတန်းစွဲ ချစ်မိလို့ ရှင့်မြေး ထောင်ထဲ ရောက်ခဲ့ရတာပဲ"

ခါး မိုက်စနဲ ယိုင်သွားမိသည်။ အန်တီလေး ဘာတွေ ပြောနေတာလဲ။ ဒါတွေဟာ အမှန်ဆိုရင် အန်တီလေး၏စကားပြော သံတွေက ဆက်ကြားရသည်။ ဒါပေမဲ့ ခါးနားထဲ မသဲကွဲ။ နားထဲ တဝီဝီနှင့် အမြင်အာရုံသည် အမှောင်တစ်ဝက် ဖုံးနေသည်။ တံခါး ပေါင်ကို ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။





ဒါဆိုရင် ခါးအတွက် အမေနေရာရော၊ အဖေနေရာရော ထားပြီး ချစ်ခင်ကိုးကွယ်ခဲ့တဲ့ အန်တီလေးဟာ ခါးကို အသုံးချဖို့ သက်သက် မွေးစားခဲ့တာလား။

အန်တီလေးပြောပြနေတဲ့ အဖေ၊ ပြီးတော့ အမေ ဒါတွေ ဘယ်ရောက်သွားတာလဲ။ လောကကြီးမှာ ခါးတစ်ယောက်တည်း ရှိတာလား။ ကန္တာရထဲ တစ်ပင်တည်းပေါက်နေတဲ့အပင်လို ဘဝ မျိုးလား။ ဟင့်အင်း . . . ဒီလိုမဖြစ်ချင်ဘူး။ ခါးက . . . ခါးက . . .

အမှောင်ကမ္ဘာထဲ ခါး နစ်ဝင်သွားတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



အလင်းတွေ ဟိုတစ်စ ဒီတစ်စ။ တဖြည်းဖြည်း စုဆုံလာ
ခြင်းနှင့်အတူ ခါး မျက်လုံးဖွင့်ဖို့ ကြိုးစားလိုက်သည်။

"ဟော . . . သတိရလာပြီ"

အသံက နားထဲဝင်လာသည်။ ခါးကို အုပ်မိုးကြည့်နေ
သော မျက်နှာနှစ်ခုကို တွေ့ရသည်။ ဆရာဝန်နှင့် အန်တီလေး။

❀ လဝန်းကုဋ္ဌေစာပေ ❀



အန်တီလေးကို မေးစရာရှိသည်။ ခါး လှုပ်လှုပ်ရှားရှား
ထဖို့ ပြင်လိုက်သည်။

"ခဏနေဦး . . . သမီး မထနဲ့ဦး။ ငြိမ်ငြိမ်လေးနေဦးနော်"

ဆရာဝန်စကားကြောင့် ခါး ငြိမ်သက်သွားရသည်။

"ခေါင်းထဲ ဘယ်လိုခံစားရလဲ။ မူးသေးလား"

"နည်းနည်းမူးတယ်"

ခါး စကားပြောလိုက်သည်။ အသံက ထွက်မလာ။ ခါး
ထပ်ပြောဖို့ ကြိုးစားတော့ . . .

"အစ် . . . အစ်"

ဆရာဝန်မျက်မှောင်ကြုတ်သွားကာ . . .

"စကားပြောကြည့်စမ်း . . . သမီး"

"အစ် . . . အစ်"

ခါးလည်ပင်းကို ခါး ထိတ်လန့်စွာ ပြန်ကိုင်လိုက်မိသည်။

❀ လဝန်းကုဋ္ဌေစာပေ ❀

www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ ဆရာ၊ သူ့ အသံမထွက်တော့ဘူး"

အန်တီလေးအသံက စိုးရိမ်တကြီး ထွက်ပေါ်လာသည်။

"ကြိုးစားပြီး ထပ်ပြောကြည့်စမ်း . . . သမီး"

ခါး ဘယ်လိုပြောပြော အသံက ထွက်မလာတော့။ ထိတ်လန့်တုန်လှုပ်ခြင်းနှင့်အတူ ခါး မျက်ရည်များ တရဟော ကျ ဆင်းလာတော့သည်။ ဆရာဝန်က စိတ်မကောင်းဖြစ်ဟန်ဖြင့် ခါးကို ကြည့်ပြီး . . .

"သိပ်လည်း စိတ်မပူပါနဲ့၊ ဒါက အခိုက်အတန့်လည်း ဖြစ်နိုင်ပါတယ်။ သေချာကုလိုက်ရင် ပျောက်မယ်လို့ ဆရာ ယုံကြည် တယ်။ သမီးမှာ ကိုယ်ဝန်လည်း ရှိနေတော့ ကိုယ့်ကိုယ်ကိုယ် ဂရု စိုက်ဖို့ လိုမယ်"

ကိုယ်ဝန် . . . ထပ်ဆင့်တုန်လှုပ်မှုဖြင့် ခါး ဆရာဝန် မျက်နှာကို မော့ကြည့်မြန်ပါပြီ။ ဆရာဝန်က အားပေးနှစ်သိမ့်ပြုံး





ပြုံးပြသည်။ ထို့နောက် အန်တီလေးဘက်လှည့်ကာ . . .

"ဒေါ်နီလာ သူ့ကို မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကို ခေါ်သွားပါ။ အဲဒီက ဒေါက်တာ ( . . . )နဲ့ ပြကြည့်ပါ။ သူက လိုအပ်တာတွေ အားလုံး ပြောပါလိမ့်မယ်၊ ကျွန်တော် ပေး ထားတဲ့ဆေးတွေလည်း မှန်မှန်တိုက်ပါ။ ကဲ . . . ကျွန်တော့်ကို ခွင့်ပြုဦး"

အန်တီလေးရော ဆရာဝန်ပါ ထွက်သွားကြသည်၊ ခါး တစ်ယောက်တည်း ဖြည်းညင်းစွာ ကြိုးစား ထထိုင်လိုက်သည်။ ခုတင်ခေါင်းရင်းကို ကျောမှီထိုင်ရင်း ခါး ဗိုက်ကို စမ်းကိုင်ကြည့် လိုက်မိသည်။

ဗိုက်ထဲမှာ ကလေးသေးသေးလေး ရောက်နေတယ်တဲ့။ ထူးဆန်းလိုက်တာ။ အမျိုးအမည်တပ်ရခက်သော ခံစားချက်တွေ က ရင်ထဲ တိုးဝှေ့ဝင်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



အသံ . . . အသံတွေ မထွက်တော့ဘူး။ သူမ အ,သွားပြီလား။ စိုးရိမ်ထိတ်လန့်မှုတွေ ကြီးစိုးလာပြန်သည်။ ဆောက်တည်ရာမဲ့သလို ဖြစ်လာသည်။

အန်တီလေးက အခန်းထဲ ပြန်ဝင်လာသည်။ ခါးလက်ကိုဆွဲယူဆုပ်ကိုင်လိုက်သည်။ ခါး လက်ထဲ အားတွေ စီးဝင်လာသလိုပဲ။ အန်တီလေးကို အားကိုးတကြီး ကြည့်မိသည်။

ဒေါ်မမကြီးကို အန်တီလေးပြောတဲ့စကားတွေက အမှန်မဖြစ်နိုင်ဘူး။ တမင်သက်သက် အထိနာစေချင်လို့ပြောတာ ဖြစ်မှာ။

"ခါး . . . ကြိုးစားပြီး အသံထုတ်ကြည့်ပါဦး"

အားကုန်ညှစ်၍ ပြောသည်။ သို့သော် အသံက ထွက်မလာပါ။ ခါး ဝမ်းနည်းစွာ ခေါင်းခါယမ်းလိုက်သည်။

"ဘာမှစိတ်မပူနဲ့။ ခါး အသံပြန်ထွက်လာအောင် အန်တီလေး ကုမယ်။ ပိုက်ဆံ ဘယ်လောက်ကုန်ကုန်။ နိုင်ငံခြားမှာ သွား





ကုရမယ်ဆိုလည်း အန်တီလေး ကုပေးမယ် . . . ဟုတ်ပြီလား"

ခါးခေါင်းကိုပွတ်သပ်ပေးနေတဲ့ အန်တီလေး လက်ချောင်းတွေက နွေးထွေးလိုက်တာ။

"ကဲ . . . ခါး . . . သမီး ခဏနေဦးနော်။ အန်တီလေး လုပ်စရာရှိတာတွေ သွားလုပ်လိုက်ဦးမယ်"

ထသွားဟန်ပြင်သော အန်တီလေး၏ လက်ကို ခါး ဆွဲလိုက်သည်။ အန်တီလေး မျက်လုံးများထဲ စူးစိုက်ကြည့်မိသည်။ ခါး ဘာမေးချင်လဲ အန်တီလေး သိမှာပါ။

အန်တီလေးက သက်ပြင်းချသည်။ မှိုင်းရီသော မျက်လုံးတွေနှင့် အန်တီလေး မျက်နှာက ရုတ်တရက် အိုမင်းသွားသလိုပင်။

"သမီး ကြားခဲ့ရတာတွေအားလုံးဟာ အမှန်ပဲ။ သမီးကို အန်တီလေး မွေးစားခဲ့တာ"

မိုးကောင်းကင်ကြီး ပြိုကျသွားတာလား။ အိပ်ရာခင်းကို



www.burmeseclassic.com

www.burmeseclassic.com



အားတစ်ခုရလိုရငြား ခပ်တင်းတင်း ဆွဲဆုပ်ကိုင်ထား လိုက်မိသည်။ အန်တီလေးအသံက အက်ကွဲစွာ ထွက်မပေါ်နေသည်။

"အန်တီလေးဟာ ငယ်ငယ်တည်းက မိဘတွေ ဆုံးသွားခဲ့တော့ အဒေါ်အိမ်မှာ ကပ်နေခဲ့ရတယ်။ အဒေါ်က ဆင်းကလည်း ဆင်းရဲ၊ သားသမီးတွေကလည်း များဆိုတော့ နောက်ပိုင်း အန်တီလေးကို ငြူစူလာတယ်။ ဒါနဲ့ အန်တီလေးလည်း စားသောက်ဆိုင်တစ်ခုမှာ မြန်မာသံစဉ်သီချင်းတွေ ဆိုပြီး အဆောင်တစ်ခုမှာ ပြောင်းနေတယ်။ အဲဒီ စားသောက်ဆိုင်မှာပဲ ကိုမင်းဇော်နဲ့ တွေ့ခဲ့တယ်လေ၊ ဒေါ်မကြီးရဲ့ သားပေါ့။ ကိုမင်းဇော်က အန်တီလေးကို သနားတယ်၊ အချစ်စစ်နဲ့လည်း ချစ်ခဲ့တယ်။ သူ့အမေသဘော မတူနိုင်မှန်းသိလို့ အန်တီလေးကို ခိုးပြေးခဲ့တယ်လေ။

ဒေါ်မကြီး သိပ်ရက်စက်တဲ့ မိန်းမကြီးပေါ့။ အန်တီလေးတို့ နှစ်ယောက်ကို ရအောင်ခွဲပြီး ကိုမင်းဇော်ကို ပြန်ခေါ်သွားတယ်"

လဝန်းကူဍွေစာပေ



အန်တီလေး မျက်လုံးများက နာကြည်းဟန်ဖြင့် တစ်စက်ထန်လာသည်။

"အန်တီလေးမှာ ဘာလုပ်လို့ ဘာကိုင်မှန်းမသိဘူး။ အရှေ့ပိုင်း ကျန်ရစ်ခဲ့ရတယ်။ ကိုယ်ဝန်ရလာတော့ သူတို့ အိမ်သွားပြီး သွားပြောတယ်၊ ခြံတံခါးမဖွင့်ပေးဘူး။ ဒေါ်မကြီး ထွက်လာပြီး နင်လို စားသောက်ဆိုင်အဆိုတော်က ဘယ်ကောင်နဲ့ရလို့ ရမှန်းမသိတဲ့ ကိုယ်ဝန်ကို ငါ့သားပေါ် လာလွှဲမချနဲ့တဲ့၊ အန်တီလေးကို ခြိမ်းရှုံ့ကာ မောင်းထုတ်တယ်။

သိပ်မကြာဘူး။ ကိုမင်းဇော်နဲ့ တခြားမိန်းတစ်ယောက်ရဲ့ မင်္ဂလာဆောင်သတင်း သတင်းစာမှာ ပါလာတယ်။ သိပ်မုန်းတာပဲ၊ ဒေါ်မကြီးကိုရော၊ ကိုမင်းဇော်ကိုရော မုန်းတယ်၊ ကလေးကို ရအောင်မွေးဖို့ ဆုံးဖြတ်ခဲ့တယ်။ ဒီကလေးလေးက အန်တီလေးဘဝပဲလို့ ခံယူခဲ့တယ်။ ဒါပေမဲ့ . . . "

လဝန်းကူဍွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



အန်တီလေးအသံ ရုတ်တရက် ရပ်သွားသည်။ သိပ်ဆို့နင့်လာသလိုပဲ။ စကားပြန်ပြောဖို့ အားယူနေသည်။

"မွေးလာတဲ့ကလေးက အသေလေး။ ဆံပင်လေးတွေတောင် ပါတယ်။ မျက်နှာလေးကို မျက်လုံးထဲက မထွက်ဘူး။ အန်တီလေးကိုယ်တိုင် မြေမြှုပ်ပေးခဲ့ရတယ်။ ရင်နာလိုက်တာ။ ကိုယ့်ကိုယ်ကိုယ် သတ်သေချင်စိတ်တောင် ပေါက်တယ်။ ဒါပေမဲ့ သေလို့ မဖြစ်သေးဘူး။ အန်တီလေး နာကျင်ရသလို ဒေါ်မမကြီးကိုလည်း နာကျင်စေချင်တယ်။ ကိုမင်းဇော် မင်္ဂလာဆောင်ခါနီးကားအက်ဆီးဒင့်နဲ့ ဆုံးတယ်။ ဒေါ်မမကြီး သိပ်ခံစားရမှာပေါ့။ သိပ်ဝမ်းသာတာပဲ။ ဒေါ်မမကြီးကို ဒီထက် နာကျင်စေချင်သေးတယ်။ မိနီလာရဲ့အစွယ်ကို ထုတ်ပြချင်တာလေ။ အန်တီလေးဘဝကို ရောဂါသည် မုဆိုးဖိုတစ်ယောက်ရဲ့ လက်ထဲ ထိုးအပ်ခဲ့တယ်။ ကောင်းကောင်းပြုစုပေးခဲ့ပါတယ်။ သူသေတော့ ပစ္စည်းဥစ္စာတွေ





အားလုံး ရခဲ့တယ်။ ခါးကို မွေးစားခဲ့တယ်။ ဒေါ်မမကြီး မြေးကို ထောင်ထဲအရောက် ပို့ချင်လို့ပေါ့ . . . ဟား . . . ဟား . . . ဟား"

အန်တီလေးရယ်သံက ရယ်သံနှင့်မတူ။ အက်ကွဲခြောက်ကပ်နေသည်။

"အခုတော့ ဒေါ်မမကြီးကို အလဲထိုးလိုက်နိုင်ပြီ။ သိပ်ပျော်တာပဲ။ နှစ်ပေါင်းများစွာ မြုံနေတဲ့အနာတစ်ခု ပွင့်ထွက်သွားသလိုပဲ။ သိပ်နေလို့ကောင်းတယ် . . . ဟား . . . ဟား . . . ဟား"

အန်တီလေးက ခြောက်ကပ်စွာ ရယ်ပြန်သည်။

ခါးမျက်လုံးမှ ထပ်ကျရန် မျက်ရည်များ ခန်းခြောက်သွားသည်။

အဲဒါနဲ့ အန်တီလေးရဲ့ နာကြည်းမှုအတွက် ခါးရင်ထဲမှာ အမုန်းပင်တွေ စိုက်ခဲ့တာပေါ့။

ငယ်ငယ်ကတည်းက အိပ်ရာဝင်ပုံပြင်တစ်ပုဒ် ဖြစ်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



အဖေထောင်ကျ၊ အမေသေဆိုတဲ့ ဇာတ်လမ်းကို ဆင်ခဲ့တာပေါ့။

အန်တီလေးရဲ့ သမီးအရင်းသာဆိုရင် ယောကျ်ားတစ်ယောက်က လိမ်လည်လှည့်ဖျား နိုးယူပေါင်းသင်းခံလိုက်ရတဲ့မိန်းမ ဆိုတဲ့ ဘွဲ့ထူးကို အန်တီလေး ပေးရက်ပါ့မလား။

ခါးကို အသုံးချရက်တယ်လို့ အန်တီလေးကို အပြစ်တင်ရမလား။

ခါးလို မိဘမဲ့တစ်ယောက်ကို ကောင်းမွန်စွာ ကျွေးမွေးစောင့်ရှောက်ခဲ့တယ်ဆိုပြီး ကျေးဇူးပဲ တင်နေသင့်လား။

သေချာတာကတော့ အန်တီလေးကို ခါး ရုတ်တရက် မုန်းလို့မရတာပဲ။ ငယ်ငယ်လေးကတည်းက အန်တီလေး မျက်နှာကိုသာ တစ်ကမ္ဘာထင်ခဲ့တဲ့ ခါးက အစုမှ အားလုံးကို ပြောင်းပြန်လှန်ပစ်လိုက်ဖို့အထိ ခါး စိတ်ဓာတ်က မမာဘူးထင်တယ်။

ခါးအဖြစ်က ဘာနဲ့တူလဲဆိုတော့ . . .





မြေကြီးကို ကုတ်ဆွဲထားတဲ့ သစ်မြောက်ပင်လိုပဲ။ ကုတ်ဆွဲထားတဲ့ မြေကြီးကိုလည်း လက်မလွှတ်နိုင်။ ဒါပေမဲ့ အရွက်သစ်တွေလည်း မဝေနိုင်တော့ဘူးလေ။



www.burmeseclassic.com

www.burmeseclassic.com



တရိပ်ရိပ်ကျန်ခဲ့သော မြင်ကွင်းများကို ခါး ငေးကြည့်နေမိသည်။

"အပြင်သွားမယ် ခါး" ဆိုသည့် အန်တီလေးစကားကြောင့် ခါး ကားပေါ်ပါလာရသည်။ အသံလည်း မထွက်နိုင်သောအခါ ထွေထွေထူးထူးလည်း မေးမနေတော့ပါ။ စိတ်ထဲ၌ အသံကို ဆရာဝန်သွားပြမယ်လို့ပဲ ထင်ခဲ့သည်။

တဖြည်းဖြည်းနှင့် လူတွေ ကျဲလာကာ ဆင်ခြေဖုံးတစ်ခု ထဲ ဦးတည်နေသောအခါ ခါး မျက်မှောင်ကြုတ်လာမိသည်။





အန်တီလေး၏ လက်မောင်းကို ခါး လှုပ်ယမ်းလိုက်သည်။ တစ်ချက်လှည့်ကြည့်ကာ ရှေ့သို့ မျက်နှာ ပြန်မူသွားသည်။ အတန်ကြာသည့်တိုင် အန်တီလေးထံမှ စကားသံ ထွက်မလာသောအခါ လက်မောင်းကို ခါး ထပ်မံလှုပ်ယမ်းလိုက်သည်။

"လက်သည်အိမ်သွားမလို့။ ကိုယ်ဝန်ကို ဖျက်ချမှ ဖြစ်မယ်"

အာမေဋိတ်သံက ရင်ထဲ ပွဲတင်ရိုက်သွားသည်။ အန်တီလေး ခါးဆန္ဒကိုလည်း မမေးပါလား။ သွေးရင်းဆွေမျိုးရယ်လို့ တစ်ယောက်မှ မရှိတဲ့ ခါးဘဝမှာ ဒီကလေးက ခါးရဲ့တစ်ဦးတည်းသော သွေးသားအရင်းအချာပဲလေ။ ဖျက်ဆီးပစ်လို့ မဖြစ်ဘူး။

ခါး ခေါင်းကို ဘယ်ညာယမ်းခါလိုက်သည်။

"အစ် . . . အင်း . . . အင်း"

ညည်းတွားသံဆန်ဆန် အသံတချို့ ခါး ပါးစပ်မှ ဝူးဝူးဝါး



www.burmeseclassic.com

www.burmeseclassic.com



ဝါး ထွက်လာတော့သည်။ ခေါင်းခါယမ်းကာ အန်တီလေး လက်မောင်းများကို အကြမ်းပတမ်း လှုပ်ယမ်းမိသောအခါ ကားက ယိမ်းထိုးသွားသည်။

"ငြိမ်ငြိမ်နေစမ်း . . . ခါး . . . ဒီလိုလုပ်နေရင် ကားတိုက်မိကုန်လိမ့်မယ်"

ခပ်ဆောင့်ဆောင့်ထွက်လာသော အန်တီလေးအသံကြောင့် ခါး ငြိမ်သက်သွားမိသည်။

"ဒေါ်မမကြီးရဲ့ မျိုးဆက် နင့်ခန္ဓာကိုယ်ထဲမှာရှိနေတာ ငါမလိုချင်ဘူး။ ဒီကလေးကို ဖျက်ချမှကို ဖြစ်မယ်"

ခါး ပြူးကျယ်သော မျက်လုံးများဖြင့် အန်တီလေးကို ကြည့်နေမိသည်။ ကူကယ်ရာမဲ့သလို ခံစားချက်များ ခါး ရင်ထဲ အလုံးအရင်းနှင့် ဝင်လာသည်။

ကားသည် ရှေ့သို့ လျင်မြန်စွာ ပြေးလေလေ ခါးကလေးကို





သတ်ရန် လူသတ်ကုန်းနှင့် နီးလာလေဖြစ်သည်။ ခါး ဘာလုပ်ရမလဲ။

ထိုစဉ် ကားအရှိန်လျော့သွားသည်။ ရှေ့တွင် ရထားသံလမ်းရှိသည်။ ရထားလာရန်ရှိတာမို့ လမ်းပိတ်ထားသည်။

ခါး ကမန်းကတန်း ကားတံခါးဖွင့်ဆင်းလိုက်သည်။

"ဟဲ့ . . . ခါး ဘာလုပ်တာလဲ"

အန်တီလေး အသံက နောက်မှ ပြေးလိုက်လာသည်။

"ခါး . . . ခါး . . . ဘာလုပ်တာလဲ . . . ခါး"

ခါးအားသွန်ပြေးမိသည်။ ရထားသံလမ်းဆီသို့ ခပ်ဝေးဝေးမှ အရှိန်နှင့် ပြေးဝင်လာနေသော ရထားကို တွေ့ရသည်။

တားထားသော သံတုတ်တန်းကို ခေါင်းငုံ့လျှိုကာ ရထားလမ်းကို ခါး ဖြတ်ပြေးလိုက်သည်။ ခါး တစ်ဖက်သို့ အောင်မြင်စွာ ရောက်သွားချိန် သိပ်မကြာ။ ရထားက ခါးနောက်မှ ပြင်းထန်သော



www.burmeseclassic.com

www.burmeseclassic.com



အရှိန်ဖြင့် ဖြတ်ပြေးသွားတော့သည်။

လမ်းကြားပေါင်းမြောက်မြားစွာကို ခါး ကျော်ဖြတ်ခဲ့သည်။ ဘယ်တော့မှ တစ်ဖြောင့်တည်းမသွား။ ဟိုဘက်ရိုးချလိုက်၊ ဒီဘက်ရိုးချလိုက်နှင့် နာရီပေါင်းများစွာ ခါး လျှောက်နေမိသည်။

မိုးတွေက ဝုန်းခနဲ ရွာချလာသည်။ ခါးခြေလှမ်းများကို မရပ်ရဲ။ ခါး စတင်ထွက်ပြေးခဲ့သော နေရာနှင့် ဝေးလေ ကောင်းလေ၊ အန်တီလေးနောက်ကနေ လိုက်ရှာလိမ့်မယ်ဆိုတာ ခါး သိသည်။

ဇောတစ်ခုနှင့် လျှောက်နေမိတာ ခရီးတွေ ဘယ်လောက်ပေါက်မှန်းမသိတော့။ ခါး ခြေထောက်တွေ ယိုင်နဲ့ချင်လာသည်။ မိုးတွေက ရွာလိုက် ပြန်တိတ်သွားလိုက်နှင့် ခါး တစ်ကိုယ်လုံး နိုက်နိုက်တုန်နေပြီ။

ဈေးဆိုင်တဲလေးတစ်ခုကို တွေ့ရသည်။ ဒီနေ့ မိုးကောင်း





၍ ဈေးလာရောင်းပုံမရ။ ခါး ဝင်ရပ်လိုက်သည်။ မိုးတွေကလည်း မှောင်လိုက်တာ။ ရှူးရှူးမိုက်မိုက်နှင့် ထွက်လာခဲ့တာ အခုမှ ကြောက်စိတ်ဝင်လာသလို ရှိသည်။ ဗိုက်ထဲက တချုပ်ချုပ်နဲ့ဆာလာသည်။ ပိုက်ဆံလည်း တစ်ပြားမှ မပါ။

မျက်နှာချင်းဆိုင်လမ်းတစ်ဖက်၌ အကြော်တဲလေးတစ်ခုကို တွေ့ရသည်။ ပူပူရှူရှူအကြော်တွေက ခါးကို မျက်စောင်းထိုးနေသည်။ ခါး တဲတွေးကို နင့်ခနဲနေအောင် မျိုချလိုက်မိသည်။ အပြင်မှာ မိုးများနေသလောက် ပါးစပ်ထဲမှာတော့ အာခေါင်ခြောက်လိုက်တာ။ တစ်ချက် တစ်ချက် ချမ်း၍ တုန်တာများ ရင်ထဲက လှိုက်လှိုက်ပါအောင် တုန်တက်လာသည်။

မိုးတွေ ကောင်းလို့ အကြော်တဲမှာ ဝယ်သူမရှိ။ ဗိုက်ထဲကလည်း ဆာလိုက်တာ။ အခုချိန် အကြော်တွေယူပြီး ထွက်ပြေးရင် အကြော်သည်အဘွားကြီး ပြေးလိုက်လို့ မီမှာမဟုတ်။ ဒုက္ခပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေတွေးနေပါလိမ့်။ အသက်သာ အသေခံလိုက်မယ်။ ဒါမျိုးတော့ မလုပ်ဘူး။ မဖြစ်ပါဘူး။ တခြားနေရာသွားမှပဲ။ မိုးကလည်း ကောင်းလိုက်တာ။ မိုးရေတွေထဲ ထပ်သွားရဦးမှာ။ ဘယ်ကို သွားရမလဲ။ မှောင်လာလို့ မသမာသူတွေနဲ့တွေ့ရင် ဒုက္ခပဲ။ မိုးစဲတဲ့အထိ စောင့်ရင် ကောင်းမလား။ သွားမှပဲ။ အကြော်တဲရှေ့တော့ မရပ်ချင်တော့ဘူး။ ဗိုက်ဆာလိုက်တာ။

ခါး အမိုးအောက်မှထွက်လိုက်သည်။ မိုးရေတွေထဲ တစ်လှမ်း . . . နှစ်လှမ်း . . . ရုတ်တရက် ခါး မြင်ကွင်းတစ်ခုလုံး မှောင်သွားသည်။ ကောင်းတယ်။ မှောင်သွားတော့ အကြော်တွေ မမြင်ရတော့ဘူး။ ဗိုက်လည်း မဆာတော့ဘူး။ ဒါပေမဲ့ သွားတော့ ဆက်သွားရဦးမယ်။

"ကလေးမ . . . သတိရပြီလား . . . ကလေးမ"

အုပ်မိုးနေသော မျက်နှာက သုံးလေးခု။ ဘယ်ရောက်နေ





တာလဲ။ ခါး ကမန်းကတန်း ထရန်ပြင်လိုက်သည်။

"ဟဲ့ . . . ဟဲ့ . . . မထနဲ့ဦးလေ"

ဟန့်တားသံကြောင့် ခါး ငြိမ်သက်သွားမိသည်။

"ရေနည်းနည်းသောက်လိုက်ဦး"

ရေကို ဇွန်းနဲ့ခပ်ကာ ခါး ပါးစပ်နားတော့ပေးသည်။ ရေက အေးမြစွာ ဝင်သွားခြင်းနှင့်အတူ ခေါင်းလည်း ပို၍ကြည်လင်လာသည်။ ရေတိုက်သူမှာ အကြော်သည် အဘွားဆိုတာ ခါး မှတ်မိလိုက်သည်။

"ခေါင်းထဲ ကြည်လင်ရဲ့လား"

ခါး ခေါင်းညိတ်ပြလိုက်သည်။

"ထိုင်ချင်လား"

ခါး ခေါင်းညိတ်ပြမိပြန်သည်။

အကြော်သည် အဘွားက ခါးကို ထူပေးကာ နောက်၌



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအုံးတွေ ဆင့်ပေးသည်။ ကြည့်ရတာ ဒီအိမ်က အကြော်သည် အဘွားရဲ့အိမ်ဖြစ်ပြီးတော့ ကျန်တဲ့အမျိုးသမီးတွေကတော့ အိမ်နီးနားချင်းတွေ ဖြစ်ပုံရသည်။

"ကလေးမ . . . ဘယ်မှာနေတာလဲ"

ခါး ခေါင်းခါပြလိုက်သည်။ သူတို့တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြသည်။

"ဒါဆို သွားစရာရောရှိရဲ့လား"

ခါး ခေါင်းခါပြမိပြန်သည်။

"သွားစရာ နေစရာမရှိဘူးတဲ့။ ဘယ်လိုလုပ်မလဲ ဘွားအုန်း"

"အားလုံးဝိုင်းစဉ်းစားပြီး တစ်ခုခုစီစဉ်ကြတာပေါ့"

သူတို့အားလုံး စူးစူးစမ်းစမ်းပုံစံဖြင့် ခါးကို ကြည့်ကြသည်။ ခါးလည်း အားငယ်စွာ သူတို့ကိုပြန်ကြည့်မိသည်။ တစ်ယောက်က





ဝင်မေးသည်။

"နာမည် ဘယ်လိုခေါ်လဲ"

ခါးဟူသောစာလုံးကို လေထဲတွင် လက်ညှိုးဖြင့် ရေးပြလိုက်သည်။

"ဟယ် . . . အနေတာလား"

ခါး ခေါင်းညိတ်ပြလိုက်သည်။ သူတို့မျက်လုံးထဲ၌ ကရုဏာ၏ အရိပ်တွေ ယှက်သန်းသွားသည်။

"နာမည်က ခါးနော်။ သနားစရာလေးတော်။ ရုပ်လေးက သန့်သန့်လေး"

တစ်ယောက်က ဝင်ပြောပြန်သည်။ သိပ်မကြာ။ သူတို့တွေ ပြန်သွားကြသည်။ ခါးနှင့် ဘွားအုန်းဟုခေါ်သော အကြော်သည် အဘွားကြီးသာ ကျန်ခဲ့သည်။

အခုမှ သတိထားမိသည်။ ရေစိုနေသော ခါးအဝတ်



www.burmeseclassic.com

www.burmeseclassic.com



အစားတွေကို လဲထားပေးသည်။ အခုဝတ်ထားသည်မှာ ဘွားအုန်း၏ အဝတ်အစားတွေ ဖြစ်ပေလိမ့်မည်။

"ကဲ . . . ကလေးမ ဘာစားချင်လဲ။ ဆန်ပြုတ်သောက်မလား"

ခါး အကြည့်က စားပွဲပေါ်တင်ထားသော အကြော်ဗန်းပေါ် ရောက်သွားသည်။ ဗန်းထဲ၌ ရောင်းမကုန်သော အကြော်တွေ ရှိနေသည်။ ခါး အကြော်ဗန်းကို လက်ညှိုးထိုးပြလိုက်သည်။

"အကြော်စားချင်လို့လား။ မပူတော့ဘူး။ အေးနေပြီ။ စားမှာလား"

ခါး ခေါင်းညိတ်ပြလိုက်သည်။

အကြော်တွေ အားရပါးရစားသော ခါးကို ဘွားအုန်းက ကရုဏာသက်ဟန်ဖြင့် ကြည့်သည်။

ဘဝတစ်သက်တာ စားခဲ့ရသမျှ အကြော်တွေထဲမှာ ဒီ





တစ်ခါ စားရသောအကြော်တွေလောက် ကောင်းတာ မရှိတော့။

ဒီလိုပဲ ခါး ကြုံခဲ့ရသမျှ မေတ္တာတွေထဲမှာလည်း ဘွားအုန်းဆီမှရသော မေတ္တာလောက် အေးတာ မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၇ )

## (၇) နှစ် ခန့်ကြာသော်

နေ့သစ် လေယာဉ်ပေါ်မှ ဆင်းလိုက်သည်။ မြန်မာမြေ၏ လေထုက သူ့အား ကြမ်းတမ်းစွာ ရိုက်ခတ်လိုက်သလို ခံစားရ သည်။ တကယ်တော့ ဒီမြေကို သူ ဘယ်တော့မှ မနင်းချင်။ ဒီမြေ မှာ အကျည်းတန်ခဲ့သည့် သူ့အတိတ်ကို ဘယ်တော့မှ ပြန် သတိ





မရချင်။ ထောင်ကထွက်ပြီးတာနှင့် သူ နိုင်ငံခြားထွက်သွားခဲ့တာ။ နိုင်ငံခြားမှာပင် သူ့ဘဝကို အခြေချဖို့ ဆုံးဖြတ်ပြီးသား။

အခုတော့ ဘွားဘွား အသည်းအသန်ဖြစ်၍ သူ ပြန်လာခဲ့ရသည်။ ဒါလည်း အခိုက်အတန့်သာဖြစ်လိမ့်မည်။ ဘွားဘွား နေကောင်းတာနှင့် သူ နိုင်ငံခြားကို ပြန်ထွက်မည်။

လာကြိုသောကားနှင့် နေ့သစ် လိုက်လာခဲ့သည်။ ဘွား နေမကောင်းဖြစ်နေ၍ထင် အိမ်က လူတွေ တစ်ယောက်မှ ပါမလာ။ အလွတ်ရနေသော မြင်ကွင်းတွေက သူနှင့် (၃)နှစ်ကြာ ဝေးကွာခဲ့သည့်တိုင် ဘာတစ်ခုမှ မပြောင်းလဲပေ။ သူ စိတ်ညစ်ညူးစွာ သက်ပြင်းချမိသည်။

ခြံထဲ ကားဝင်လာတာနှင့် ထွက်ကြိုသော မေမေ့ကို တွေ့ရသည်။ သူ့ကိုမြင်တော့ ဝမ်းသာဝမ်းနည်းနှင့် မေမေ မျက်ရည်ဝဲပါသည်။ သူလည်း ရင်ထဲ မကောင်း။ မေမေ၏ ပခုံးများကို သိမ်း



www.burmeseclassic.com

www.burmeseclassic.com



ပွေ့ဖက်ရင်း . . .

"ဘွားရော . . . ဖမမ"

"ရှိတယ် သား . . . လာ"

ဖမမ ခေါ်ဆောင်ရာ ဧည့်ခန်းထဲလိုက်ခဲ့တော့ ဆိုဖာတွင် အခန့်သား ထိုင်နေသော ဘွားကို တွေ့ရသည်။ ဘွားသည် (၃) နှစ်စာ ပိုအိုမင်းသွားသည့်တိုင် အသည်းအသန်ဟူသောစကားနှင့်တော့ ဘာမှမဆိုင်ပေ။ ဘွားနှင့်ဖမမ ပေါင်းပြီး ညာခေါ်တာ သူခံလိုက်ရပြီဆိုတာ သိလိုက်သည်။

အံ့ဩဟန် သူ့မျက်နှာကို ဘွား အပြုံးများက ချေဖျက်ပစ်သည်။ သူ့ကို ပွေ့ဖက်လိုက်သော ဘွား လက်ချောင်းက ပျော့တွဲနေသည့်တိုင် သူ့နှလုံးသား ချည်ကြိုးကို တင်းခနဲဖြစ်သွားစေသည်။

"မြေး"





"ရှာ . . . ဘွား"

"ဘွားမသေခင် မြေးနဲ့နေသွားချင်တယ် မြေးရယ်"

"ဟုတ်ကဲ့ပါ ဘွား"

အစုမှ ပြန်တွေ့သည့်ဘွားကို သူ့အား ညာခေါ်ရကောင်းလားဟူ၍ အပြစ်မတင်ရက်သလို သူ နိုင်ငံခြားသို့ ပြန်ထွက်မည့်အကြောင်းလည်း ရုက်ချင်းကြီး ပြောမထွက်ပါ။ နောက်မှ အေးအေးဆေးဆေး ဘွားကို နားဝင်အောင် ပြောဖို့ သူ ကြိုးစားရမည်။



www.burmeseclassic.com

www.burmeseclassic.com



ဆီအိုးထဲ ပွက်ပွက်ထကာ အနေတော် ကျွက်ရွလာသော ဗူးသီးကြော်များကို ခါး ဆယ်ယူပြီး စကာထဲ ထည့်လိုက်သည်။

"အချဉ်ရည်လေး နည်းနည်းပေးပါဦး"

သားက အချဉ်ရည်ခွက်ထဲ အချဉ်ရည်ခပ်ထည့်ကာ ယူသွားပေးသည်။ ဒီနေ့ ဘွားအုန်း နေမကောင်းတာကြောင့် သားကိုပင် စားပွဲထိုးခိုင်းရသည်။

"ကောင်းသစ်ရေ . . . သွားကစားမယ်။ လိုက်ဦးမလား"

"မလိုက်တော့ဘူး။ ဒီနေ့ ငါ မအားဘူး"





ခါး ကြည့်လိုက်တော့ သား၏သူငယ်ချင်းသုံးယောက်ကို တွေ့ရသည်။ ဘောလုံးတစ်လုံးနှင့် ဘောလုံးသွားကန်မည့်ပုံပင်။

စား၍ပြီးသွားသော ပိုင်းတစ်ပိုင်းမှ ပိုက်ဆံယူတာတွေ အမ်းတာတွေ သူ့ဘာသာသူ အပြေးအလွှားလုပ်နေသော သား၏ မျက်နှာနုနုကို တစ်ချက်ကြည့်ကာ ခါး သဘောကျစွာ ပြုံးမိသည်။

တောင်ဒဂုံမြို့နယ်လေးသည် လက်လုပ်လက်စားအခြေခံ လူတန်းစားတို့ အများစု နေထိုင်ရာ နေရာလေးဖြစ်သည်။ နယ်မှ တက်လာပြီး ဒီမှာ အခြေချသည့်လူကလည်း ခပ်များများပင်။ ရပ်ကွက်က ကျယ်သလောက် လူတွေက ခပ်ထူထူ။ အိမ်သေးသေး လေးတွေက အများအပြား။

ခါးတို့ရပ်ကွက်ထဲမှာတော့ ဘွားအုန်း အကြော်ဆိုင်ဆိုလျှင် မသိသူ ခပ်ရှားရှား။ အခြားရပ်ကွက်ကလူတွေပင် စက်ဘီးတွေနှင့် လာဝယ်စားကြသည်။ အဓိကတော့ အချဉ်။ ဘွားအုန်း



www.burmeseclassic.com

www.burmeseclassic.com



အချဉ်စပ်တော်၍ လှူကြိုက်များတာ ဖြစ်သည်။

ဘွားအုန်းဆီ ခါး ရောက်စကတော့ ခါးက စားပွဲထိုးပေးရသည်။ နောက်ပိုင်း ဘွား တရှောင်ရှောင်ဖြစ်လာသောအခါ ခါး က အမိကကြော်၍ ဘွားအုန်းက နေကောင်းလျှင် စားပွဲထိုးပေးသည်။ နေမကောင်းလျှင်တော့ ခါးတို့အိမ်ဘေးက ကောင်မလေးကို မုန့်ဖိုးပေးပြီး အကူအညီတောင်းရသည်။ ကျောင်းအားရက်နှင့် ကြုံလျှင်တော့ သားက ကူပေးသည်။

တစ်ခါတစ်ရံ ဘွားအုန်း၏သား ကိုဖိုးမောင် လာကူပေးတတ်သည်။ ဒါကလည်း သူ အလုပ်အားမှ။ ကိုဖိုးမောင်က တစ်ဖက်ရပ်ကွက်ရှိ သူ့ယောက္ခမအိမ်တွင် နေတာဖြစ်သည်။

သိပ်မကြာသေးခင်က မိန်းလမ်းမကြီးဘေးတွင် ကန်ထရိုက်တိုက်ခန်းတွဲကြီး လာဆောက်သည်။ ကိုဖိုးမောင်က ပန်းရံလုပ်တာမို့ အဲဒီဆိုဒ်ထဲ အလုပ်ဝင်လုပ်သည်။ အလုပ်က ဆက်တိုက်မို့





ကိုဖိုးမောင်လည်း အကြော်ဆိုင်လာမကူနိုင်တော့ပေ။ အလုပ်သမားတွေက သိပ်မဝေးသောနေရာတွင် စုပုံရှိနေကြတာကြောင့် ခ. အကြော်ဆိုင်လည်း ပို၍ရောင်းရသည်။

"မေမေ . . .. ဆိုဒ်ထဲက အကြော်နှစ်ပွဲ ပါဆယ်မှာထားတာ သား သွားပို့လိုက်ဦးမယ်"

ခါး ခေါင်းညိတ်ပြလိုက်သည်။ ထွက်သွားသော သား၏ ကျောပြင်ကို လှမ်းကြည့်ရင်း ညက အတိတ်ကို ပြန်တွေးရင်း ဒိပ်ရေးပျက်၍ ကျိန်းစပ်နေသော မျက်လုံးများကို ခပ်နာနာ ဖိပိတ်လိုက်မိသည်။

(၇)နှစ်ဟူသောကာလသည် အရာရာကို ပြောင်းလဲစေသည့်အပြင် ထိုအပြောင်းအလဲထဲ၌ အသားကျရန်လည်း ခါးအတွက် လှံ့လောက်ခဲ့သည်။ ခါးသည် အကြော်သည်မလေး ခါး၊ ဒုအမလေး ခါး၊ သားတစ်ယောက်အမေ ခါးဘဝ၌ အသားကျ



www.burmeseclassic.com

www.burmeseclassic.com



နေခဲ့ပြီ။

သို့သော် မိုးညအိပ်မက်တွေကတော့ ခါးကို အရတိုင် ခြောက်လှန့်လို့ ကောင်းဆဲ။ အိပ်ရာက လန့်နိုးတိုင်း ပြန်မအိပ်နိုင်ဘဲ မိုးစက်တွေကို ငေးကြည့်ကာ ငုတ်တုတ်ထိုင် မိုးလင်းရမြဲ။ ငေးကြည့်မိသော မိုးစက်တွေကလည်း မြန်မာရုပ်ရှင်ပိတ်ကားတွေလို အစက်အပြောက်များစွာဖြင့် အတိတ်က အရိပ်တွေကို ရုပ်လုံးဖော်ပေးနေဆဲ။





## အခန်း ( ၈ )

ငါးဆယ်တန်ခေါက်ချိုးလေးများကို အပေါ်အောက် တန်းစီထားသည်။ ကောင်းသစ် စည်းပေါ် ခြေတင်လိုက်ကာ ဒိုးပြားလေးကို ဆလိုက်သည်။ ဗိုးခနဲ ပစ်လိုက်ရာ ငါးဆယ်တန်အခေါက် လွင့်ထွက်သွားသည်။

"ဗိုး"

ကောင်းသစ် ဝမ်းသာစွာ အော်လိုက်သည်။ တိုးဇော်က



www.burmeseclassic.com

www.burmeseclassic.com



နွတ်ခမ်းမဲ့ပြီး သူ့နှိုးပြားကို ဆကာ ပစ်လိုက်သည်။ ငါးဆယ်တန် နားမှ ကပ်ပြီး ဖြတ်ထွက်သွားသည်။

"ဟာကွာ"

တိုးဖော်၏ မချိတင်ကဲ ရေရွတ်သံက ကောင်းသစ်နားထဲသို့ ဟာဒယရှင်စွာ တိုးဝင်သွားသည်။ မိုးကြီးအလှည့်။ မိုးကြီးက သူ၏ ရှည်ကိုင်းသော ခန္ဓာကိုယ်ကို စည်း၏ရှေ့သို့ တစ်လံလောက် ကိုင်းထွက်ကာ ဒိုးကိုပစ်သည်။ ကောင်းသစ်က . . .

"ဟာ . . . ဟော့ကောင် မင်းကိုယ်ကို ဒီလိုရှေ့ထိုးမထားနဲ့လေ"

"စည်းမကျော်ရင် ပြီးရောလေကွာ။ ဒိုးပစ်ရင် ငါက ဒီလို ပစ်မှ အားရတာ"

မိုးကြီးအား ကောင်းသစ် မကျေမနပ်ကြည့်လိုက်သည်။ ခန္ဓာကိုယ်ရော ခြေတံလက်တံပါ ရှည်သည့် မိုးကြီးက ဒိုးပစ်တိုင်း





ဒီလို အခွင့်အရေးလေး ပိုယူလိုက်ရမှ။ ရတယ်။ ဒီကောင် ငါ့အကြောင်း သိမယ်ဟု ကောင်းသစ်စိတ်ထဲမှ ကြိမ်းဝါးလိုက်သည်။

ထို့နောက် ဒိုးကိုယူကာ စိတ်ကိုစုစည်းပြီး အသေအချာ မှန်းပစ်လိုက်သည်။ ထိပ်ဆုံးမှ ငါးဆယ်တန်သုံးခေါက် လွင့်ထွက်သွားသည်။ ကောင်းသစ် ဝမ်းသာအားရ ပြေးကောက်လိုက်သည်။

တိုးဖော် ပစ်လိုက်သည်။ ငါးဆယ်တန် နှစ်ခေါက် လွင့်ထွက်သွားသည်။ ထိုစဉ် မိုးကြီး ခြေဖျားကို ဒိုးကို ရှေ့သို့ လျှပ်တစ်ပြက် တွန်းရွှေ့လိုက်တာ ကောင်းသစ် တွေ့လိုက်သည်။

"ဟာ . . . မိုးကြီး . . . မင်း ဘာလုပ်တာလဲ"

"ဘာလုပ်လို့လဲ"

"မင်းဒိုးက ဒီနေရာမဟုတ်ဘူးလေ။ ဒီမှာကွ"

ကောင်းသစ် ဖိုးဖိုးဖတ်ဖတ်သွားကာ နေရာကို ခြေထောက်နှင့် ထိုးပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး . . . ဒီနေရာပဲ"

"မင်း ကလိမ်ကကျစ်မလုပ်နဲ့နော်။ မင်း ဒိုးကို ခြေထောက်နဲ့ ရွှေ့လိုက်တာ ငါ မြင်တယ်ကွ"

"ဘယ်မှာရွှေ့လို့လဲ၊ ဒိုးက ဒီနေရာမှာပဲ ရှိတာကွ"

"ဟေ့ကောင် . . . မင်း ပြန်ရွှေ့ဆိုရွှေ့နော်"

မိုးကြီးနှင့် ကောင်းသစ်တို့ တစ်ယောက်နှင့်တစ်ယောက် စောင်၍ကြည့်မိကြသည်။ တိုးဇော်က ဆရာကြီးလေသံဖြင့် . . .

"အချိန်ကြာတယ်။ အခု မင်းတို့ ဘာလုပ်ကြမှာလဲ"

"မိုးကြီး . . . မင်း ပြန်ရွှေ့မလား၊ မရွှေ့ဘူးလား . . . ပြော"

"မရွှေ့ဘူးကွာ"

"ပြီးရော . . . ဒါဆို ငါ ထွက်တယ်။ မင်းလို ကလိမ်ကကျစ်မျိုးနဲ့ မကစားဘူး"

မိုးကြီးကလည်း လုံးဝမခံ။ ချက်ချင်း ပြန်ပက်သည်။

လဝန်းကချွေစာပေ



"မင်းလို အအမသားနဲ့ ငါကလည်း မကစားချင်ပါဘူး"

ကောင်းသစ်၏ နားဝထဲ မီးပွင့်ထွက်သွားသလိုရှိသည်။ အအမသား။ ဒီလိုအခေါ်ခံလိုက်ရတိုင်း သူ့အရှိက်ကို အထိုးခံလိုက်ရသလို ခံစားရသည်။

ကောင်းသစ် ဒေါသထွက်စွာ မိုးကြီး၏ ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်သည်။ ဖင်ထိုင်လျက် ကျသွားသော မိုးကြီးက ချက်ချင်းပင် ပြန်ထကာ ကောင်းသစ်ဆီ ခုန်ဝင်လာသည်။ သူ တစ်ပြန် ကိုယ်တစ်ပြန် လုံးထွေးကာ ချကြသည်။

ပထမတော့ တိုးဇော်က ဘယ်သူ့ဘက်မှ ဝင်မပါ။ အကောင်က ရှည်ရှည်ကိုင်းကိုင်းနှင့် အရိုးထဲမှ အားမထွက်လာသော မိုးကြီးက ကောင်းသစ်၏အောက်တွင် ပြားနေအောင် ခံရသောအခါမှ တိုးဇော်က မိုးကြီးဘက်မှ ဝင်ကူသည်။ သူတို့နှစ်ယောက်က ညီအစ်ကို ဝမ်းကွဲတွေ။

လဝန်းကချွေစာပေ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်တစ်ယောက်ဖြစ်သောအခါ ကောင်းသစ် မနိုင်တော့။ လိမ့်ပိမ့်ခံရတော့သည်။





နေ့သစ် ကားကို လမ်းသွယ်တစ်ခုထဲ ချိုးကွေ့ဝင်လိုက်သည်။ တစ်ဖက်မိန်းလမ်းပေါ် သွားချင်၍ ဒီလမ်းထဲ သူချိုးချလိုက်တာ ဖြစ်သည်။

ဖေဖေတို့ ကုမ္ပဏီက တာဝန်ယူဆောက်နေသော တောင်ဒဂုံတိုက်ခန်းတွဲများကို သွားကြည့်ဖို့ ဘွားက အတင်းလွှတ်တာကြောင့် သူ ထွက်လာခဲ့တာပင်။

နိုင်ငံခြားသို့ ပြန်မသွားစေချင်သော ဘွားက သူ့အား အလုပ်ထဲ တစ်စစ သွင်းနေသည်။ ဘွား စိတ်ချမ်းသာလျှင်ပြီးရော



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး သူ စောဒကမတက်ဘဲ ထွက်လာခဲ့သည်။

ရှေ့မှ မြင်ကွင်းကိုကြည့်ကာ သူ မျက်မှောင်ကြုတ်လိုက်မိသည်။ ကလေးတစ်ယောက်ကို နှစ်ယောက်က ဝိုင်းဆော်နေတာဖြစ်ပြီး ကျစ်ယောက်တည်းသော ကလေးမှာ အောက်၌ ပြားနေသည်။

လမ်းကကျဉ်းတာကြောင့် ကားသွားဖို့လည်း မလွတ်တော့။ သူ ဟွန်းကို သုံးလေးငါးချက် ဆင့်တီးလိုက်သည်။

ထိုအခါမှ ရပ်ပွဲက ရပ်သွားသည်။ သူ ကားကို ကျော်ထွက်လိုက်သည်။ နောက်ကြည့်မှန်မှ ကြည့်လိုက်တော့ ရန်ပွဲက ဆက်ဖြစ်နေလေသည်။

ဟ . . . ဘာကောင်တွေလဲ။ သူ ကားပေါ်မှ ဆင်းလိုက်သည်။

"ဟေ့ . . . ရပ်စမ်း။ တော်တော့ . . . ရန်ဆက်မဖြစ်ကြနဲ့





တော့"

ဟောက်သံအပြည့်နှင့် ပြောလိုက်တော့ ရန်ပွဲက ရပ်သွားပြန်သည်။

"သွား . . . သွား . . . ကိုယ့်အိမ်ကိုယ်ပြန်ကြ"

အပေါ်စီးမှရနေသည့် နှစ်ယောက်က နေ့သစ်ကို ကြည့်ကာ ချာခနဲလှည့်ပြေးသွားလေသည်။ အောက်မှ ပြားနေသည့် ကလေးကတော့ တော်တော်နှင့် မထနိုင်ဘဲ ကျန်ရစ်ခဲ့သည်။

"မင်း . . . ရလား"

မျက်နှာရှုံ့မဲ့ကာ ကြိုးစားထရင်း ခေါင်းညိတ်ပြသော ကလေးကို ကြည့်ပြီး နေ့သစ် သနားသွားမိသည်။

"မင်းရဲ့အိမ် ဘယ်မှာလဲ"

"ဟိုဘက်လမ်းမှာ"

"ကောင်းကောင်းသွားနော် . . . ဟုတ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် . . . ဦး"

ထွက်သွားသောကလေးကို တစ်ချက်ကြည့်ကာ နေ့သစ်လည်း ကားမောင်းထွက်ခဲ့တော့သည်။

ဆောက်လက်စတိုက်ခန်းတွဲ၏ ရှေ့ဘက်ရှိ သစ်သားဖြင့်ဆောက်ထားသော ယာယီအဆောက်အအုံထဲ နေ့သစ် ဝင်လိုက်သည်။ စားပွဲတွင် ထိုင်ကာ အလုပ်ရှုပ်နေသော မန်နေဂျာ ကိုမျိုးကို တွေ့ရသည်။

"ဩော် . . . ကိုနေ့သစ် ရောက်ပြီလား။ ဘွား ဖုန်းဆက်ထားလို့ ကျွန်တော် ကိုနေ့သစ်ကို စောင့်နေတာ"

ကိုမျိုးအား သူ ခင်မင်ရင်းနှီးစွာ ပြုံးပြလိုက်ပြီး ခုံတွင် ဝင်ထိုင်လိုက်သည်။

"နည်းနည်းနားပြီးတာနဲ့ ကျွန်တော်တို့ ဆိုဒ်ထဲ ပတ်ကြည့်ကြတာပေါ့"





အဘွားက ဘယ်လိုညွှန်ကြားချက်တွေ ပေးထားသည် မသိ။ ကိုမျိုးကလည်း သူ့ကို အလုပ်ထဲဆွဲခေါ်တော့မတတ်ပင်။ နေ့သစ် သက်ပြင်းချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ညလုံးရွာထားသော မိုးကြောင့် ရျှို့ခွက်တွေနှင့် ပြည့်ချွန်သော မြေလမ်းကလေး၌ ရေအိုင်ထွန်းသော နေရာတွေက အနှံ့အပြား။

သား ချော်လဲမှာစိုးတာကြောင့် သား၏ လက်ကို ခါး ပို တင်းကြပ်စွာ ကိုင်လိုက်သည်။

ကောင်းသစ်အား ခါး ကျောင်းလိုက်ပို့တာဖြစ်သည်။

"မေမေ . . . ဆရာမက ပြောတယ်။ ရန်မဖြစ်ရဘူးတဲ့။ ရန်ဖြစ်တဲ့ကလေးတွေကို ငရဲမင်းကြီးက ခွေးသားရေနဲ့မှတ်သား





တယ်တဲ့။ လိမ္မာတဲ့ကလေးတွေကိုတော့ သကြားမင်းကြီးက ရွှေပုရပိုက်ထဲမှာ မှတ်ထားတယ်တဲ့။ မှတ်ပြီး ဘာလုပ်မှာလဲ။ မသိဘူးနော်"

ကောင်းသစ်ကို ရှင်းပြဖို့ ခါးပါးစပ်ဟလိုက်သည်။ အသံမထွက်နိုင်ခြင်းကို သတိရသွားတာမို့ ပါးစပ်ကို ပြန်ပိတ်လိုက်မိသည်။

အ,နေသော အမေတစ်ယောက်အနေဖြင့် ကောင်းသစ်အား ဆုံးမစကားတွေ ပြောပြီး အလိမ္မာတွေ တိုးစေဖို့ ခါး မစွမ်းဆောင်နိုင်ခဲ့ပါ။ စကားပြောချင်သည့်စိတ်တွေ ခါးရင်ထဲ ပြင်းပြလာသည်။ သားကို စကားတွေ အများကြီး ပြောချင်သည်။ အခုတလော ခါးအသံကို မကြားရဘဲ ညှစ်ထုတ်၍ စကားပြောနိုင်ရန် ကြိုးစားနေမိသည်။

"မေမေ . . . သားကြီးလာရင် မေမေ့ကို ကားလှလှလေး



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ပေးမယ် . . . သိလား"

ခါးပြုံး၍ ကိုင်ထားသော သားလက်ကို ဖျစ်ညှစ်လိုက်သည်။

"ဟိုနေ့တုန်းက သားနဲ့မိုးကြိုးတို့ ရန်ဖြစ်တော့ လာခွဲပေးတဲ့ ဦးဦးရဲ့ကားက သိပ်မိုက်တာပဲ။ အဲဒီကားမျိုး မေမေ့ကို ဝယ်ပေးမှာ . . . သိလား မေမေ"

သူမကို မော့ကြည့်ကာ ပြောသော သား စိတ်ကျေနပ်အောင် ခါး ခေါင်းညိတ်ပြလိုက်သည်။ ကောင်းသစ်မျက်နှာက ပြုံးမြသွားသည်။

တဖြည်းဖြည်းနှင့် ကျောင်းရှေ့ ရောက်လာသည်။ ထက်အောက်မညီဖြစ်နေသော သား၏ အင်္ကျီကော်လံကို ခါး ဆွဲညှိပေးလိုက်သည်။ သားက သူမကို လက်ပြပြီး ကျောင်းဝင်းထဲ မှန်မှန်လျှောက်သွားသည်။





သားနောက်ကျောကို ကြည့်ရင်း ခါး မုန့်ဖိုးမပေးလိုက်ရသေးတာ သတိရသည်။ ခါး ခဲလုံးသေးသေးကို ကောက်၍ သားနောက်ကျောကို ပေါက်လိုက်သည်။ သားက ချက်ချင်း လှည့်ကြည့်သည်။ ခါး လက်ယပ်ခေါ်လိုက်သည်။ သားက ပြန်ပြေးလာသည်။

ပိုက်ဆံအိတ်ထဲမှ မုန့်ဖိုး ၂၀၀ ထုတ်၍ သားကို ပေးလိုက်သည်။ သားက မုန့်ဖိုးယူ၍ ခါးကို ပြုံးပြပြီး ကျောင်းဝင်းထဲ ပြေးဝင်သွားလေသည်။

ရေအိုင်တွေကို ဂရုတစိုက်ရှောင်ရှားရင်း ခါး အိမ်သို့ ခပ်ဖြည်းဖြည်း ပြန်လျှောက်လာခဲ့သည်။

"ဟေ့ . . . ခါး"

နောက်က ခေါ်သံကြောင့် ခါး လှည့်ကြည့်လိုက်တော့ အောင်မျိုးကို တွေ့ရသည်။ ခါး စိတ်ညစ်ညူးသွားသည်။ အောင်မျိုးက ရပ်ကွက်ထဲ ရေရောင်းရင်း ကြီးပွားနေတာဖြစ်သည်။ ငွေရှင်



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုပြီး စကားအပြောအဆိုက ဆောင့်ကြွားကြွား။

ကလေးတစ်ယောက်အမေ ယောကျ်ားမရှိဘူးဆိုပြီး ခါးကို ဘာထင်သည်မသိ။ ရေလာထည့်တိုင်း ရှိသဲ့သဲ့လုပ်တတ်သည်။ မထိခလုတ် ထခလုတ်နှင့် အနှောင့်အသွားမလွတ်ချင်သော စကားတွေ ပြောသည်။

"ကောင်းသစ်ကို ကျောင်းပို့ပြီး ပြန်လာတာလား"

ခါး ခေါင်းလည်း မခါ၊ ခေါင်းလည်း မညိတ်။ အောင်မျိုးက ခါးဘေးမှ ကပ်လိုက်လာသည်။ ခါး ခပ်သွက်သွက်လှမ်းလိုက်သည်။

"သားတစ်ယောက်နဲ့ တစ်ယောက်တည်း ရှန်းကန်နေရတော့ ခါးလည်း ပင်ပန်းမှာပဲ။ ခါး အကူအညီလိုရင် ကျွန်တော့်ကို ပြောနော်။ ခါးအတွက်ဆို ကူညီဖို့ အသင့်ပဲ။ အဖော်လိုရင်လည်း ပြောနော်။ ကျွန်တော်က အသင့်ပဲ"

ခါး ဒေါသမျက်လုံးများဖြင့် အောင်မျိုးအား ဆတ်ခနဲ





ကြည့်လိုက်သည်။ အကြည့်ဖြင့်သာ တုံ့ပြန်နိုင်ပြီး အသံမထွက်နိုင်သော ခါးအား အောင်မျိုးက မမှု။ ခါးအား အာသာငန်းငန်းမျက်လုံးမျိုးဖြင့် စိုက်ကြည့်သည်။

ပြီတီတီအောင်မျိုး၏ မျက်နှာက ရွံ့စရာကောင်းလှသည်။ ခါး အံကြိတ်လိုက်မိသည်။ ထိုစဉ် ဆိုက်ကားတစ်စီးလာတာ တွေ့တာမို့ ခါး လက်တားလိုက်သည်။ ဆိုက်ကားရပ်တာနှင့် ခါး ဆိုက်ကားပေါ်တက်ထိုင်လိုက်သည်။

အောင်မျိုးက ဆိုက်ကားပေါ်တော့ တက်လိုက်မလာ။ အကျင်းအကျပ်ထဲမှ လွတ်မြောက်သွားတာမို့ ခါး အသက်ကို ဝဝ ရှူလိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၉ )

မြင်းစွာရှက်များကို ခါး ရေဆေးသည်။ ထို့နောက် တစ်ခါ ကြော်စာ အစည်းလေးတွေဖြစ်အောင် ပြန်စည်းသည်။

"ဖိုးမောင်တစ်ယောက် အခုတလော အိမ်ဘက်ကို ခြေဦး မလှည့်ဘူးကွယ်"





ဘွားအုန်းအသံက စပ်ညည်းညည်းထွက်ပေါ်လာသည်။

အခုတလော မိုးများ၍လားမသိ။ ဘွားအုန်းမှာ ခြေဖျား လက်ဖျား အေးလိုက်၊ ကိုယ်နွေးလိုက်ဖြစ်နေသည်။ အလုပ်မအား ၍ မလာနိုင်သော သူ့သားကိုလည်း ခဏ ခဏ တွေချင်နေသည်။

"ခါးရေ . . . ဖိုးမောင်ကို သွားပြောပေးကွယ်။ နေ့လယ် ထမင်းစားရင် အတူလက်ဆုံစားရအောင်လို့"

ခါး ခေါင်းညိတ်ပြလိုက်သည်။

စာရွက်ပေါ် ဆော့ပင်ဖြင့် "ကိုဖိုးမောင် ဘွားအုန်းက နေ့လယ် ထမင်းအတူစားမယ်တဲ့" ဟူသော စာကြောင်းကို ရေးပြီး စာရွက်ကို ခေါက်၍ ကိုင်လိုက်သည်။ ထို့နောက် ထီးတစ်ချောင်း ယူ၍ ဆိုဒ်ထဲ ထွက်လာခဲ့တော့သည်။

ဆိုဒ်ထဲက အလုပ်သမားအတော်များများက ဒီရပ်ကွက် ထဲက လူတွေပဲမို့ ခါးနှင့် မျက်မှန်းတန်းမိကြသည်။ ကိုဖိုးမောင်ကို



www.burmeseclassic.com

www.burmeseclassic.com



မတွေ့လည်း ကိစ္စမရှိ။ တစ်ယောက်ယောက်ကို ကိုဖိုးမောင်အား ပေးခိုင်း၍ ရသည်။





နေ့သစ် လုပ်ကွက်တွေလိုက်ကြည့်ပြီး ယာယီအဆောက် အအုံထဲ ဝင်လိုက်သည်။ ထို့နောက် တိုင်တွင် ချိတ်ထားသော မိုးကာသားဂျာကင်ကို ဆွဲယူကာ ကားဆီသို့ လျှောက်လာခဲ့သည်။

ဘွားက နေ့လယ်စာ ထမင်းအတူစားဖို့ မှာတာကြောင့် သူ အိမ်ပြန်ရန်ဖြစ်သည်။

သူ့ခြေလှမ်းများ တုံ့ခနဲရပ်သွားမိသည်။ သူ့မြင်ကွင်းထဲ တရွေ့ရွေ့ရွေ့လျားနေသော အရာအား မှင်တက်စွာ ကြည့်နေမိ သည်။



www.burmeseclassic.com

www.burmeseclassic.com



ခါး . . .

သေလောက်အောင် ချစ်ခဲ့ရသော၊ သတ်ပစ်ချင်လောက်အောင် နာကြည်းရသော၊ အချစ်တွေ ဆောင်ကြဉ်းခဲ့သော၊ အမုန်းတွေ အပ်နှင်းခဲ့သော . . . ခါး။

နေ့သစ် တစ်ကိုယ်လုံး ရုတ်တရက် တဖျင်းဖျင်း ဆူဝေတက်လာသလို ရှိသည်။

သူ မမေ့နိုင်သော၊ မေ့ပစ်ဖို့ ကြိုးစားခဲ့သော အတိတ်သည် မာတိကာရှုပြလိုက်သလို အစီအစဉ်တကျ သူ့အာရုံထဲ အရိပ်ထင်လာသည်။

သူမက သူ့ကို မမြင်ပါ။ အလုပ်သမားတစ်ယောက်အား စာတစ်စောင်ပေးကာ လှည့်ထွက်သွားသည်။

သူမ ပျောက်ကွယ်သွားမှ မလှမ်းမကမ်းရှိ အလုပ်သမားတစ်ယောက်အား သူမ စာပေးခဲ့သည့် အလုပ်သမားကို ရုံးခန်းထဲ





လာခဲ့ဖို့ ပြောခိုင်းပြီး သူ ယာယီအဆောက်အအုံထဲ ပြန်ဝင်လာခဲ့သည်။

သိပ်မကြာ ထိုအလုပ်သမား ရောက်လာသည်။

"ထိုင်ပါ"

"ဟုတ်ကဲ့ . . . ဆရာ"

နေ့သစ် ရှည်ရှည်ဝေးဝေးတွေ နိဒါန်းမပျိုးတော့။ သိချင်တာကို တန်းမေးလိုက်သည်။

"ခင်ဗျားကို စာလာပေးတဲ့မိန်းကလေးက ခင်ဗျားနဲ့ ဘာတော်တာလဲ"

"ခါးကိုပြောတာထင်တယ် ဆရာ"

"ဟုတ်ပါတယ်"

"ဘာမှမတော်ဘူးဗျ။ သူ့ကို ကျွန်တော့်အမေက သနားလို့ အိမ်မှာခေါ်ထားတာ။ သနားစရာပါ ဆရာရယ်။ စကားမပြောနိုင်ရှာ



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ"

"ဗျာ"

"ဟုတ်တယ် ဆရာရဲ့ သူ့ယောကျ်ားက စွန့်ပစ်လိုက်တာ ထင်တယ်။ ကိုယ်ဝန်လည်း ပါလာတယ်။ သူ့သားလေးလည်း ကျွန်တော်တို့အိမ်မှာပဲ မွေး၊ အိမ်မှာပဲ ကြီးတာပဲဗျ"

ကြားရသောစကားများက သူ ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့သော စကားများ။

အံ့သြဟန်အပြည့်ဖြစ်နေသော သူဌေး၏မျက်နှာကို ဖိုးမောင် အကဲခတ်ပြီး . . .

"ခါးနဲ့ဆရာက အသိတွေလား"

"ဆိုပါတော့ဗျာ"

"ရွှေလမ်းထဲက ဘွားအုန်းအကြောင်းဆိုင်ဆိုရင် လူတိုင်းသိတယ် ဆရာ။ ခါးကို တွေ့ချင်ရင် ဆရာ အဲဒီကို သွားလိုက်။ ခါး





က အမေ့ကိုကူပြီး ဆိုင်ထွက်ပေးနေကျပဲဗျ"

နေ့သစ် ခေါင်းညိတ်ပြလိုက်သည်။

"ဒါနဲ့ ခါးက ခင်ဗျားတို့အိမ်ကို ဘယ်အချိန်ကတည်းက ရောက်နေတာလဲ"

"ကောင်းသစ်တစ်သက်ပဲ ဆိုတော့ . . ."

"ကောင်းသစ်ဆိုတာ ဘယ်သူလဲ"

"ခါးရဲ့သားလေ ဆရာ။ သူ့ရဲ့တစ်သက်ဆိုတော့ လွန်ခဲ့တဲ့ ၇ နှစ်လောက်ကတည်းက ရောက်နေတာဗျ"

"လွန်ခဲ့တဲ့ ၇ နှစ်"

နေ့သစ် သံယောင်လိုက်လိုက်မိသည်။ ထိုအလုပ်သမား နှုတ်ဆက်ကာ ထွက်သွားပြီး အတန်ကြာသည့်တိုင် သူ ထိုင်ရာမှ မထဖြစ်ဘဲရှိသည်။

စဉ်းစားစရာများစွာက သူ့ခေါင်းထဲ စုပုံတိုးဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ထီးတစ်ချောင်းနှင့် နွမ်းနွမ်းဖတ်ဖတ် ခါး၏ပုံက အာရုံထဲ ထင်လာသောအခါ သူ ခေါင်းကို အတင်းခါထုတ်လိုက်မိတော့သည်။





မှန်အမည်းတပ်ထားသော ကားသည် အ်တွင်းမှ ထိုင်နေသည့် နေ့သစ်အား ကောင်းမွန်စွာ အကာအကွယ်ပေးထားသည်။

အကြော်ဆိုင်လေးထဲသို့ နေ့သစ် မမှိတ်မသုန်စိုက်ကြည့်နေမိသည်။

ဝီယါဖြင့် လုပ်ထားသော မီးဖိုပေါ်တွင် ဒယ်အိုးပြကြီး တင်ထားသည်။ ခါးက ရပ်ပြီး အကြော်ကြော်နေတာ ဖြစ်သည်။ အိုးထဲသို့ ကြော်ရန်ထည့်တာ၊ ကျက်ပြီးသား အကြော်တွေကို ပြန်ဆယ်ထုတ်ပြီး စကာထဲထည့်တာ၊ နဖူးက ချွေးကို လက်ခုံဖြင့် သပ်ချပြီး



www.burmeseclassic.com

www.burmeseclassic.com



သုတ်လိုက်တာ အားလုံး နေ့သစ် မြင်နေရသည်။

ဆံပင်အားလုံးကို နောက်သို့ ကပိုကယို စုစည်းထားသည်။ အဝတ်အစားကို သပ်ရပ်စွာ ဝတ်ထားပေမယ့် အပေါ်စားတွေမှန်း သိသာလွန်းသည်။

ခါးဆိုသောမိန်းမကာစ်ယောက်၏ဘဝသည် ဒီလို ဖြစ်သွားခဲ့တာလား။

အိပ်မက်ထဲဝင်လာတိုင်း အာရုံထဲပေါ်လာတိုင်း သူ သတ်ပစ်ချင်ခဲ့သော ခါးသည် ဘယ်တုန်းကမှ ဒီလိုမဟုတ်ခဲ့။ သူ့အား ချောက်ချခဲ့ရသည့်အတွက်၊ အချစ်ကို အလွဲသုံးစားလုပ်ခဲ့ရသည့်အတွက် အနိုင်ရသည့်အပြုံးတွေနဲ့ ဂုဏ်ယူနေတတ်တာ။

သူက နံရံလေးဖက်ကြား ပိတ်မိနေချိန်မှာ သူမကတော့ လိပ်ပြာတစ်ကောင်လို ပန်းပွင့်တွေကြား လွတ်လပ်ပျော်ပါးနေလိမ့်မည်လို့ ထင်ခဲ့တာ။





သူ့ယောက်ျားက ပစ်ခဲ့တာလား။

သူ့အန်တီလေးက ဘယ်ရောက်သွားတာလဲ။

တော်ပါပြီ။ ဒါတွေကို စဉ်းစားနေစရာ အကြောင်း မရှိတော့။

အကြော်လာဝယ်စားသူများကို အကြော်ပန်းကန်တွေ၊ အချဉ်ရည်ပန်းကန်တွေ လိုက်ချပေးနေသည့် အဒေါ်ကြီးကတော့ ဘွားအုန်းဆိုတာ ဖြစ်လိမ့်မည်။

ထိုစဉ် ကျောင်းဝတ်စုံဝတ်ထားသည့် ကလေးလေးတစ်ယောက် ဝင်လာသည်။ ခါးနားကိုသွားကာ ဘာတွေပြောနေမှန်းမသိ။ ဒါ . . . ခါးရဲ့သားဆိုတာလား။ တစ်ခါတုန်းက လမ်းပေါ်ရန်ဖြစ်နေသည့် ကလေးဆိုတာ သူ ချက်ချင်းမှတ်မိလိုက်သည်။

အချိန်က တရွေ့ရွေ့နှင့် ကုန်ဆုံးသွားခြင်းနှင့်အတူ အကြော်ဆိုင်လေးထဲ ဝယ်သူလည်း တစ်စစပါးလျားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့သစ် ကားတံခါး ဖွင့်ဆင်းလိုက်သည်။

သူ့ခြေဖျားများ၏ ဦးတည်ရာက အကြော်ဆိုင်လေးဆီသို့။

တစ်ကြိမ်လောက်ပဲဖြစ်ဖြစ် မင်းနဲ့ငါ ဆုံကြတာပေါ့ ခါး။

ငါ့ကို ရင်ဆိုင်ကြည့်ရဲတဲ့ သတ္တိ မင်းမှာ ရှိနိုင်ပါ့မလား။

မင်းလက်နဲ့ ချေမွဖျက်ဆီးခဲ့တဲ့ ယောကျ်ားတစ်ယောက်ပါ။

အမိုးထဲ သူဝင်လိုက်တာနှင့် သိန်းကျော်တန် သူ၏အဝတ်အစားတွေအောက်မှာ ခပ်မွဲမွဲအကြော်ဆိုင်လေးမှာ ပို၍ စုတ်ချာသွားသယောင် ထင်ရသည်။

သူ့ကိုမြင်တာနှင့် ကမ္ဘာပျက်မတတ် ဖြစ်သွားသော ခါးအား သူ တည့်တည့်စူးစူးစိုက်ကြည့်လိုက်သည်။

သေစမ်း . . . ခါး . . . ငါ့ကိုမြင်ရုံနဲ့ အသက်ပျောက်စေနိုင်တဲ့အစွမ်းမျိုးရှိရင် မင်းကို ခေါက်ခနဲ သေသွားစေချင်ခဲ့တာ။

စုဖွဲ့အိုင်ထွန်းလာသော ခါးမျက်ရည်များ မြေပြင်သို့





တတောက်တောက်ကျဆင်းသွားသည်။ နေ့သစ် အကြည့်လွှဲလိုက်ပြီး ဘွားအုန်းအား . . .

"ဒီဗန်းထဲက အကြော်တွေအားလုံး ယူမယ်"

သူတို့နှစ်ယောက်အား အကဲခတ်၍ ကြည့်နေသော ဘွားအုန်းက ပျာပျာသလဲဖြင့် အကြော်တွေကိုအိတ်ထဲ ထည့်ပေးသည်။

"ငါးထောင်ကျတယ်"

သူ ပိုက်ဆံပေးပြီး အကြော်ထည့်ထားသောအိတ်ကို ယူ၍ လှည့်ထွက်လိုက်သည်။ ဆိုင်ဘေးကပ်လျက် မြေကွက်လပ်အရောက်တွင် သူ့ခြေလှမ်းများ ရပ်တန့်သွားသည်။ သူ ခါးကို လှည့်ကြည့်လိုက်သည်။

ထို့နောက် အိတ်ထဲက အကြော်တွေအားလုံး သွန်ပစ်ချလိုက်တော့သည်။ အကြော်တွေက မြေပြင်ပေါ်တွင် မြင်မကောင်းအောင် ပြန့်ကျဲသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အနီးအနားတွင် ခွေးတွေပြေးလာကာ အကြော်ကို အလု အယက်စားကြသည်။

သူ့ နာကြည်းစွာ ပြုံးလိုက်သည်။

ပွဲပြီးသွားပြီ ခါး။

ငါ့အပေါ်လုပ်ခဲ့တဲ့အဖြစ်တွေနဲ့ တန်အောင် မင်းကို လောကဓံက ဒဏ်ခတ်ခဲ့ပြီပဲ။

နောက်ဆုံးတွေ့ဆုံခြင်းပါ။

ငါတို့နှစ်ယောက်ကြားက အတိတ်တွေကို ငါ မေ့ပစ်နိုင်ပြီ ထင်တယ်။

ကောင်းကင်မှာ ဖြစ်တည်နေတဲ့ တိမ်တစ်စလိုပေါ့။

နောက်တစ်နေ့ မိုးသောက်ရင် ဘယ်ဆီရာရမှန်း မသိ အောင် ပျောက်ကွယ်သွားတတ်တာ။

ငါတို့နှစ်ယောက်ကြားက အရာအားလုံးလည်း ဒီလိုပဲ





ဖြစ်ပါစေတော့။

ယိုင်ခနဲဖြစ်သွားသော ခါးအား ဘွားအုန်းက ဖေးမသည်။ ဘွားအုန်း၏ ပခုံးကိုဖက်ကာ ခါး ရှိုက်ကြီးတငင် ငိုကြွေးမိသည်။

"ဒါ ကောင်းသစ်ရဲ့အဖေလား သမီး"

ခါး ခေါင်းညိတ်ပြတော့ ဘွားအုန်းက သက်ပြင်းချသည်။ ထို့နောက် ရှိုက်ငိုရင်း လှုပ်ခါနေသော ခါးကျောပြင်အား ကြင်နာစွာ ပွတ်သပ်ပေးလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သွပ်ပြားပေါ် အဆက်မပြတ်ကျဆင်းနေသော မိုးရေစက်များ၏ အသံက ဝန်းကျင်တစ်ခုလုံး ဖုံးလွှမ်းထားသည်။

သည်းသည်းမဲမဲရွာသော မိုးကြောင့် ခါးတို့အိမ်ရှေ့ လမ်းကလေးမှာ ရေပြင်ဖွေးဖွေးဖြစ်နေသည်။

စာဆိုနေသော သား၏ဘေးတွင် ကပ်ထိုင်နေသည့်တိုင် သား၏စာဆိုသံက ခါး နားထဲ မဝင်တစ်ချက် ဝင်တစ်ချက်။

မောင့်ပုံရိပ်ကိုသာ အခါခါမြင်ယောင်နေမိသည်။ ကျောင်းတုန်းက မောင့်ပုံနှင့် အခုပုံသည် ခြားနားလွန်းနေသည်။ ပဲမများ





တတ်သော၊ ရိုးရှင်းသောစိတ်အတိုင်း သူ၏ သဘောကောင်းမှုကို မကွယ်မဝှက် ပြတတ်သော၊ အားနာတတ်သော မောင် ဟုတ်ဟန်မတူတော့။ မောင် ပြောင်းလဲသွားခဲ့ပြီ။

ရုတ်တရက် စို့ဝဲလာသော မျက်ရည်များကို သူမ မျက်တောင်ပုတ်ခတ်သိမ်းဆည်းလိုက်သည်။

ပြက်ခနဲ လက်လိုက်သော လျှပ်ရောင်အောက်တွင် လေနှင့်အတူ ယိမ်းထိုးညွတ်ခါနေသော သစ်ကိုင်းသစ်ခက်များက မိစ္ဆာပိုးတို့ ကပွဲသဘင် ဆင်ယင်နေသည့်ပမာ။

"ဒိန်း . . . ဒလိန်း"

မိုးခြိမ်းသံက နောက်ဆက်တွဲလိုက်ပါလာသည်။

သားအား ခါး ငုံ့ကြည့်လိုက်သည်။ သားက စာဆို၍ပင် မပျက်။ လျှပ်စီးလက်တာ၊ မိုးခြိမ်းတာတို့ကို သားက မကြောက်တတ်ဘူးပေ။



www.burmeseclassic.com

www.burmeseclassic.com



သား၏မျက်နှာနုနုငယ်ငယ်ကိုကြည့်ပြီး သူမ ပိုမိုဝမ်းနည်းလာမိသည်။ သားက သူမကို မော့ကြည့်လိုက်ကာ . . .

"မေမေ"

ထူးသည့်သဘောဖြင့် ခါး မေးထိုးပြတော့ . . .

"ညနေကလာတဲ့ ဦးဦးက ဘာလို့အကြောင်တွေကို ပစ်ချလဲ မသိဘူးနော်။ သူက သားရဲ့ဖေဖေဆို . . . ဟုတ်လားဟင်"

ခါး ခေါင်းခါယမ်းပြလိုက်သည်။

"ဘွားဘွားအုန်း မေးတုန်းကတော့ မေမေပဲ ခေါင်းညိတ်ပြပြီးတော့။ တကယ် သားရဲ့ဖေဖေ မဟုတ်ဘူးလား"

ခါး ထပ်မံခေါင်းခါယမ်းပြလိုက်သည်။ ခါးကိုကြည့်ပြီး သားမျက်နှာက စိတ်ပျက်လက်ပျက်ဖြစ်သွားသည်။ ခါး သားအားဆွဲယူပွေ့ဖက်လိုက်သည်။

ရင်ထဲမှာ နာလိုက်တာ။ ကျဆင်းလာသော မျက်ရည်များ





ကို သား မမြင်အောင် ခါး ကမန်းကတမ်း ပွတ်သုတ်လိုက်သည်။

မေမေ့မျက်ရည်တွေကို မမြင်စေချင်ဘူး သားရယ်။ အဖေမဲ့တဲ့သား။ အ,ဖနတဲ့မိန်းမတစ်ယောက်ရဲ့သားအဖြစ်နဲ့ ကံဆိုးနေတဲ့ သားလေး အားငယ်တတ်သွားမှာ စိုးမိတယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၀ )

"အမေရေ"

စပ်ကျယ်ကျယ်အသံက မြဲဝကနေ လွင့်ပျံလာသည်။ အိမ်ရှေ့ရောက်မှ ခေါ်လည်း ရတာကို ဒီလိုခြံဝကတည်းက အသံဝါကြီးနှင့် အော်ခေါ်တတ်တာက ကိုဖိုးမောင်အကျင့်ပဲ ဖြစ်သည်။

ကိုယ်လက်မအီမသာဖြစ်တယ်ဆိုကာ နံရံဘေးကပ်၍ ဖျာခင်းလှဲနေသော ဘွားအုန်း၏ ဝေါက်ခနဲထလိုက်ပုံကလည်း အိမ်





ကလေးပင် အနည်းငယ် ခါသွားသည်။

ဖူးသီးတွေကို လှီးနေရင်း ခါး ပြုံးမိသည်။ ဘွားအုန်းတို့များ သူ့သားကို မျှော်နေမှန်း သိသာလွန်းသည်။

ကိုဖိုးမောင်က ချိုင့်ကလေးဆွဲကာ ဝင်လာသည်။

"ဒီမှာ အမေ့ချွေးမက အမေကြိုက်တဲ့ပုစွန်ထုပ်ဟင်း ပေးခိုင်းလိုက်လို့ အမေရ"

"သာဓုကွယ် . . . သာဓု"

ဘွားအုန်း၏ သာဓုခေါ်သံက ပီတိတွေ အစိုအရွှဲ။

"ဒါနဲ့ သားက ဒီနေ့ အလုပ်မသွားဘူးလား"

"အလုပ်ပိတ်တယ်။ ဒီနေ့ သူဌေးရဲ့သား စေ့စပ်ပွဲ ရှိလို့လေ"

ကိုဖိုးမောင်က သူ့အမေကို ပြောနေရာမှ ခါးဘက်လှည့်ကာ . . .

www.burmeseclassic.com



"ခါး . . . အဲဒီသူဌေးရဲ့သားက နင်နဲ့အသိတွေဆို။ တစ်ခါတုန်းက နင့်အကြောင်း ငါ့ကို မေးဖူးတယ်"

ခါး ရင်ထဲ ဒိန်းခနဲဆောင့်ခုန်သွားသည်၊

ဘွားအုန်းက တစ်ခုခုကို သဘောပေါက်သွားသလို အလန့်တကြားပုံစံဖြင့် . . .

"ဟဲ့ . . . ကောင်လေးနာမည်က ဘာတဲ့လဲ"

"နေ့သစ်တဲ့ အမေရ"

ဘွားအုန်းက ခါးအား အဓိပ္ပာယ်ပြည့်နေသောအကြည့်ဖြင့် ကြည့်သည်။ မောင့်နာမည်ကို ဘွားအုန်း မေးသဖြင့် ခါး စာရေးပြောပြပြီးသားဖြစ်သည်။

ခါး မျက်လွှာချလိုက်ကာ လိုးလက်စ ဗူးသီးကို ဆက်လိုးသည်။ အပိုင်းပိုင်းဖြစ်သွားသော ဒီဗူးသီးတွေလိုပဲ ခါးရင်လည်း အစိတ်စိတ်အမွှာမွှာ ပြိုကွဲနေရပြီ။





ဘွားအုန်းနှင့် ကိုဖိုးမောင်တို့ ဘာတွေဆက်ပြောနေကြလဲ။ အာရုံနှင့် နားက ချိတ်ဆက်မမိတော့သောအခါ မကြားတစ်ချက် ကြားတစ်ချက်။

"ကဲ . . . အမေရေ . . . သား ပြန်လိုက်ဦးမယ်"

ပြောရင်း ထရပ်လိုက်သော ကိုဖိုးမောင်ကြောင့် အိမ်ကလေး ခါသွားမှ ခါးအသိက အာရုံထဲ ပြေးဝင်ကပ်သည်။ အိမ်ပေါ်မှ ဆင်းလိုက်သော ကိုဖိုးမောင်ကို ခါး ကြည့်လိုက်သည်။ ကိုဖိုးမောင်က ဖိနပ်စီးနေရာမှ . . .

"ဩော် . . . မေ့တော့မလို့။ ခါးရေ နင့်သား အခုတလော ဆိုဒ်ထဲ ခဏ ခဏ လာနေတယ်။ ဟိုနား ရစ်သီရစ်သီ ဒီနား ရစ်သီရစ်သီနဲ့ ဘာလာလုပ်နေမှန်းကို မသိဘူး။ ငါနဲ့တွေ့ရင်တော့ ငါ ပြန်နိုင်းတာပဲ။ မလာနိုင်းနဲ့ သိလား၊ လုပ်ငန်းခွင် အန္တရာယ်ဆိုတာ ပြောလို့ရတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခါး ခေါင်းညိတ်ပြလိုက်သည်။ ဒုက္ခပါပဲဟု စိတ်ထဲ ညည်းလိုက်မိသည်။ မောင့်အား သူ့အဖေ မဟုတ်ဘူးဟု ပြောတာ သားက သိပ်ယုံကြည်ပုံမရပေ။ ဒါကြောင့်ပဲ ဆိုဒ်ထဲသွားပြီး မောင့်အား သွားကြည့်နေတာများလား။ ကစားမယ်ဟု ပြောပြီး ထွက်သွားရင် အလုပ်တစ်ဖက်နဲ့ ခါးက လိုက်မကြည့်နိုင်တာကြောင့် သွားကစားနေတယ်လို့ပဲ ထင်တာ။ ဆိုဒ်ထဲ သွားသွားနေတာကိုး။

ခါး စိတ်မောသွားရသည်။ မောင်က မိန်းကလေးတစ်ယောက်နှင့် စေ့စပ်လိုက်ပြီတဲ့။ ဆိုဒ်ထဲမသွားဖို့ သားအား တင်းတင်းကျပ်ကျပ် တားမြစ်ရမည်။





"ခေါက် . . . ခေါက် . . . ခေါက်"

တံခါးခေါက်သံကြောင့် အိပ်ရာပေါ် လှဲနေရာမှ နေ့သစ် ထဖွင့်လိုက်တော့ မေမေ့ကို တွေ့ရသည်။

"ဖုန်းလာနေတယ်။ သားနဲ့ တွေ့ချင်လို့တဲ့"

နေ့သစ်ဖုန်းထားရာ စားပွဲသို့လာကာ ဖုန်းကို ကောက်ကိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို"

"ဟော့ကောင် . . . ငါပါကွ"

ထွက်လာသောအသံကို နေ့သစ် ချက်ချင်း ကျက်မိသွား သည်။

"ဟာ . . . အောင်မြင့် . . . မင်းကို ကုမ္ပဏီက နယ်လွှတ် ထားတယ်ဆို။ ဘယ်တုန်းက ပြန်ရောက်တာလဲ"

"မကြာသေးဘူးကွ။ မင်း ထွက်လာခဲ့ပါလား။ ငါတို့ ဆိုင် တစ်ဆိုင်မှာ ဆုံရအောင်"

"အေး . . . ထွက်ခဲ့မယ်လေ။ ဘယ်ဆိုင်မှာ ဆုံမလဲ"

"Mr. Guiter မှာပဲ ဆုံရအောင်"

"အေး . . . ငါ အဝတ်အစားလဲပြီး ထွက်လာခဲ့မယ်။ ဒါပဲနော်"

နေ့သစ် Mr. Guiter ရောက်တော့ အောင်မြင့်သာမက





ထွန်းဦးကိုပါ တွေ့ရသည်။ မတွေ့ရတာကြာပြီမို့ သူငယ်ချင်းတွေ ဖက်လှဲတကင်း နှုတ်ဆက်မိကြသည်။

သူတို့သုံးယောက်ထဲတွင် အောင်မြင့်တစ်ယောက်သာ ထူးထူးခြားခြား ဝလာသည်။ ဗိုက်ကလည်း ပူလို့။

"မင်းဗိုက် ဘယ်လိုဖြစ်တာလဲကွ"

"ကလေးနှစ်ယောက်အဖေ ဖြစ်နေပြီလေကွာ။ ဒီလောက် တော့ ရှိမှာပေါ့"

ထွန်းဦးက . . .

"ဘီယာဗိုက်ဆို ဘီယာဗိုက်လို့ ပြောလိုက်ပါကွာ။ ကလေး နှစ်ယောက်ရှိလို့ ဗိုက်ပူတာ မင်းမဟုတ်ဘူးကွ။ မင်းမိန်းမ ပူရမှာ"

"ဟဲ . . . ဟဲ . . . ဟဲ"

စားပွဲထိုးလေး ရောက်လာတာနှင့် သူတို့စကားစပြတ်သွား သည်။ အစားအသောက်တွေ မှာပြီး၍ စားပွဲထိုးလေး ပြန်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားတာနှင့် ထွန်းဦးက နေ့သစ်အား . . .

"မင်း စေ့စပ်သတင်း ဖတ်လိုက်ရတယ်ကွ"

"အေး"

"ငါတို့က မင်းကို မိန်းမမယူတော့ဘူးထင်နေတာ။ ဘယ်လိုက ဘယ်လိုတွေကြတာလဲ"

"မိဘချင်းသဘောတူကြတာပါ။ ငါ့ထက် ၅ နှစ်လောက်ငယ်တယ်"

"ကောင်းပါတယ်ကွာ၊ အိမ်ထောင်ပြုလိုက်တော့လည်း အခြေကျသွားတာပေါ့"

ထိုစဉ် အစားတွေမရောက်လာခင် အသောက်တွေ အရင်လာချတာမို့ အောင်မြင့်က ဘီယာဘူးကို တန်းဖောက်သည်။ သိပ်မကြာ မှာထားသော အစားအစာတွေ ရောက်လာသည်။

အရည်တွေရော အဖတ်တွေရော ဗိုက်ထဲ အတော်များ





များ ရောက်ကုန်သောအခါ သုံးယောက်သား မပြောဘဲ ကွင်းရှောင်ထားသော အကြောင်းအရာက ပါးစပ်ထဲ အလိုလိုရောက်လာတော့သည်။ အောင်မြင့်က . . .

"ပြီးခဲ့တဲ့အပတ်က ဆူးလေနားမှာကွာ တိုက်တိုက်ဆိုင်ဆိုင် ချိုလက်ဖြူတို့နဲ့ ဆုံတယ်၊ မင်း စေ့စပ်သတင်းကို သူတို့ ဖတ်ရတယ်တဲ့၊ ဝမ်းသာတဲ့အကြောင်း ပြောပေးပါတဲ့၊ ပြီးတော့ကွာ ငါ့ကို မေးတယ်။ ခါးပန်းတာမာသတင်းရော တစ်စွန်းတစ်စ ကြားသေးလားဆိုပဲ"

နေ့သစ်၏ ရီဝေဝေမျက်လုံးများ ရုတ်တရက် ကျယ်သွားသယောင်ရှိသည်။ အောင်မြင့်က အာလေးလျှာလေးနှင့် ဆက်ပြောသည်၊

"ငါလည်း ပိတ်ပေါက်ပစ်လိုက်တယ်၊ ဒီနှာမည် ငါ့ရှေ့မှာလာမပြောနဲ့လို့၊ သူတို့နှစ်ယောက်လည်း အေးပါ . . . အေးပါ ဆို



www.burmeseclassic.com

www.burmeseclassic.com



ပြီး ပါးစပ်ပိတ်သွားတယ်ကွ။ သိလား . . . နေ့သစ်"

အောင်မြင့်က စကားဆုံးလျှင် နေ့သစ်၏ ပခုံးစွန်းကို တဖပ်ဖပ်ရိုက်သည်။ ထွန်းဦးကလည်း အားကျမခံ ပြောတော့သည်။

"ခါးပန်းတမာဆိုမှကွ ငါ သတိရတယ်။ မင်း ထောင်ကျပြီး သိပ်မကြာဘူး။ သူလည်း ကျောင်းက ပျောက်သွားတယ်ကွ။ ကြည့်ရတာ မင်းတို့နှစ်ယောက်အကြောင်းကလည်း တစ်ကျောင်းလုံး ဟိုလေးတကြော်ဆိုတော့ ဒဏ်မခံနိုင်တော့လို့ ထွက်ပြေးတာဖြစ်လိမ့်မယ်။ ငါနဲ့အောင်မြင့်ကလည်း ဒီမိန်းမ မင်းကို ဘယ်လိုထောင်ကျအောင်လုပ်ခဲ့တဲ့အကြောင်း သိတဲ့လူမှန်သမျှ လိုက်ပြောတယ်ကွာ။ တစ်ကျောင်းလုံးကို ပတ်ပြီး ပြောတာ ဗီလိန်ဆိုတော့လည်းကွာ ကျောင်းပုရဝုဏ်ထဲမှာ ဘယ်လောက်ကြာအောင် နေနိုင်မှာလဲ ထွက်ပြေးရတာပဲကွ"

ပြောပြီး ထွန်းဦးက တစ်ချက်မော့ပြန်သည်။





နေ့သစ် သူတို့ပြောသမျှ ခေါင်းတညိတ်ညိတ်နှင့် နားထောင်ရင်း ဘီယာကိုသာ တစ်ခွက်ပြီး တစ်ခွက် မော့သောက်နေမိတော့သည်။

နေ့သစ် ကောင်းကင်ကို မော့ကြည့်လိုက်သည်။ မည်းမှောင်နေသော ကောင်းကင်က သိပ်မကြာခင် မိုးရွာတော့မည့်နိမိတ်ကို ပြနေသည်။ ညနေချိန်သည် မှောင်သော ကောင်းကင်ကြောင့် ညနှင့်မခြား အလင်းရောင်ပျောက်နေသည်။

အလုပ်သိမ်းချိန်မို့ အလုပ်သမားအချို့ပြန်သွားပြီ။ နေ့သစ် လက်ဆွဲအိတ်ကိုယူ၍ ကားပေါ် တက်လိုက်သည်။ လမ်းမှာ မိုးမမိလျှင် ကောင်းမည်။ လမ်းကြားဖြစ်၍ ချိုင့်ခွက်တွေများတာကြောင့် နေ့သစ် ကားကို ခပ်ဖြည်းဖြည်း မောင်းခဲ့သည်။

ရှေ့မှာ မြင်လိုက်ရသော မြင်ကွင်းကြောင့် နေ့သစ် မျက်မှောက်ကြုတ်လိုက်မိသည်။ ခါးနှင့် လူတစ်ယောက်။ ခါးက



www.burmeseclassic.com

www.burmeseclassic.com



ခပ်သွက်သွက်လှမ်းနေပြီး နံဘေးမှ လူမှာ ခါးနားကပ်၍ ဘာတွေပြောနေမှန်းမသိ၊ ရုတ်တရက် ခါး ခြေလှမ်းက ဖြတ်ခနဲ ရပ်သွားပြီး ထိုသူ၏ပါးကို ရိုက်ချလိုက်လေသည်။

နေ့သစ် ယောင်ယောင်ကန်းကန်းနှင့် ဘရိတ်ကို ဆောင့်နင်းလိုက်မိသည်။

ထိုသူက ဒေါသတကြီးဖြစ်သွားလျက် ခါး လက်မောင်းကို ဆွဲသည်။ ခါးကလည်း အတင်းရုန်း၍ ထိုသူကို ဆောင့်တွန်းသည်။ ထိုသူက ခါးကို အတင်းဖက်လေသည်။

နေ့သစ်စိတ်ထဲ ဒေါင်းခနဲဖြစ်သွားကာ ကားမီးကို စုံဖွင့်လိုက်ပြီး ကားကို သူတို့ရှေ့သို့ မောင်းဝင်လိုက်သည်။

နေ့သစ် ကားပေါ်မှ ဆင်းလိုက်ပြီး . . .

"ဟေ့ကောင် . . . မင်း ဘာလုပ်တာလဲ"

ထိုသူက သတ္တိတော့ သိပ်ရှိပုံမရပေ။ နေ့သစ်ကို





ပေစောင်းစောင်းကြည့်ကာ လှည့်ထွက်သွားသည်။

နေ့သစ် ခါးကိုကြည့်လိုက်သည်။ ကြောက်လန့်ရှိန် မပြယ်သေးသလို ခါး ခန္ဓာကိုယ်က တုန်ယင်နေသည်။ သူ့အား မျက်ရည်ဖုံးသော မျက်လုံးများဖြင့် ကြည့်နေလေသည်။

"မင်း . . . မသွားသေးဘူးလား"

ရုတ်တရက် ခါးက လက်အုပ်ချီလိုက်သောကြောင့် နေ့သစ်စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ ကျေးဇူးတင်စကား မပြောနိုင်လို့ အမူအရာနှင့် ကျေးဇူးတင်ကြောင်းပြတာပဲဆိုတာ သဘောပေါက်လိုက်သည်။

ထို့နောက် ခါးလှည့်ထွက်သွားသည်။ နေ့သစ် ကားထဲဝင်ထိုင်လိုက်ပြီး ခါး နောက်ကျောကို ငေးကြည့်နေမိသည်။ လမ်းချိုးထဲ ခါး ဝင်ရောက်ပျောက်ကွယ်သွားမှ သူ မျက်လုံးစုံမှိတ်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲ မကောင်းပါ။

ဒေါ်နီလာ၏ စေခိုင်းချက်အတိုင်း သူမက သူ့အား ချစ်ဟန်ဆောင်ခဲ့သည်။ သူ့အချစ်တွေကို လိမ်ညာယူသည်။ ပြီးတော့ သူ့ကို ထောင်ထဲအရောက်ပို့သည်။ မိန်းမတစ်ယောက်၏ လိမ်လည်လှည့်ဖြားအသုံးချတာ ခံလိုက်ရခြင်း။ သူမကို ယုံကြည်ခဲ့သည့်အတွက် အသည်းနှင့်ဖအောင် ချစ်ခဲ့သည့်အတွက် သူ့ကိုယ်သူ ပင် ပြန်မုန်းမိသည်။

အချစ်မရှိတဲ့မိန်းမပဲ။ အေးစက်ပြီး အနှစ်မရှိတဲ့ နှလုံးသားကို ရင်ထဲ ထည့်သိမ်းထားတဲ့ မိန်းမ။

ဒီမိန်းမကို သူ မျက်နှာလွှဲခဲပစ် မလုပ်နိုင်သေးပါလား။

မဟုတ်ဘူး။ လူမဆန်တဲ့မြင်ကွင်းတစ်ခုကို မျက်နှာမလွှဲနိုင်တာသာ ဖြစ်လိမ့်မယ်။ သူ့ကိုယ်သူ အယူခံပြန်ဝင်လိုက်မှ အနည်းငယ် စိတ်သက်သာရာရသွားသည်။





နေ့သစ် သက်မောတစ်ခုရှူလိုက်မိရင်း ကားမောင်းထွက်ခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့ ကောင်းသစ်၏ (၇)နှစ်ပြည့်မွေးနေ့။

ဘုန်းကြီးကျောင်းသို့ ဆွမ်းချိုင့်ပို့တာကလွဲလျှင် ထွေထွေ ထူးထူးတော့ မလုပ်ဖြစ်ပါ။

စူပါမင်းအကျီဝယ်ပေးဟု သ ားက ပူဆာတာကြောင့် စူပါမင်းဝတ်စုံလေး ဝယ်၍ ပေးဝတ်ထားရသည်။ ကောင်းသစ်မှာ မှန်ရှေ့ရပ်ကြည့်ရတာ အမော။

"မေမေ . . . ဒီမှာကြည့် . . . မိုက်လား"

ဘယ်လက်ကို ခါးထောက်၊ ညာလက်ကို လက်သီးဆုပ် ၍





မိုးပေါ်ထောင်ကာ သားက စူပါမင်းကားထဲကလို မိုးပေါ်ပျံတက် တော့မည့်ဟန် လုပ်ပြသည်။

ခါးက လက်မထောင်ပြတော့ သားက သိပ်ကျေနပ်သွား သလို ပါးချိုင့်တွေပေါ်အောင် ပြုံးသည်။ ထို့နောက် ခါးကို ပြေးဖက် လေသည်။

သား၏ ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန် မွှေးပစ်လိုက် တော့ သားက နှာခေါင်းရှုံ့သည်။ သူ့ပါးကို မွှေးတာ မကြိုက်၍ ဖြစ် သည်။

"မေမေ သား သွားကစားလိုက်ဦးမယ်"

ခါး ခေါင်းညိတ်ပြလိုက်သည်။ သူ့စူပါမင်းအကျီကို သူငယ်ချင်းတွေအား ကြွားချင်နေမှန်း ခါး သိတာမို့ သားအား ချစ် စနိုးဖြင့် ပြုံးမိသည်။

ပြေးထွက်သွားသော သား၏ကျောပြင်သေးသေးလေးကို



www.burmeseclassic.com

www.burmeseclassic.com



ပေးကြည့်ရင်း မောင်၏မျက်နှာအား မြင်ယောင်လာသည်။

မောင့်သားလေး ၇ နှစ်ပြည့်ပြီ မောင်။

၁ နဲ့ ၁ ပေါင်းရင် ၂ ရမှာပဲလို့ တရားသေတွက်လို့ ရတဲ့ ပုစ္ဆာတွေထဲမှာ နှလုံးသားပုစ္ဆာ မပါဘူး မောင်ရယ်။

မောင့်ဘဝကို ဖျက်ဆီးဖို့အတွက် အမုန်းအဆိပ်တွေ ပက်ထားတဲ့ ခါး နှလုံးသားကွင်းပြင်မှာ အချစ်သစ်ပင်မပေါက်ရဘူးလို့ ဘယ်သူတားနိုင်မှာလဲ။

ခါးလည်း အချစ်ရှိတဲ့လူသားတစ်ယောက်လေ။

ခါးရင်ထဲက အချစ်တွေကို အပြစ်ထင်နေတဲ့ မောင့်မျက်လုံးတွေက ဘယ်တော့မှ မြင်နိုင်မှာ မဟုတ်ပါဘူး။

ရင်ထဲကအချစ်တွေကို ထာဝရ သိမ်းထားလိုက်တော့မယ် မောင်ရယ်။

ခါး သက်ပြင်းချမိသည်။ စိတ်ထဲ၌ မောင့်အား အရမ်း





တွေ့ချင်လာမိသည်။ ဦးနောက်က ချီတုံချတုံ ဝေခွဲမရဖြစ်နေဆဲ နှလုံးသားက အလေးသာသွားသောအခါ သူမ ခြေလှမ်းများ မောင်ရှိရာ ဆိုဒ်ဆီသို့ ဦးတည်ပြီးသားဖြစ်နေသည်။

ကြီးမားသော ကုက္ကိုပင်ကြီး၏ ပင်စည်သည် ခါးတစ်ကိုယ်လုံးကို လုံခြုံအောင် ကာကွယ်ထားပေးသည်။

ခါး မောင့်အား မျှော်ကြည့်နေမိသည်။ ဆောက်လက်စ အဆောက်အအုံ၏ ဒုတိယထပ်တွင် အလုပ်သမားတွေအား ညွှန်ကြားနေသော မောင့်ကို တွေ့ရသည်။ ရှင်းသန့်တည်ကြည်နေသော မောင့်၏ပုံက ခါးအမြင်မှာ ခံ့ခံ့ညားညား ရှိလှသည်။

မြင်ကွင်းက ရုတ်တရက် ဝါးသွားသည်။

မျက်ရည်တွေက နှလုံးသား၏ သွေးစက်တွေအနေနှင့် မျက်ဝန်းအိမ်ထဲ ပြည့်အိုင်လာပါပေါ့လား။

မောင့်ဆီမှ အကြည့်လွှဲကာ ပင်စည်ကြီးအား ကျောကပ်



www.burmeseclassic.com

www.burmeseclassic.com



မှိုလိုက်တော့ မျက်ရည်တွေက တပေါက်ပေါက်ကျဆင်းသွားသည်။

နောက်ဆုံးပဲ မောင် ဘယ်တော့မှမတွေ့ကြတော့ဘူးနော်။ ဒါ ခါး ဘဝရဲ့နောက်ဆုံးမျက်ရည်တွေပဲ ဖြစ်ပါစေတော့။

ကောင်းကင်ပြင်၌ တိမ်မည်းညိုတွေက ကြောက်မက်ဖွယ် ကောင်းအောင် အုပ်ဆိုင်းလာသည်။ ခပ်ကြမ်းကြမ်းတိုက်ခတ်လိုက် သော လေပြင်းတွေက မိုး၏အတိတ်နိမိတ်ကို သယ်ဆောင်လာ သည်။

နောက်ဆုံးအနေနှင့် ခါး မောင့်မျက်နှာကို လှမ်းမျှော် ကြည့်လိုက်သည်။ အရင် ရပ်နေသောနေရာတွင် မောင့်ကို မတွေ့ တော့။ ခါးရင်ထဲ ဟာခနဲဖြစ်သွားသည်။ ဟိုဒီဝေ့ဝဲရှာကြည့်လိုက် သည်။ ထိုစဉ် ခါးမြင်ကွင်းထဲ ဝင်လာတာက စုပါမင်းဝက်စုံလေးနှင့် သားလေး။

သားသည် အလုပ်သမားတွေ မရှိသော အဆောက်အအုံ





၏ ထောင့်ချိုးလေးမှ ပုန်းလျှိုးကွယ်လျှိုးထွက်လာကာ ဟိုဒီ ကြည့် နေသည်။

မိုး၏ရှေ့ပြေးအဖြစ် လေတွေက ပြင်းထန်စွာ တိုက်ခတ် လာသည်။ ဆင်ထားသောငြမ်းသည် တလှုပ်လှုပ်နှင့် တုန်ခါသွား သည်။

သားကိုကြည့်ရင်း ခါး၏ စိုးရိမ်မှုက ငယ်ထိပ်သို့ ပြေး တက်ဆောင့်သည်။ အပေါ်မှနေ၍ တစ်စုံတစ်ခုပြုတ်ကျလာမှုဖြင့် . . .

အတွေးမဆုံးလိုက်ရ။ ခါး ခေါင်းထဲ ဘာမှမမြင်တော့ သား ဆီ အပြေးတစ်ပိုင်း ထွက်လာပြီးသား ဖြစ်သည်။

သား . . . လာခဲ့ ဟု အော်ခေါ်လိုက်ချင်စိတ်က သူမစိတ် ထဲ အလုအယက် ထိုးထွက်လာသည်။ အလောတကြီး လျှောက် နေရင်းနဲ့ကို သားဆီ ချက်ချင်းကြီး ရောက်မသွားခြင်းအပေါ် အလိုမကျ။



www.burmeseclassic.com

www.burmeseclassic.com



လေက ပြင်းထန်စွာ တိုက်ခတ်လိုက်ခြင်းနှင့်အတူ မြမ်းတွေက တလှုပ်လှုပ် တုန်ခါသွားပြန်သည်။ မြမ်းပေါ်မှ၍ ထောင်ထားသော တိုင်ပုံစံလောင်းသည့်သစ်သားပြားကြီးများက သား၏ ခေါင်းပေါ်သို့ တည့်တည့် . . .

"သား"

ခါးဆီမှ လွင့်ထွက်လာသော အသံနှင့်အတူ သားအား အုပ်မိုးဖက်တွယ်လိုက်သည်။ ခါး၏ကိုယ်ပေါ်သို့ ကျဆင်းလာသည့်အရာတွေ။ ပြင်းထန်သော နာကျင်မှုနှင့်အတူ အသိတရားသည် ဦးနှောက်ထဲမှ ထွက်ခွာသွားတော့သည်။





နေ့သစ် ဆေးရုံ၏ ကော်ရီတာလက်ရန်းမှနေ၍ သည်းထန်စွာ ရွာနေသော မိုးရေပြင်ကြီးထဲ ငေးကြည့်နေမိသည်။ ကြက်မကြီးက ကြက်သားငယ်ကို အုပ်၍ကာကွယ်သလို သူမ၏သားကို ကာကွယ်သွားသော ခါး၏ပုံစံက သူ့မျက်လုံးထဲမှ မထွက်နိုင်အောင်ရှိသည်။

အခု ခါးက အရေးပေါ်ခန်းထဲမှာ။

သူ့ဆိုဒ်ထဲ မတော်တဆဖြစ်သွားတာမို့ တာဝန်အရှိဆုံးလူအနေဖြင့် သူ လိုက်ပါလာရသည်။



www.burmeseclassic.com

www.burmeseclassic.com



အရေးပေါ်ခန်းထဲမှ ဘယ်လိုအဖြေမျိုး ထွက်လာမလဲ။

ဘာပဲဖြစ်ဖြစ် သားသမီးအား အသက်စွန့် ကာကွယ်လိုက်သော မိခင်တစ်ယောက်အနေဖြင့် ခါးအား လေးစားမိပါသည်။

သူ အရေးပေါ်ခန်းရှေ့သို့ ပြန်လာခဲ့သည်။ ဘွားအုန်းက ဘုရားစာ တတွတ်တွတ် ရွတ်နေသည်။ ကိုဖိုးမောင်၏ ပေါင်ပေါ်တွင် ကောင်းသစ်က ထိုင်နေသည်။

ကောင်းသစ်မှာလည်း ပွန်းပဲ့ဒဏ်ရာအချို့ရသည်မို့ သူနာပြုဆရာမလေးက ဆေးထည့်ပေးထားသည်။ ပလပ်စတစ်ကပ်ထားသည့်နေရာအချို့နှင့် ကောင်းသစ်ပုံစံလေးက သနားစရာ ဖြစ်နေသည်။

နေ့သစ် နံရံကို ကျောမှီရပ်လိုက်သည်။

ထိုစဉ် ထွက်ပေါ်လာသော ဒေါက်ဖိနပ်သံကြောင့် သူ လှည့်ကြည့်လိုက်တော့ ဒေါ်နီလာ(အန်တီလေး)ကို တွေ့ရသည်။





ဒေါ်နီလာက ဘွားအုန်းရှေ့ရပ်ကာ . . .

"ကျွန်မက ခါးရဲ့ အရင်အုပ်ထိန်းသူပါ"

"ကြော်"

"ခါး ကျွန်မဆီက ထွက်သွားပြီး အန်တီတို့အိမ်မှာနေကတည်းက ကျွန်မ အဝေးကနေ စောင့်ရှောက်နေခဲ့တာ။ အန်တီ့ဆီမှာ သူ ပျော်နေတာမြင်တာကြောင့် ကျွန်မ လူလုံးထွက်မပြခဲ့တာပါ။ အရေးကြီးကိစ္စတစ်စုံတစ်ရာရှိရင် ကျွန်မကို ဆက်သွယ်ပေးပါ။ ကျွန်မ အစစအရာရာ ကူညီပါ့မယ်။ ဒီမှာ လိပ်စာကတ်ပါ"

"ကျေးဇူးတင်ပါတယ်ကွယ်"

"ကျွန်မကို ခွင့်ပြုပါဦး"

"ကောင်းပါပြီကွယ်"

ဒေါ်နီလာ၏ ခြေလှမ်းများသည် နေ့သစ်ရှေ့သို့အရောက်တွင် ရပ်တန့်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကြည့်လာသော ဒေါ်နီလာအား နေ့သစ် ခပ်တည်တည် ပြန်ကြည့်လိုက်သည်။

"သွေးဆိုတာ မခေါ်လို့ရတယ်၊ မတော်လို့ မရဘူးတဲ့။ ဒီစကားကို မင်း လက်ခံလား"

သူ မေးတာအား ပြန်မဖြေဘဲ ဒီမိန်းမကြီး ဘာတွေလာပြောနေပါလိမ့်။ ရူးများရူးသွားပြီလားဆိုသည့် အဓိပ္ပာယ်မျိုးပေါ်အောင် နေ့သစ် ကြည့်လိုက်သည်။

ဒေါ်နီလာကလည်း သဘောပေါက်ပုံပါ။ နေ့သစ်အား သူငယ်နပ်စားတစ်ယောက်ကို ကြည့်သလို ပြုံး၍ ပြန်ကြည့်သည်။

"မင်းမသိသေးတဲ့ အမှန်တရားတစ်ခုကို ငါက ပြောပြချင်ရုံသက်သက်ပါ။ ဟိုမှာတွေ့လား"

ဒေါ်နီလာလက်ညှိုးညွှန်ပြရာ သူ ကြည့်လိုက်တော့ ကောင်းသစ်ကို တွေ့ရသည်။





"အဲဒါ မင်းရဲ့သားပဲ"

နေ့သစ်နားထဲ အုန်းခနဲ ပွင့်ထွက်သွားသလို ရှိသည်။

"ဘာ . . . ခင်ဗျား မဟုတ်တာတွေ ပြောဖို့ မကြိုးစားနဲ့"

"ယုံတာ မယုံတာ မင်းအပိုင်းပါ။ ဒါပေမဲ့ အဲဒါအမှန်တရားပဲ"

အံ့ဩထိတ်လန့်ဟန် နေ့သစ်၏မျက်နှာကို တစ်ချက်ကြည့်ကာ ဒေါ်နီလာက လှည့်ထွက်သွားလေသည်။

ကောင်းသစ်မျက်နှာအား နေ့သစ် မယုံနိုင်စွာကြည့်လိုက်မိသည်။ ဒါဟာ . . . ဒါဟာ . . . တကယ်သာ အမှန်ဆိုရင် . . .

"ဟုတ်တယ် . . . မောင်နေ့သစ်။ ကောင်းသစ်က မင်းရဲ့သားပါ။ ဘွားအုန်းကို ခါးကိုယ်တိုင် ပြောပြထားတာ"

သူ့ရင်ထဲ ဆို့တက်လာသည်။ သူ့မှာ သားတစ်ယောက် ရှိနေခဲ့တာလား။ သူ့ရဲ့သားကို ဒီလောက်ထိ ကြီးပြင်းလာအောင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း မွေးမြူစောင့်ရှောက်ခဲ့ရတာလား။

ကောင်းသစ်က မျက်လုံးပြူးလေးနှင့် သူ့အား ကြည့်နေသည်။ နေ့သစ် ကလေးရှေ့တွင် မုဆိုးဒူးထောက်ထိုင်ပြီး ပန်း ကျည်းကျည်းလေးအား ဆုပ်ကိုင်လိုက်မိသည်။

"တကယ်ပဲ မင်းဟာ ငှါရဲ့သားလားကွာ"



BURMESE CLASSIC .com



မိုးရွာပြီးစ ညနေခင်းသည် အရောင်စိုစိုတွေချည်း သုံးထားသော ပန်းချီကားတစ်ချပ်လို လှပသစ်လွင်နေသည်။

"သား . . . ရော်လဲမယ်လေ မပြေးနဲ့"

"ပြေးပါစေ ခါးရာ။ တစ်ခါရော်လဲဖူးသွားမှ နောက်တစ်ခါ ဒီလိုပြေးရင် ဒီလိုရော်လဲတတ်ပါလား သိသွားမှာ"

"ဟင့်အင်း . . . သားနာသွားမှာပေါ့ မောင်ကလည်း"

မောင်က ခါးကိုကြည့်ပြီး ပြုံးသည်။ ဘာမှတော့ ဆက်မပြောပေ။ မိုးရွာပြီးစမို့ထင်၏ အင်းလျားကန်ဘောင်ပေါ်၌ လူနည်း



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ တသုန်သုန်တိုက်လာသော လေအေးကြောင့် ခါး အမွှေး ထည်အင်္ကျီကို ဆွဲစိလိုက်သည်။

"အေးလို့လား ခါး"

"နည်းနည်းပါ"

မောင်က ခါး ပခုံးအား သိုင်းဖက်လိုက်ကာ သူ့ဘက်ကို ဆွဲကပ်လိုက်ရင်း . . .

BURMESE CLASSIC .com

"နွေးသွားလား"

ခါး ခေါင်းညိတ်ပြတော့ မောင်က ကျေနပ်ပြုံးပြုံးသည်။ မောင့်ပခုံးပေါ် ခေါင်းကို ဖေးတင်လိုက်ရင်း ခါးလည်း ပြုံးမိသည်။

သား၏ကိုယ်ပေါ် သစ်သားပြားကြီးတွေ ပြုတ်ကျခါနီး စိုးရိမ်စိတ်ဖြင့် သားဟု အော်ခေါ်လိုက်စဉ်တွင် ခါး အသံ ပွင့်ထွက် သွားခဲ့သည်။ အခုတော့ ခါး စကားပြန်ပြောနိုင်ခဲ့ပြီ။

"မောင် . . . ခါးကို တကယ်ခွင့်လွှတ်နိုင်ရဲ့လား"





"ဪ . . . ဒီမေးခွန်းကို မေးပြန်ပါပြီ ခါးရယ်။ မောင် ခွင့်လွှတ်နိုင်တဲ့အကြောင်း ဘယ်နှကြိမ်ပြောပြရမှာလဲ။ မောင့်ရဲ့ သားလေးကို မွေးဖွားနိုင်ဖို့ ခါး ဒေါနီလာဆီက ထွက်ပြေးခဲ့တာတွေ၊ ပြီးတော့ ဒီလို ဆင်းဆင်းရဲရဲဘဝနဲ့ သားကို ကျွေးမွေးစောင့်ရှောက် ခဲ့တာတွေ၊ ဒါတွေနဲ့တင် အပြစ်တွေအားလုံး သင်ပုန်းချေနိုင်ပါ တယ်။ ပြီးတော့ မောင်တို့နှစ်ယောက်လုံးဟာ ကိုယ်နှင့် မဆိုင် တဲ့ အညိုးအတေးတွေကြောင့် စတေးခံခဲ့ရတာပဲလေ။ မကောင်းတဲ့ အတိတ်တွေအားလုံးကို မေ့ပစ်လိုက်တာ ကောင်းတယ်။ နောက် တစ်ခါ ဒီမေးခွန်းကို ဘယ်တော့မှ မမေးတော့ဘူးလို့ မောင့်ကို ကတိပေး။ မောင် ဖြေရတာ မောတယ်"

ခါး ခေါင်းညိတ်ပြလိုက်မိသည်။

"ခါးလေ . . . မောင့်ကို သိပ်ချစ်တယ်။ မောင်နဲ့ခါးဟာ ဘယ်တော့မှ မဆုံနိုင်တော့မယ့်သူတွေလို့ ယုံကြည်ခဲ့တော့ ခါး



www.burmeseclassic.com

www.burmeseclassic.com



အချစ်တွေအားလုံးကို သားဆီ ပုံခဲ့ရတယ်။ သားက မောင့်ရဲ့ကိုယ်ပွား။ ပြီးတော့ လောကကြီးထဲမှာ ဆွေမျိုးရယ်လို့ လက်ညှိုးထိုးပြစရာမရှိတဲ့ ခါးရဲ့တစ်ဦးတည်းသော သားလေး၊ ဘဝမှာ အလှည့်အပြောင်းတွေ သိပ်များခဲ့တော့ ဘယ်အရာကိုမှ တရားသေ မယုံကြည်နိုင်ခဲ့ဘူး။ ခါး သိပ်ကြောက်တယ်၊ အခု ခါးဘေးမှာ မောင်ရှိတယ်၊ နောက်တော့ ဘယ်အချိန် မောင် ပျောက်သွားမှာလဲ"

ခါး၏မျက်နှာအား နေ့သစ် သနားကြင်နာစွာ ကြည့်လိုက်သည်။ လောကဓံ၏အထုအထောင်းများစွာက ခါးစိတ်အား အမာရွတ်တွေ ထင်ကျန်စေခဲ့ပုံပင်။

"မဟုတ်တာ ခါးရဲ့ ခါးဘေးကနေ မောင် ဘယ်တော့မှ ထွက်ခွာသွားမှာ မဟုတ်ဘူး။ ခါးရယ်၊ မောင်ရယ်၊ သားလေးရယ် ဒီမိသားစုဘဝလေး မပြိုကွဲအောင် မောင် တည်ဆောက်မှာ။





ဒီတော့ ခါး သိထားရမှာက ခါးဘဝရဲ့နောက်ထပ်အလှည့်အပြောင်းတွေက ပျော်စရာချည်းဖြစ်လာတော့မှာ . . . ဟုတ်ပြီလား"

ခါး ကြည်ကြည်နူးနူး ပြုံးလိုက်မိသည်။ ထိုစဉ် . . .

"မေမေရေ . . . ဟိုမှာကြည့်ပါဦး လှလိုက်တာ"

အမောတကော ပြေးလာကာ ပြောသော သားကြောင့် ခါးတို့လည်း သားညွှန်ပြရာ ကြည့်လိုက်သည်။

ကောင်းကင်တွင် ပေါ်ထွန်းနေသော သက်တံကြီး။

ခါးရင်ထဲ အေးချမ်းသွားမိသည်။ ကံကောင်းခြင်းနိမိတ်လေလား။ ခါးဘဝလည်း သက်တံရောင်စဉ်တွေ ဖြာကျနေပြီမဟုတ်လား။

လဝန်းသာသာ

15.May.2012

9:00PM



BURMESE CLASSIC .com
www.burmeseclassic.com